ကြေးမုံ
The Mirror Daily
Established in 1957

**အမြဲတည်ခြင်းသည် မရှိချေ**

အရိုးစု ၃၀၀ တို့ဖြင့် ဖွဲ့စည်းထားအပ်သော ဤခန္ဓာကိုယ်သည် အဆန်းတကြယ်ပြုလုပ်အပ်သော အရုပ်နှင့်တူ၏။ နာကျင်တတ်သောသဘောရှိ၏။ ယင်းခန္ဓာကိုယ်သည် ကုန်ဆုံးပျက်စီးခြင်းသို့ ရောက်ရ၏။ အမြဲတည်ခြင်းသည် မရှိချေ။ (ခန္ဓာကိုယ်သည် ကုန်ဆုံးပျက်စီး၍ အတည်မဲ့သောသဘောရှိသဖြင့် မစွဲလမ်း မနှစ်သက်အပ်ချေ။)

ဇရာဝဂ်(ဓမ္မပဒ-၁၄၇)

၁၃၈၂ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁၄ ရက်၊ စနေနေ့။ Saturday, 28 November 2020 ၁၀၂၁၀

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် (၁၇)ကြိမ်မြောက် တရုတ်-အာဆီယံ ကုန်စည်ပြပွဲနှင့် (၁၇)ကြိမ်မြောက် တရုတ်-အာဆီယံ စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှုထိပ်သီးအစည်းအဝေး ဖွင့်ပွဲအခမ်းအနားသို့ ဗီဒီယိုမိန့်ခွန်းပြောကြား

နေပြည်တော် နိုဝင်ဘာ ၂၇

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်သည် ယနေ့ နံနက်ပိုင်းတွင် နန်နင်းအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန၌ ကျင်းပပြုလုပ်သည့် (၁၇)ကြိမ်မြောက် တရုတ်-အာဆီယံ ကုန်စည်ပြပွဲနှင့် (၁၇) ကြိမ်မြောက် တရုတ်-အာဆီယံ စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှုထိပ်သီးအစည်းအဝေးဖွင့်ပွဲအခမ်းအနား၌ ဗီဒီယိုမိန့်ခွန်းပြောကြားခဲ့သည်။

ဖွင့်ပွဲအခမ်းအနားသို့ တရုတ်ကွန်မြူနစ်ပါတီဗဟိုကော်မတီ၊ နိုင်ငံရေးဗျူရိုအဖွဲ့ဝင်နှင့် ဗဟိုပြည်ပရေးရာ လုပ်ငန်းကော်မရှင်ရုံး ညွှန်ကြားရေးမှူး မစ္စတာ ရန်ကျဲ့ချီ၊ ကွမ်ရှီးကျွမ့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ကွန်မြူနစ်ပါတီအတွင်းရေးမှူး မစ္စတာ လုရှင်းရှဲ့၊ တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး မစ္စတာလျိုကျိုးဟွေ့၊ တရုတ်စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန လက်ထောက်ဝန်ကြီး မစ္စတာ လီချန်းကန်း၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးမျိုးသန့်ဖေ၊ နန်နင်းမြို့ မြန်မာကောင်စစ်ဝန်ချုပ်ရုံး ယာယီတာဝန်ခံ၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ အဆင့်မြင့်အရာရှိကြီးများနှင့် စီးပွားရေးလုပ်ငန်းရှင်များ တက်ရောက်ကြသည်။

ဖွင့်ပွဲအခမ်းအနားတွင် တရုတ်ကွန်မြူနစ်ပါတီဗဟိုကော်မတီ၊ နိုင်ငံရေးဗျူရိုအဖွဲ့ဝင်နှင့် ဗဟိုပြည်ပရေးရာ လုပ်ငန်းကော်မရှင်ရုံး ညွှန်ကြားရေးမှူး မစ္စတာ ရန်ကျဲ့ချီက အဖွင့်အမှာ စကားပြောကြားခဲ့သည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆



နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် (၁၇)ကြိမ်မြောက် တရုတ်-အာဆီယံ ကုန်စည်ပြပွဲနှင့် (၁၇)ကြိမ်မြောက် တရုတ်-အာဆီယံ စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှုထိပ်သီးအစည်းအဝေး ဖွင့်ပွဲအခမ်းအနား၌ ဗီဒီယိုမိန့်ခွန်းပြောကြားစဉ်။

**အာဆီယံနဲ့ တရုတ်နိုင်ငံအကြား ကုန်သွယ်မှုပမာဏဟာ ၂၀၁၉ ခုနှစ်မှာ အမေရိကန် ဒေါ်လာ ၅၀၇ ဒသမ ၉ ဘီလီယံရှိပြီး အာဆီယံ စုစုပေါင်း ကုန်သွယ်မှုရဲ့ ၁၈ ရာခိုင်နှုန်းရှိသလို တရုတ်နိုင်ငံမှ အာဆီယံသို့ နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုဟာ ၂၀၁၉ ခုနှစ်မှာ အမေရိကန် ဒေါ်လာ ၉ ဒသမ ၁ ဘီလီယံရှိပြီး အာဆီယံ စုစုပေါင်း နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုပမာဏရဲ့ ၅ ဒသမ ၇ ရာခိုင်နှုန်းရှိတာကို ကျေနပ်အားရဖွယ်တွေ့မြင်ရ**

ကြေးမုံ ယနေ့ ဖတ်စရာ

**သမိုင်းအစဉ်အလာ ကြီးမားခဲ့သော ရန်ကုန်တက္ကသိုလ်၏ ကျောင်းသားများသမဂ္ဂ**

ဆောင်းပါး စာမျက်နှာ » ၈

**အမေရိကန်နိုင်ငံ၌ အလုပ်လက်မဲ့ဦးရေ ခန့်မှန်းထားသည်ထက် ပိုမိုများပြား**

စာမျက်နှာ » ၁၃

**ရန်ကုန်ပြည်သူ့ဆေးရုံကြီးတွင် ဆေးကုသမှုခံယူနေသည့် လူနာများအတွက် လူနာစောင့်တစ်ဦး လိုက်ပါစောင့်ရှောက်ခွင့်ပြုထား**

စာမျက်နှာ » ၂၀

COVID-19 ကုသရေး အတွက် သက်သာသောဈေးနှုန်းဖြင့် ဝန်ဆောင်မှုပေးလျက်ရှိပါသည်။



အောက်ဆီဂျင် (ဆေးရုံ / လုပ်ငန်းသုံး) တတ်ငွေ့များအား သျှိုသာသော ဈေးနှုန်းများဖြင့် ၂၄-နာရီ (ပိတ်ရက်မရှိ)စက်ရုံမှ တိုက်ရိုက်ဖြန့်ဖြူး ရောင်းချပေးလျက်ရှိပါသည်။



အောက်ဆီဂျင်နှင့် ပိုးသတ်ဆေးထုတ်ရုံ (ပင်သစ်)

တတ်ငွေ့စက်ရုံ (မန္တလေး)

ကြေးမုံ

# ရောဂါကာကွယ်ထိန်းချုပ်ရေး အစဉ်လိုက်နာ

ကမ္ဘာတစ်ဝန်း၌ ကိုဗစ်-၁၉ ကူးစက်ရောဂါ ဖြစ်ပွားနေသည်မှာ တစ်နှစ်ပတ်လည်ပင် ပြည့်တော့မည် ဖြစ်သည်။ တစ်နှစ်တာကာလ ယနေ့အချိန်အထိ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသည့် ကမ္ဘာ့ပြည်သူသန်းပေါင်း ၆၀ ကျော်ရှိပြီး သေဆုံးသူပြည်သူ တစ်သန်းခွဲခန့်အထိ ရှိလာပြီဖြစ်သည်။ ထို့ကြောင့် မြန်မာနိုင်ငံအပါအဝင် ကမ္ဘာတစ်ဝန်းမှ ပြည်သူအားလုံး ကိုဗစ်-၁၉ ရောဂါ အဆုံးသတ်မည့်ကာလသို့ အမြန်ဆုံးရောက်ရှိနိုင်ပါစေဟု မျှော်လင့်ဆုတောင်းနေကြသည်။

ကမ္ဘာပေါ်တွင် ကူးစက်မြန်ကပ်ရောဂါများ ဖြစ်ပွားခဲ့မှုသမိုင်းဖြစ်စဉ်သဘောအရ အချို့ရောဂါဖြစ်မှုသည် အချိန်ကာလအတိုင်းအတာတစ်ခုရောက်လျှင် တဖြည်းဖြည်း ပါးလျားကွယ်ပျောက်သွားတတ်ပြီး အချို့ကူးစက်ရောဂါတို့သည် ကမ္ဘာပေါ်ရှိ သက်ရှိလူသတ္တဝါများကြားတွင် အတူတကွအမြဲရှိနေတတ်ကြသည်။ ဆိုလိုသည်မှာ ကူးစက်ရောဂါသစ်တစ်မျိုးမျိုးသည် လူသတ္တဝါများနှင့်အတူ ရှိနေခြင်းဖြစ်သည်။ ဒုတိယရောဂါအမျိုးအစားဖြစ်လျှင် ရောဂါနှင့်လူသတ္တဝါများ အတူရှိနေပြီး ထိုရောဂါမကူးစက်စေရန် သတိမူနေထိုင်ခြင်းနှင့် ကာကွယ်ဆေးထိုးခြင်းတို့ ဆောင်ရွက်ကြရမည်ဖြစ်သည်။

မျက်မှောက်ကာလ ပြည်သူများရင်ဆိုင်ကြုံတွေ့နေရသော ကူးစက်မြန်ကပ်ရောဂါသည် ဒုတိယရောဂါအမျိုးအစားဖြစ်၍ ရောဂါနှင့်အတူ နေထိုင်နိုင်ရန် ကျန်းမာရေးစည်းမျဉ်းများကို လိုက်နာရေး၊ ကာကွယ်ဆေးထိုးနှံရေးတို့ကို ဆောင်ရွက်ကြမည်ဖြစ်သည်။ ကမ္ဘာပေါ်တွင် ကိုဗစ်-၁၉ ရောဂါ စတင်ဖြစ်ပွားသည်နှင့် ကမ္ဘာ့နိုင်ငံကြီးများသည် အဆိုပါရောဂါကာကွယ်ဆေးများကို ရှာဖွေစမ်းသပ်သုတေသနပြုလုပ်ခဲ့ကြသည်။ ယခုအခါ နိုင်ငံအတော်များများတွင် ယုံကြည်စိတ်ချ၍ အသိအမှတ်ပြုနိုင်သည့် ကာကွယ်ဆေးများ အောင်မြင်စွာ ထုတ်လုပ်နိုင်ပြီး ဖြန့်ဝေနိုင်တော့မည့်အဆင့်သို့ပင် ရောက်ရှိနေပြီ ဖြစ်သည်။

မြန်မာနိုင်ငံအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးရရှိရေးကို အစွမ်းကုန်အလေးထားဆောင်ရွက်နေပြီး ဘေးထွက်ဆိုးကျိုးနည်း၍ စွမ်းရည်ထက်မြက်သည့် ကိုဗစ်-၁၉ ကာကွယ်ဆေးများရရှိလာပါက ပြည်သူ ပြည်သားများအား ဦးစားပေးအစီအစဉ်အလိုက် ဆေးထိုးနှံနိုင်ရေးအစီအမံများကို စနစ်တကျစီစဉ်ဆောင်ရွက်နေပြီ ဖြစ်သည်။ ကာကွယ်ဆေးများရရှိရေးအတွက် Gavi, The Vaccine Alliance အဖွဲ့၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့တို့နှင့် အချိန်နှင့်တစ်ပြေးညီ ဆွေးနွေးညှိနှိုင်းဆောင်ရွက်နေသည်။

မြန်မာနိုင်ငံသည် ဖြစ်ပေါ်ခဲ့သော ကူးစက်ရောဂါများနှင့်ပတ်သက်၍ ကာကွယ်ဆေးထိုးခြင်းလုပ်ငန်းများကို စနစ်တကျအောင်မြင်စွာဆောင်ရွက်ခဲ့သော ဆေးပညာသမိုင်းမှတ်တမ်းများရှိသည်။ ကာလဝမ်းရောဂါ၊ ကျောက်ရောဂါ၊ ဝက်သက်ရောဂါ စသည့်ရောဂါများအတွက် ပြည်သူများအား ကာကွယ်ဆေးများ ထိုးနှံပေးနိုင်ခဲ့သည်။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသည် ကိုဗစ်-၁၉ ကာကွယ်ဆေးများ စတင်ရရှိပါက လူနာများကို ကိုင်တွယ်ကုသပေးနေသည့် ကျန်းမာရေးဝန်ထမ်းများကဲ့သို့ ရောဂါကူးစက်နိုင်ခြေများပြားသူများ၊ အသက်အရွယ်ကြီးပြီး ရောဂါအခံရှိသူများ၊ နေရာဒေသအလိုက် ရောဂါကူးစက်ပျံ့နှံ့မှု စသည့်အခြေအနေအရပ်ရပ်တို့ကို ဘက်စုံခြုံငုံစဉ်းစားကာ ဦးစားပေးထိုးနှံမည့် အုပ်စုများသတ်မှတ်၍ ထိုးနှံပေးသွားမည်ဖြစ်ပြီး ကာကွယ်ဆေးပိုမိုရရှိလာပါက အဆင့်ဆင့်တိုးချဲ့ ထိုးနှံပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ကိုဗစ်-၁၉ ကာကွယ်ဆေးများ ပိုမိုရရှိထိုးနှံပေးနိုင်ရန်အတွက် နိုင်ငံတော်ဘဏ္ဍာငွေ၊ အလှူရှင်အဖွဲ့အစည်း၏ ထောက်ပံ့ငွေ၊ ကမ္ဘာ့ဘဏ်ချေးငွေတို့ဖြင့် အသုံးပြုဝယ်ယူခြင်းဖြစ်ပြီး ကာကွယ်ဆေးထိုးနှံရေး ရန်ပုံငွေများ အဓိကထောက်ပံ့နေသည့် အဖွဲ့အစည်းအနေဖြင့် မြန်မာနိုင်ငံလူဦးရေ၏ ၂၀ ရာခိုင်နှုန်းအတွက် ကိုဗစ် -၁၉ ကာကွယ်ဆေးအား အထူးသက်သာသော နှုန်းထား (သို့မဟုတ်) အခမဲ့ရရှိနိုင်ရေး ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ကြားသိရ၍ ဝမ်းမြောက်မိသည်။

အားလုံးမျှော်လင့်နေသော ကာကွယ်ဆေးများ ရရှိတော့မည်ဖြစ်၍ ပြည်သူများအနေဖြင့် စိတ်ချလက်ချဖြစ်ပြီး ထုတ်ပြန်ထားသော ရောဂါကာကွယ်ရေးနည်းလမ်းများကို မပစ်ပယ်မိဖို့လိုပေသည်။ ကမ္ဘာ့နိုင်ငံများအားလုံးသည် ကိုဗစ်-၁၉ ကာကွယ်ဆေးလိုအပ်နေသော နိုင်ငံများဖြစ်၍ ကာကွယ်ဆေးစတင်ဖြန့်ချိပါက အပြိုင်အဆိုင်ဝယ်ယူထိုးနှံရေးကို ကြိုးပမ်းကြမည်ဖြစ်သည်။ မြန်မာနိုင်ငံအနေဖြင့် ကိုဗစ်-၁၉ ကာကွယ်ဆေးကို တစ်နိုင်ငံလုံးလွှမ်းခြုံ ထိုးနှံပေးနိုင်ရေးမှာ ကာကွယ်ဆေးရရှိမည့်အပေါ်မူတည်သဖြင့် အချိန်ကာလတစ်ခုအတွင်း အားလုံးအတွက်ထိုးနှံပေးနိုင်ရေးမှာ လွယ်ကူမည်မဟုတ်ပေ။

သို့ဖြစ်ရာ ပြည်သူလူထုတစ်ရပ်လုံးအနေဖြင့် လက်ရှိဖြစ်ပွားနေသော ကိုဗစ်-၁၉ ရောဂါနှင့်အတူ ရေရှည်အတူရှိနေဦးမည်ဖြစ်၍ ကာကွယ်ဆေးထိုးနှံသည်ဖြစ်စေ၊ မထိုးနှံရသေးမီဖြစ်စေ ထုတ်ပြန်ထားသော ရောဂါကာကွယ်ရေးနှင့်ထိန်းချုပ်ရေး စည်းမျဉ်း၊ စည်းကမ်းများကို မဖြစ်မနေ ဆက်လက်လိုက်နာလုပ်ဆောင်ကြရမည့်အပြင် အရှိန်အဟုန်လည်း တိုးမြှင့်ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း။ ။

## အမျိုးသမီးများအပေါ် အကြမ်းဖက်မှုပပျောက်ရေး (၁၆)ရက်တာလှုပ်ရှားမှု အထိမ်းအမှတ်အခမ်းအနား

"အမျိုးသမီးများအပေါ်အကြမ်းဖက်မှု ကာကွယ်တုံ့ပြန်ဖို့၊ သီးသန့်ရန်ပုံငွေထားရှိလို့ အချက်အလက်ကောက်ယူစို့"

"Orange the World: Fund, Respond, Prevent, Collect!"

## ကုလသမဂ္ဂအဖွဲ့အစည်း တည်ထောင်သည့် (၇၅)နှစ်ပြည့် အထိမ်းအမှတ် (UN 75) Logo ပါ ၂၀၀ ကျပ်တန် အထူးထုတ် စာပို့တံဆိပ်ခေါင်းသစ် ရောင်းချမည်




**နေပြည်တော် နိုဝင်ဘာ ၂၇**

ကုလသမဂ္ဂဖွဲ့စည်းတည်ထောင်သည့် (၇၅)နှစ်ပြည့်အထိမ်းအမှတ်အနေဖြင့် နိုင်ငံခြားရေးဝန်ကြီးဌာန အစီအစဉ်ဖြင့် (UN75) Logo ပါ အထူးထုတ် စာပို့တံဆိပ်ခေါင်းသစ် (၂၀၀ ကျပ်တန်) တစ်မျိုးကို ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ မြန်မာ့စာတိုက်လုပ်ငန်းက ဒီဇင်ဘာ ၁ ရက်၊ မြန်မာသက္ကရာဇ် ၁၃၈၂ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၂ ရက် (အင်္ဂါနေ့) နံနက် ၉ နာရီခွဲမှစတင်၍ နေပြည်တော် ဗဟိုစာတိုက်ကြီး၊ ရန်ကုန်စာတိုက်ကြီး၊ မန္တလေးစာတိုက်ကြီးတို့နှင့် တိုင်းဒေသကြီး/ ပြည်နယ်များရှိ စာတိုက်များတွင် ရောင်းချပေးသွားမည်ဖြစ်သည်။

အထူးအစီအစဉ်တစ်ရပ်အနေဖြင့် နေပြည်တော်ဗဟိုစာတိုက်ကြီး၊ ရန်ကုန်စာတိုက်ကြီးနှင့် မန္တလေးစာတိုက်ကြီးတို့၌ ဒီဇင်ဘာ ၁ ရက်တွင် ဝယ်ယူသော စာပို့တံဆိပ်ခေါင်းများနှင့် ပထမနေ့ စာအိတ် (Firstday Cover) များပေါ်တွင် နေ့စွဲအမှတ်အသားတံဆိပ် ရိုက်နှိပ်ပေးမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်



သာသနာ့တာဝန်ကို ထမ်းဆောင်နေကြသော သံဃာတော်များနှင့် သီလရှင်များအတွက် ကိုဗစ်-၁၉ ကာလအတွင်း ဆွမ်းကွမ်းဝေယျာဝစ္စအထောက်အပံ့ဖြစ်စေရန်အတွက် နိုဝင်ဘာ၂၇ ရက်က ကြည့်မြင်တိုင်မြို့နယ်နေ သီဟသုဓမ္မ မဏိဇောတဓရ ဦးအောင်သန်းစိန်၊ ဇနီး သီဟသုဓမ္မသိင်္ဂီ ဒေါ်အေးမြင့်သန်း၊ သမီး မစိုးစိုးသန်း(အောင်ရတနာသင်္ကန်းတိုက်)မိသားစုက ကြည့်မြင်တိုင်၊ စမ်းချောင်း၊ မရမ်းကုန်း၊ ကမာရွတ်မြို့တို့မှ သံဃာတော် ၄၉၅ ပါးနှင့် ပြည်လမ်း လယ်တီကျောင်းတိုက်မှ သီလရှင် ၃၃ ပါး စုစုပေါင်း ၅၂၈ ပါးတို့အတွက် တစ်ပါးလျှင် ငွေကျပ် ၃၀၀၀၀ စီဖြင့် ငွေကျပ် ၁၅၈၄၀၀၀၀ ကို လှူဒါန်းစဉ်။

တင်ဝင်းတင်

## လက်ပံတန်း၌ ထောက်ပံ့ငွေများ ပေးအပ်

**ပဲခူး နိုဝင်ဘာ ၂၇**

ပဲခူးတိုင်းဒေသကြီး လက်ပံတန်းမြို့ မအူကုန်းရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး၌ ယနေ့တွင် ကိုဗစ်-၁၉ ကာလအတွင်း ပုံမှန်ဝင်ငွေမရှိသည့် အခြေခံအိမ်ထောင်စုများကို နိုင်ငံတော်မှထောက်ပံ့သည့် တစ်အိမ်ထောင်လျှင် ငွေကျပ် ၂၀၀၀၀ နှုန်းဖြင့် နယ်မြေ ၁၅ ခုမှ အိမ်ထောင်စုပေါင်း ၈၆၃ စုအား ငွေကျပ် ၁၇၂၆၀၀၀၀ ကို ရပ်မိ/ရပ်ဖများ၊ နယ်မြေမှူးများရှေ့၌ မအူကုန်းရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးသောင်းတင်က တစ်ဦးချင်းပေးအပ်ခဲ့ကြောင်း သိရသည်။

အလားတူ မင်းရပ်ရပ်ကွက် နယ်မြေ ၁၅ ခုမှ အိမ်ထောင်စုပေါင်း ၇၇၈ စု ကိုလည်းကောင်း၊ မြို့မရပ်ကွက် နယ်မြေ ၁၅ ခုမှ အိမ်ထောင်စုပေါင်း ၇၆၆ စု ကိုလည်းကောင်း အိမ်ထောင်စုတစ်ခုလျှင် ငွေကျပ် ၂၀၀၀၀ နှုန်းဖြင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးများက အသီးသီးပေးအပ်ကြကြောင်း သိရသည်။ **အောင်ဆင့်**



ကြေးမုံ

| | | | |
|---|---|---|---|
| **စာတည်းမှူးချုပ်** | - ဦးစိုးစိုးနိုင် | **အငယ်တန်း** | - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ |
| **စာတည်းမှူး** | - ဦးဝင်းနိုင် | **သတင်းထောက်များ** | ဦးသန်းတင်အောင်၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်ခင်စုစုလှိုင်၊ ဦးအေးမင်းသူ၊ ဒေါ်မာမာစိုး |
| **သတင်းထောက်မှူး** | - ဦးမြင့်စိုး | | |
| **စာတည်းများ** | - ဦးစန်းအောင်၊ ဦးကျော်ဇေယျာမြင့်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး | **ဓာတ်ပုံသတင်းထောက်** | - ဦးခင်မောင်ဝင်း |
| | | **သုတေသန** | - ဒေါ်ဇင်မာဝင့် |
| **ဘာသာပြန်စာတည်းများ** | - ဦးဇော်ဝင်း၊ ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော် | **စာပြင်** | - ဒေါ်ခိုင်သန္တာရွှေ၊ ဒေါ်ခင်ယုဆွေနှင့်အဖွဲ့ |
| **အကြီးတန်း** | - ဦးစိုးအောင်၊ ဦးကိုမင်း၊ ဒေါ်စန်းယဉ်ဦး၊ | **စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း** | - ဦးကျော်စွာလင်း၊ဦးချစ်ဇေယျာထွန်းနှင့်အဖွဲ့ |
| **သတင်းထောက်များ** | ဒေါ်နေဇာဇာထွန်း | **အီးမေးလ်နှင့် အွန်လိုင်း** | - ဦးစည်သူလွင်၊ ဦးချစ်ဦးနှင့်အဖွဲ့ |

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# ပြည်သူသာလျှင် အဓိက

**❖ ရပ်ဝန်းနဲ့ပိုးလမ်းမစီမံကိန်းများကို နှစ်နိုင်ငံလုံးအတွက် အကျိုးရှိအောင် အကောင်အထည်ဖော်ဆောင်ရွက်ခြင်းနဲ့ ဒစ်ဂျစ်တယ်စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု ပိုမိုမြှင့်တင်ခြင်းတို့ဟာ အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုဖန်တီးပေးရေးနဲ့ ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုအခွင့်အလမ်းများ ပိုမိုမြှင့်တင်ရေးတို့ကို အထောက်အကူပြုစေမှာဖြစ်သလို COVID-19 ကပ်ရောဂါကြောင့် ဖြစ်ပေါ်လာတဲ့ စီးပွားရေးထိခိုက်နစ်နာမှုများကိုလည်း လျှော့ချစေနိုင်မယ်လို့ ယုံကြည်**

☆ ရှေ့ဖုံးမှ

ယင်းနောက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတရှီကျင့်ဖျင်နှင့် အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ လာအိုဝန်ကြီးချုပ် ထောင်လွန်းဆီဆုလစ်၊ အင်ဒိုနီးရှားသမ္မတ ဂျိုကို ဝီဒိုဒို၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတဦးဝင်းမြင့်၊ ဖိလစ်ပိုင်သမ္မတ ရိုဒရီဂို ဒူတာတေး၊ ကမ္ဘောဒီးယားဝန်ကြီးချုပ် ဆမ်ဒက်ဟွန်ဆန်၊ ထိုင်းဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ပရာယုဒ်ချန်အိုချာ(ငြိမ်း)၊ ဗီယက်နမ် ဝန်ကြီးချုပ် ငုယင်စွမ်းဖုံ၊ ယခုနှစ်အတွက် အထူးမိတ်ဖက်နိုင်ငံအဖြစ် ဖိတ်ကြားထားသည့် ပါကစ္စတန်သမ္မတ ဒေါက်တာအာရစ်အယ်လ်ဗီနှင့် အာဆီယံအတွင်းရေးမှူးချုပ် ဒါတိုလင်ကျောက်ဟွာတို့က ဗီဒီယိုမှတစ်ဆင့် မိန့်ခွန်းအသီးသီး ပြောကြားခဲ့ကြသည်။ နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် ပြောကြားခဲ့သည့် မိန့်ခွန်းအပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်-

**တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊**
**အဆွေတော် သမ္မတကြီး ရှီကျင့်ဖျင်**
**အခမ်းအနားသို့ တက်ရောက်လာကြတဲ့ အဆွေတော်များနဲ့**
**ဂုဏ်သရေရှိဧည့်သည်တော်များခင်ဗျား၊**

(၁၇)ကြိမ်မြောက် တရုတ်-အာဆီယံ ကုန်စည်ပြပွဲ ဖွင့်ပွဲအခမ်းအနားမှာ မိမိအနေနဲ့ မိန့်ခွန်းပြောကြားခွင့်ရတဲ့အတွက် ဝမ်းမြောက်မိပါတယ်။

ယနေ့ကမ္ဘာကြီးမှာ လူနေမှုပုံစံကို အပြောင်းအလဲ များစွာဖြစ်စေတဲ့ COVID-19 ကြောင့် ကျန်းမာရေးအကျပ်အတည်းကို ရင်ဆိုင်နေရပါတယ်။ ဒါပေမဲ့လည်း စိန်ခေါ်မှုများစွာကြားက (၁၇)ကြိမ်မြောက် တရုတ်-အာဆီယံကုန်စည်ပြပွဲကို ယခုနှစ်မှာ အောင်မြင်စွာ စီစဉ်ကျင်းပနိုင်တဲ့အတွက် ဂုဏ်ယူဝမ်းမြောက်ကြောင်း ပြောကြားလိုပါတယ်။

မိမိတို့အနေနဲ့ ကုန်သွယ်ရေး၊ ရင်းနှီးမြှုပ်နှံမှုနဲ့ ပြည်သူများအကြား ကူးလူးဆက်သွယ်မှုတို့မှတစ်ဆင့် အာဆီယံ-တရုတ် မဟာဗျူဟာမြောက်မိတ်ဖက်ဆက်ဆံရေးကို ပိုမိုမြှင့်တင်နိုင်မယ့် နည်းလမ်းများကို ရှာဖွေရာမှာ ယခုကျင်းပတဲ့ (၁၇)ကြိမ်မြောက် တရုတ်-အာဆီယံကုန်စည်ပြပွဲဟာ အရေးပါတဲ့နေရာတစ်ခုအဖြစ် ဆက်လက်တည်ရှိလိမ့်မယ်လို့ ယုံကြည်မိပါတယ်။

**အဆွေတော်များနဲ့ ဧည့်သည်တော်များခင်ဗျား၊**

မိမိတို့အနေနဲ့ ၂၀၂၀ ပြည့်နှစ်ကို "အာဆီယံ-တရုတ် ဒစ်ဂျစ်တယ် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုနှစ်" အဖြစ် သတ်မှတ်ထားတာဖြစ်တဲ့အတွက် (၁၇)ကြိမ်မြောက် တရုတ်-အာဆီယံကုန်စည်ပြပွဲနဲ့ တရုတ်-အာဆီယံ စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှု ထိပ်သီးအစည်းအဝေးရဲ့ ဆောင်ပုဒ်ဖြစ်တဲ့ **"ဒစ်ဂျစ်တယ်စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု တိုးတက်ခိုင်မာစေဖို့ ရပ်ဝန်းနှင့်ပိုးလမ်းမ ထူထောင်စို့"** ဟာ အချိန်ကိုက်ဖြစ်ပြီး အလွန်လျော်ကန်သင့်မြတ်မှုရှိပါတယ်။

ကမ္ဘာ့ကပ်ရောဂါကို မိမိတို့အားလုံး ရင်ဆိုင်နေရတဲ့အချိန်မှာ ဆက်သွယ်ရေး၊ ပညာရေး၊ ကျန်းမာရေး၊ ကုန်သွယ်ရေး၊ ရင်းနှီးမြှုပ်နှံမှု၊ စတော့ရှယ်ယာဈေးကွက်နဲ့ အခြားသော စီးပွားရေးလုပ်ငန်းတွေမှာ ဒစ်ဂျစ်တယ်နည်းပညာကို ပိုမိုမှီခိုအားထားနေရတာဖြစ်တဲ့အတွက် ဒစ်ဂျစ်တယ်စီးပွားရေးဟာ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးပါတဲ့ အခန်းကဏ္ဍကနေ ပါဝင်လျက်ရှိပါတယ်။

အာဆီယံအဖွဲ့ဝင်နိုင်ငံများနဲ့ တရုတ်နိုင်ငံတို့ဟာ ဒစ်ဂျစ်တယ်နည်းလမ်း အပါအဝင် နည်းမျိုးစုံနဲ့ ပေါင်းစပ်ဆက်သွယ်ထားပါတယ်။ ဒါပေမဲ့လည်း မိမိတို့အကြားမှာ ဒစ်ဂျစ်တယ်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု မတူညီကြတဲ့အတွက် ဒစ်ဂျစ်တယ် အခြေခံအဆောက်အအုံတွေကို တည်ဆောက်ရာမှာ ပူးပေါင်းဆောင်ရွက်မှု ပိုမိုမြှင့်တင်ဖို့ လိုအပ်လျက်ရှိပါတယ်။ ဒစ်ဂျစ်တယ် အခြေခံအဆောက်အအုံ ဖွံ့ဖြိုးမှုကွာဟချက် ကျဉ်းမြောင်းလာခြင်းက ပြည်သူများအကြား အင်တာနက်သုံးစွဲနိုင်မှုကို ပိုမိုတိုးတက် ကောင်းမွန်လာစေမှာဖြစ်တဲ့အတွက် ဒစ်ဂျစ်တယ်စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူဖြစ်စေလိမ့်မယ်လို့ မိမိအနေနဲ့ ယုံကြည်ပါတယ်။

**အဆွေတော်များနဲ့ ဧည့်သည်တော်များခင်ဗျား၊**

တရုတ်ပြည်သူ့သမ္မတနိုင်ငံဟာ အာဆီယံရဲ့ အရေးပါပြီး ယုံကြည်အားထားရတဲ့ မိတ်ဖက်နိုင်ငံဖြစ်ပါတယ်။ အာဆီယံ-တရုတ် မိတ်ဖက်ဆက်ဆံရေးဟာ ကဏ္ဍပေါင်းစုံမှာ ပုံမှန်တိုးတက်လျက်ရှိပြီး ဒေသတွင်း တည်ငြိမ်အေးချမ်းရေးနဲ့သာယာဝပြောရေးကိုအထောက်အကူပြုလျက်ရှိပါတယ်။

အာဆီယံ-တရုတ် မဟာဗျူဟာမြောက် မိတ်ဖက်ဆက်ဆံရေးကို "ဘက်ပေါင်းစုံဗျူဟာမြောက် မိတ်ဖက်ဆက်ဆံရေး" သို့ အဆင့်မြှင့်တင်ရေးနဲ့ ၂၀၂၁ ခုနှစ်ကို "အာဆီယံ-တရုတ် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေး ပူးပေါင်းဆောင်ရွက်ရေးနှစ်" အဖြစ် သတ်မှတ်ရေးကိစ္စရပ်များအပါအဝင် မိတ်ဖက်ဆက်ဆံရေး ပိုမိုတိုးတက်ခိုင်မာစေရေးအတွက် တရုတ်နိုင်ငံက အဆိုပြုထားတဲ့ အစီအစဉ်များကို မြန်မာနိုင်ငံအနေနဲ့ ကြိုဆိုကြောင်း ပြောကြားလိုပါတယ်။

တရုတ်နိုင်ငံအနေနဲ့ အာဆီယံဦးဆောင်တဲ့ ယန္တရားတွေမှာ တက်ကြွစွာ ပူးပေါင်းပါဝင်ပြီး အာဆီယံအသိုက်အဝန်းထူထောင်ရေး ကြိုးပမ်းဆောင်ရွက်မှုများနဲ့ အာဆီယံ ပေါင်းစည်းရေးလုပ်ငန်းစဉ်များကို ကူညီပံ့ပိုးလျက်ရှိတဲ့အတွက် ကျေးဇူးတင်ရှိကြောင်း ပြောကြားလိုပါတယ်။

မိမိအနေနဲ့ အာဆီယံနဲ့ တရုတ်နိုင်ငံတို့အကြား စီးပွားရေးပူးပေါင်းဆောင်ရွက်မှု ဆက်လက် တိုးတက်နေတာကို တွေ့မြင်ရတဲ့အတွက်လည်း ဝမ်းမြောက်ပါတယ်။ တရုတ်ပြည်သူ့သမ္မတနိုင်ငံဟာ အာဆီယံရဲ့ ကုန်သွယ်မှု အများဆုံးမိတ်ဖက်နိုင်ငံအဖြစ် ဆက်လက်ရပ်တည်လျက်ရှိသလို အာဆီယံမှာ တတိယအများဆုံး လာရောက်ရင်းနှီးမြှုပ်နှံတဲ့နိုင်ငံလည်း ဖြစ်ပါတယ်။

အာဆီယံနဲ့ တရုတ်နိုင်ငံအကြား ကုန်သွယ်မှုပမာဏဟာ ၂၀၁၉ ခုနှစ်မှာ အမေရိကန် ဒေါ်လာ ၅၀၇ ဒသမ ၉ ဘီလီယံရှိပြီး အာဆီယံစုစုပေါင်း ကုန်သွယ်မှုရဲ့ ၁၈ ရာခိုင်နှုန်းရှိသလို တရုတ်နိုင်ငံမှ အာဆီယံသို့ နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုဟာ ၂၀၁၉ ခုနှစ်မှာ အမေရိကန် ဒေါ်လာ ၉ ဒသမ ၁ ဘီလီယံရှိပြီး အာဆီယံ စုစုပေါင်း နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုပမာဏရဲ့ ၅ ဒသမ ၇ ရာခိုင်နှုန်းရှိတာကို ကျေနပ်အားရဖွယ် တွေ့မြင်ရပါတယ်။

ယခုနှစ်ဟာ အာဆီယံ-တရုတ် လွတ်လပ်သော ကုန်သွယ်မှုဒေသ ထူထောင်ခြင်း (၁၀)နှစ် ပြည့်မြောက်တဲ့နှစ်ဖြစ်ပါတယ်။ မိမိတို့ ရည်မှန်းထားတဲ့အတိုင်း ယခု နှစ်ကုန်မှာ နှစ်ဖက်ကုန်သွယ်မှု အမေရိကန်ဒေါ်လာ ၁ ထရီလီယံနဲ့ ရင်းနှီးမြှုပ်နှံမှု အမေရိကန်ဒေါ်လာ ၁၅၀ ဘီလီယံ ပြည့်မီနိုင်ရေးအတွက် အာဆီယံ-တရုတ် လွတ်လပ်သောကုန်သွယ်မှုဒေသ သဘောတူစာချုပ်နဲ့ ယင်းစာချုပ်ရဲ့ နောက်ဆက်တွဲ သဘောတူစာချုပ်တို့ကို အပြည့်အဝ အကောင်အထည်ဖော်ဆောင်ရွက်သွားကြဖို့ တိုက်တွန်းပြောကြားလိုပါတယ်။

"ဒေသတွင်းဘက်စုံစီးပွားရေး ပူးပေါင်းဆောင်ရွက်မှု သဘောတူစာချုပ်"ဟာ လွတ်လပ်ပြီး အားလုံးပါဝင်၍ စည်းမျဉ်းကိုအခြေခံတဲ့ နိုင်ငံတကာကုန်သွယ်ရေး ပတ်ဝန်းကျင်အတွက် ခိုင်မာတဲ့ အခြေခံအုတ်မြစ်တစ်ခု ဖြစ်လာလိမ့်မယ်လို့ ယုံကြည်ပါတယ်။

မိမိတို့အနေနဲ့ အပြုသဘောဆောင်တဲ့ အရှိန်အဟုန်ကို ဆက်လက်ထိန်းသိမ်းပြီး စီးပွားရေးပူးပေါင်းဆောင်ရွက်မှု တိုးတက်ခိုင်မာတဲ့ အခြေအနေကို အကျိုးရှိစွာ အသုံးချရမှာဖြစ်သလို "အာဆီယံပေါင်းစည်းဆက်သွယ်မှုမဟာစီမံကိန်း(၂၀၂၅)"နဲ့ "ရပ်ဝန်းနှင့် ပိုးလမ်းမစီမံကိန်း"တို့ရဲ့ တူညီတဲ့ဦးစားပေးလုပ်ငန်းစဉ်တို့ကို ပေါင်းစပ်အကောင်အထည်ဖော်နိုင်ဖို့အတွက် ပူးပေါင်းဆောင်ရွက်မှု ပိုမိုတိုးမြှင့်နိုင်မယ့် နည်းလမ်းများကိုလည်း ရှာဖွေဖော်ထုတ်ကြရမှာဖြစ်ပါတယ်။

**အဆွေတော်များနဲ့ ဧည့်သည်တော်များခင်ဗျား၊**

ယခုနှစ်ဟာ မြန်မာနိုင်ငံနဲ့ တရုတ်နိုင်ငံတို့အကြား သံတမန်ဆက်ဆံရေး ထူထောင်တာ နှစ်(၇၀)ပြည့်တဲ့နှစ်ဖြစ်တဲ့အတွက် နှစ်နိုင်ငံဆက်ဆံရေးမှာ ထူးခြားတဲ့ သမိုင်းမှတ်တိုင်တစ်ခုဖြစ်ပါတယ်။ ယခုနှစ်ဇန်နဝါရီလမှာ မြန်မာနိုင်ငံကို လာရောက်ခဲ့တဲ့ သမ္မတ ရှီကျင့်ဖျင်ရဲ့ ချစ်ကြည်ရေးခရီးစဉ်ဟာ နှစ်နိုင်ငံအကြား ရှိရင်းစွဲချစ်ကြည်ရင်းနှီးမှုကို ပိုမိုတိုးတက် ခိုင်မာစေခဲ့သလို နှစ်ဦးနှစ်ဖက် အကျိုးရှိမယ့် ပူးပေါင်းဆောင်ရွက်မှုများကိုလည်း ပိုမိုတိုးမြှင့်စေခဲ့ပါတယ်။

သမ္မတရှီကျင့်ဖျင်ရဲ့ ချစ်ကြည်ရေးခရီးစဉ်အတွင်း မိမိတို့အနေနဲ့ "မြန်မာ-တရုတ် အေးအတူပူအမျှ အသိုက်အဝန်း" ထူထောင်ရေး၊ ရပ်ဝန်းနဲ့ပိုးလမ်းမစီမံကိန်းနဲ့ တရုတ်-မြန်မာ စီးပွားရေးစင်္ကြံစီမံကိန်းတို့ အပါအဝင် ကဏ္ဍစုံမှာ ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေးတို့အတွက် အတူတကွ ပူးပေါင်းဆောင်ရွက်သွားကြဖို့ သဘောတူညီခဲ့ကြပါတယ်။

မိမိတို့ရဲ့ အမျိုးသားစီမံကိန်းနဲ့ ဦးစားပေးလုပ်ငန်းစဉ်တို့နဲ့အညီ ရွေးချယ်သတ်မှတ်ထားတဲ့ ရပ်ဝန်းနဲ့ ပိုးလမ်းမစီမံကိန်းများဟာ ပြည်တွင်းဆက်သွယ်မှုကို သာမက နယ်စပ်ဖြတ်ကျော် ဆက်သွယ်မှုကိုပါ တိုးမြှင့်ပေးနိုင်မယ့် အခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်စေရေး ကြိုးပမ်းဆောင်ရွက်မှုများကို အထောက်အကူဖြစ်စေလိမ့်မယ်လို့ ယုံကြည်ပါတယ်။

ရပ်ဝန်းနဲ့ ပိုးလမ်းမစီမံကိန်းများကို နှစ်နိုင်ငံလုံးအတွက် အကျိုးရှိအောင် အကောင်အထည်ဖော် ဆောင်ရွက်ခြင်းနဲ့ ဒစ်ဂျစ်တယ်စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု ပိုမိုမြှင့်တင်ခြင်းတို့ဟာ အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုဖန်တီးပေးရေးနဲ့ ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှု အခွင့်အလမ်းများ ပိုမိုမြှင့်တင်ရေးတို့ကို အထောက်အကူပြုစေမှာဖြစ်သလို COVID-19 ကပ်ရောဂါကြောင့် ဖြစ်ပေါ်လာတဲ့ စီးပွားရေး ထိခိုက်နစ်နာမှုများကိုလည်း လျှော့ချစေနိုင်မယ်လို့ ယုံကြည်ပါတယ်။

(၁၇)ကြိမ်မြောက် တရုတ်-အာဆီယံ ကုန်စည်ပြပွဲနဲ့ တရုတ်-အာဆီယံစီးပွားရေးနဲ့ ရင်းနှီးမြှုပ်နှံမှု ထိပ်သီးအစည်းအဝေး အောင်မြင်စွာ ကျင်းပနိုင်ပါစေကြောင်း ဆန္ဒပြုပါတယ်။

ကျေးဇူးတင်ပါတယ်။

**❖ ယခုနှစ်ဟာ အာဆီယံ-တရုတ် လွတ်လပ်သောကုန်သွယ်မှုဒေသ ထူထောင်ခြင်း (၁၀)နှစ် ပြည့်မြောက်တဲ့နှစ်ဖြစ်ပါတယ်။ မိမိတို့ရည်မှန်းထားတဲ့အတိုင်း ယခု နှစ်ကုန်မှာ နှစ်ဖက်ကုန်သွယ်မှု အမေရိကန်ဒေါ်လာ ၁ ထရီလီယံနဲ့ ရင်းနှီးမြှုပ်နှံမှု အမေရိကန်ဒေါ်လာ ၁၅၀ ဘီလီယံ ပြည့်မီနိုင်ရေးအတွက် အာဆီယံ-တရုတ် လွတ်လပ်သောကုန်သွယ်မှုဒေသ သဘောတူစာချုပ်နဲ့ ယင်းစာချုပ်ရဲ့ နောက်ဆက်တွဲ သဘောတူစာချုပ်တို့ကို အပြည့်အဝ အကောင်အထည်ဖော်ဆောင်ရွက်သွားကြဖို့ တိုက်တွန်းပြောကြား**

**❖ ကမ္ဘာ့ကပ်ရောဂါကို မိမိတို့အားလုံး ရင်ဆိုင်နေရတဲ့အချိန်မှာ ဆက်သွယ်ရေး၊ ပညာရေး၊ ကျန်းမာရေး၊ ကုန်သွယ်ရေး၊ ရင်းနှီးမြှုပ်နှံမှု၊ စတော့ရှယ်ယာဈေးကွက်နဲ့ အခြားသော စီးပွားရေးလုပ်ငန်းတွေမှာ ဒစ်ဂျစ်တယ်နည်းပညာကို ပိုမို မှီခိုအားထားနေရတာဖြစ်တဲ့အတွက် ဒစ်ဂျစ်တယ်စီးပွားရေးဟာ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးပါတဲ့အခန်းကဏ္ဍကနေ ပါဝင်လျက်ရှိ**

# (၁၇)ကြိမ်မြောက် အာဆီယံ-တရုတ်ကုန်စည်ပြပွဲသို့ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်း ဗီဒီယိုမိန့်ခွန်း ပေးပို့

**နေပြည်တော် နိုဝင်ဘာ ၂၇**

တရုတ်ပြည်သူ့သမ္မတနိုင်ငံ နန်နင်းမြို့၌ ယနေ့ ကျင်းပသည့် (၁၇)ကြိမ်မြောက် အာဆီယံ-တရုတ်ကုန်စည်ပြပွဲ စားပွဲဝိုင်းဆွေးနွေးပွဲသို့ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွား ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်းက ဗီဒီယိုမိန့်ခွန်းပေးပို့ခဲ့သည်။

**ရှင်းလင်းပြောကြား**

အဆိုပါ မိန့်ခွန်းတွင် ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေး အစီအမံများနှင့်ပတ်သက်၍လည်းကောင်း၊ မြန်မာနိုင်ငံရှိ ရင်းနှီးမြှုပ်နှံမှုအခွင့်အလမ်းများနှင့်ပတ်သက်၍လည်းကောင်း ရှင်းလင်းပြောကြားသည်။

အာဆီယံ-တရုတ်ကုန်စည်ပြပွဲ (CAEXPO) ကို ၂၀၀၄ ခုနှစ်မှစတင်၍ ကျင်းပခဲ့ပြီး တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် အာဆီယံနိုင်ငံများအကြား စီးပွားရေး၊ ကုန်သွယ်ရေးနှင့် ပြည်သူအချင်းချင်း ဆက်နွှယ်မှုတိုးမြှင့်ရန်အတွက် အရေးပါသည့် အစီအစဉ်တစ်ခုဖြစ်သည်။ ယင်းဆွေးနွေးပွဲများသည် အာဆီယံနိုင်ငံများနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့အကြား ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုနက်ရှိုင်းစွာ ဆောင်ရွက်ရန် ရည်ရွယ်သည်။

ယခုနှစ်ပြပွဲ၏ဆောင်ပုဒ်မှာ "ရပ်ဝန်းနှင့် ပိုးလမ်းမ တည်ဆောက်ရေးနှင့် ဒစ်ဂျစ်တယ် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု အားကောင်းခိုင်မာစေရေး" (Building the Belt and Road, Strengthening Digital Economy Cooperation)ဟူ၍ ဖြစ်သည်။

**ပြခန်း ၂၈ ခန်း ပါဝင်ပြသ**

ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် မြန်မာလုပ်ငန်းရှင်ကုမ္ပဏီများအနေဖြင့် ယခုနှစ် ကုန်စည်ပြပွဲသို့ သွားရောက်ပြသနိုင်ခြင်းမရှိသော်လည်း တရုတ်ပြည်သူ့သမ္မတနိုင်ငံတွင် ရောက်ရှိနေသော မြန်မာလုပ်ငန်းရှင်များက မြန်မာ့ထွက်ကုန်နမူနာပစ္စည်းများကို မြန်မာသံရုံး(ပေကျင်း)နှင့် မြန်မာကောင်စစ်ဝန်ချုပ်ရုံး (နန်နင်း)တို့၏ ပူးပေါင်းကူညီမှုများဖြင့် စုစုပေါင်းပြခန်း ၂၈ ခန်းအထိ ပါဝင်ပြသလျက်ရှိသည်။

ထို့ပြင် အာဆီယံနိုင်ငံများမှ လုပ်ငန်းများအတွက် အွန်လိုင်းပြပွဲတစ်ရပ်ကိုလည်း တစ်ပြိုင်နက်တည်း ခင်းကျင်းထားရှိပြီး မြန်မာနိုင်ငံမှ ကုန်စည်ပြခန်းပေါင်း ၃၆ ခန်း ပါဝင် ပြသထားကာ တစ်နှစ်ပတ်လုံး ပြသပေးသွားမည်ဖြစ်သည်။



ယခုနှစ် ကျင်းပသည့် ကုန်စည်ပြပွဲတွင် ကိုဗစ်-၁၉ ကပ်ရောဂါတိုက်ဖျက်ရေးအတွက် တရုတ်နှင့် အာဆီယံနိုင်ငံများအကြား ပူးပေါင်းဆောင်ရွက်မှုကို ဖော်ဆောင်ရန် ကြိုးပမ်းသွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် မြန်မာ-တရုတ်သံတမန်ဆက်ဆံရေး နှစ်(၇၀)ပြည့် အထိမ်းအမှတ်အခမ်းအနားနှင့် မြန်မာ-တရုတ်ကုန်သွယ်ရေးနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုဖိုရမ်(၂၀၂၀) အခမ်းအနားတွင် ဗီဒီယိုမိန့်ခွန်း ပြောကြား

**နေပြည်တော် နိုဝင်ဘာ ၂၇**

နိုဝင်ဘာ ၂၇ ရက်မှ ၃၀ ရက်အထိ ကျင်းပမည့် (၁၇)ကြိမ်မြောက် အာဆီယံ-တရုတ်ကုန်စည်ပြပွဲကာလအတွင်း ဆက်စပ်ကျင်းပသည့် မြန်မာ-တရုတ်နှစ်နိုင်ငံ သံတမန်ဆက်ဆံရေး နှစ်(၇၀)ပြည့်အထိမ်းအမှတ်အခမ်းအနားနှင့် မြန်မာ-တရုတ်ကုန်သွယ်ရေးနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုဖိုရမ်(၂၀၂၀) တို့ကို ယနေ့တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နန်နင်းမြို့ရှိ Nanning International Convention & Exhibition Center ၌ကျင်းပသည်။

**ချစ်ကြည်ရင်းနှီးမှုတည်ဆောက်နိုင်ခဲ့**

အခမ်းအနားသို့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်က ဗီဒီယိုမိန့်ခွန်းပေးပို့ပြောကြားရာတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် မြန်မာနိုင်ငံတို့သည် သံတမန်ဆက်ဆံမှုကို ၁၉၅၀ ပြည့်နှစ်တွင် စတင်ခဲ့ပြီး ယခုအခါ နှစ်ပေါင်း (၇၀)ပြည့်မြောက်ခဲ့ပြီဖြစ်ပါကြောင်း၊ နှစ်ပေါင်း ၇၀ ခရီးလမ်းတစ်လျှောက်တွင် တည်ရှိပြီးဖြစ်သည့် ဆွေမျိုးပေါက်ဖော် ချစ်ကြည်ရင်းနှီးမှု၊ အပြန်အလှန်နားလည်မှု၊ အိမ်နီးချင်းကောင်းပီသမှုတို့ကိုအခြေခံပြီး ပိုမိုနက်ရှိုင်းသည့်ချစ်ကြည်ရင်းနှီးမှုကို တည်ဆောက်နိုင်ခဲ့ပါကြောင်း။

ကိုဗစ်-၁၉ ကမ္ဘာ့ကပ်ရောဂါကို တွန်းလှန်တိုက်ဖျက်သည့်နေရာတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံအနေဖြင့် မြန်မာနိုင်ငံအပေါ် စေတနာထက်သန်စွာဖြင့် ကူညီထောက်ပံ့မှုများ ပေးအပ်ခဲ့သည့်အတွက် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရနှင့် မြန်မာနိုင်ငံ ပြည်သူ/ပြည်သားများ၏ကိုယ်စား တရုတ်ပြည်သူ့သမ္မတနိုင်ငံအား ကျေးဇူးအထူးတင်ရှိပါကြောင်း။

ယခု ၂၀၂၀ ပြည့်နှစ်သည် မြန်မာ-တရုတ်နှစ်နိုင်ငံ သံတမန်ဆက်ဆံမှု တည်ထောင်သည့် နှစ်(၇၀)ပြည့်အထိမ်းအမှတ်သာမက အာဆီယံ-တရုတ် လွတ်လပ်သောကုန်သွယ်မှုဒေသ ထူထောင်သည့် (၁၀)နှစ်ပြည့်သောနှစ်တစ်နှစ်ဖြစ်သည့်အပြင် တရုတ်-အာဆီယံ ဒစ်ဂျစ်တယ် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု စတင်ဆောင်ရွက်သည့်နှစ်လည်းဖြစ်ပါကြောင်း၊ ထို့ကြောင့် နှစ်နိုင်ငံအကြား စီးပွားရေးနှင့် ကုန်သွယ်မှု ပူးပေါင်းဆောင်ရွက်မှုများကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အရေးပါသည့် နှစ်တစ်နှစ်ဟုလည်း ဆိုရမည်ဖြစ်ပါကြောင်း၊ ထို့အပြင် တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် အာဆီယံနိုင်ငံများအကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများကိုထင်ဟပ်စေသည့် တရုတ်-အာဆီယံ ကုန်စည်ပြပွဲကို ကျင်းပခဲ့သည်မှာ ၁၇ နှစ်တိုင်ရှိပြီဖြစ်ပါကြောင်း။




**ဖန်တီးခြင်းနဲ့ မျှဝေခြင်း**

ယနေ့ကျင်းပသည့် အခမ်းအနား၏ ရည်ရွယ်ချက်ဆောင်ပုဒ်သည် "တရုတ်-မြန်မာ နှစ်နိုင်ငံကုန်သွယ်မှုနဲ့ စီးပွားရေးပူးပေါင်းဆောင်ရွက်မှုတွင် စီးပွားရေးဆိုင်ရာ ရွှေရောင်လွှမ်းသည့် အခွင့်အလမ်းများကို ယှဉ်တွဲပူးပေါင်း၍ ဖန်တီးခြင်းနဲ့မျှဝေခြင်း"ဖြစ်သည့်အတွက် ယနေ့အချိန်အခါနှင့် အလွန်လိုက်လျောညီထွေမှုရှိသည့်အပြင် သင့်လျော်ကောင်းမွန်မှုရှိသည့် ဆောင်ပုဒ်ကောင်းတစ်ခုဖြစ်ပါကြောင်း။

ယနေ့အခမ်းအနားတွင် လယ်ယာထုတ်ကုန်များ၊ အခြေခံအဆောက်အအုံ ရင်းနှီးမြှုပ်နှံမှု စသည့်ကဏ္ဍများကို ဦးစားပေးသတ်မှတ်ပြီး ကုန်သွယ်ရေး၊ စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုရှင်သန်ခိုင်မာစေရေးအတွက် နည်းလမ်းများနှင့် တရုတ်-မြန်မာနှစ်နိုင်ငံ ကုန်သွယ်ရေးလမ်းကြောင်းများ ပိုမိုအဆင်ပြေချောမွေ့စေရေးကို ဆွေးနွေးသွားမည်ဟု သိရှိရသည့်အတွက် နှစ်နိုင်ငံစလုံးအတွက် အကျိုးကျေးဇူးဖြစ်ထွန်းစေမည့် ရလဒ်များကို ဆောင်ကြဉ်းလာနိုင်မည်ဟု ယုံကြည်ပါကြောင်း။

နယ်စပ်ကုန်သွယ်မှုစနစ်တွင် ကုန်သွယ်မှုဆိုင်ရာ နည်းလမ်းများ အဆင်ပြေချောမွေ့စေရေးနှင့် ကုန်သွယ်မှုဆိုင်ရာ အတားအဆီးများဖယ်ရှားရေးတို့ကို ပူးပေါင်းဆောင်ရွက်ပေးနိုင်ရန် အဆိုပြုတိုက်တွန်းလိုပါကြောင်း၊ နှစ်နိုင်ငံအကြား တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးနှင့် ကုန်သွယ်မှုမြှင့်တင်ရေးတို့ကို အတူတကွ ပူးပေါင်းဆောင်ရွက်သွားလိုပါကြောင်း။

**လက်တွဲညီညီဆောင်ရွက်ကြမည်**

မြန်မာထုတ်ကုန်များ၏ အရည်အသွေးစစ်ဆေးရေးအတွက် နည်းပညာဆိုင်ရာ ပံ့ပိုးမှုများရရှိရေးနှင့် အီလက်ထရွန်နစ်ကူးသန်းရောင်းဝယ်ရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရေးတို့အတွက် တရုတ်နိုင်ငံ၏ ပူးပေါင်းဆောင်ရွက်မှုကို ဖိတ်ခေါ်လိုပါကြောင်း၊ နှစ်နိုင်ငံအကြား ဆွေမျိုးပေါက်ဖော် ချစ်ကြည်ရင်းနှီးမှု နှစ်(၇၀)ပြည့် အခမ်းအနားမှသည် နောင်နှစ်ပေါင်းများစွာတိုင် အဓွန့်ရှည်တည်တံ့ခိုင်မြဲစွာ တည်ရှိနေမည်ဟု မိမိအနေဖြင့် အခိုင်အမာယုံကြည်ပါကြောင်း၊ တရုတ်-မြန်မာ နှစ်နိုင်ငံအကြား ကောင်းမွန်သည့် ဆက်ဆံရေးသည် မိမိတို့နှစ်နိုင်ငံအတွက်သာမက ဒေသတွင်းပြည့်စုံကြွယ်ဝမှုကို အထောက်အကူပြုစေမှာဖြစ်ပါကြောင်း၊ ထို့ကြောင့် မိမိတို့၏ဆက်ဆံရေး ပိုမိုရှင်သန်ခိုင်မာလာစေရန် နယ်ပယ်ကဏ္ဍတိုင်းတွင် ပြည်သူချင်း၊ အစိုးရချင်း လက်တွဲညီညီပူးပေါင်း ဆောင်ရွက်သွားကြမည်ဖြစ်ကြောင်း ပြောကြားသည်။

အဆိုပါအခမ်းအနားတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး Mr. Li Chenggang၊ ကွမ်ရှီးကျွမ့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဒုတိယအုပ်ချုပ်ရေးမှူး Mr. Zhou Hongbo နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးမျိုးသန့်ဖေတို့က မိန့်ခွန်းများပြောကြားခဲ့ပြီး နန်နင်းမြို့ မြန်မာကောင်စစ်ဝန်ချုပ်ရုံးမှ စီးပွားရေးသံမှူးက "မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုပတ်ဝန်းကျင်နှင့် အခွင့်အလမ်းများ" ခေါင်းစဉ်ဖြင့်လည်းကောင်း၊ တရုတ်ကုမ္ပဏီနှစ်ခုက မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံမှုများနှင့် ကုန်သွယ်မှုများ ဆောင်ရွက်ရာ၌ ရရှိသောအောင်မြင်မှု အခြေအနေများနှင့် ပတ်သက်၍ လည်းကောင်း Presentation များ ပြုလုပ်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# ရေကြည်မြို့နယ်ရှိ အင်းများ၌ ငါးသယံဇာတထိန်းသိမ်းရေး ကွင်းဆင်းစစ်ဆေး

**ရေကြည် နိုဝင်ဘာ ၂၇**

ရေကြည်မြို့နယ် မကျီးလဟာကျေးရွာအုပ်စုရှိ မကျီးလဟာစစ်ကိုင်းအင်းသို့ ဧရာဝတီတိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာန ရေကြည်မြို့နယ်ငါးလုပ်ငန်းဦးစီးမှူးနှင့် တာဝန်ရှိသူများက ယမန်နေ့တွင် သွားရောက်စစ်ဆေးခဲ့ကြောင်း သိရသည်။

အဆိုပါအင်းသည် မထီမြစ်ကျိုးအင်းနှင့် ကြိမ်ချောင်းထန်းပင် ကျိုးအင်းများနှင့်အတူ ငဝန်မြစ်ရေလျှံကွင်းအတွင်း တည်ရှိသော ငဝန်မြစ်ပေါက်အင်းတစ်အင်းဖြစ်ပြီး ယခုနှစ် အင်းချိန်အတွင်း ငဝန်မြစ်ရေလျှံမှု သုံးကြိမ်ဖြစ်ပေါ်မှုကြောင့် ငါးအထိအမိကောင်းသော အင်းတစ်အင်းလည်းဖြစ်သည်။ အစုအဖွဲ့ဖြင့် လုပ်ကိုင်သော အင်းတစ်အင်းဖြစ်ပြီး မထီမြစ်ကျိုးအင်း၊ ကြိမ်ချောင်းထန်းပင် ကျိုးအင်းနှင့် မကျီးလဟာစစ်ကိုင်းအင်းဆုံရာ သုံးခွဆိုင်မှ ချောင်းရိုးအား ရေစီးရေလာကောင်းမွန်စေရေးအတွက် ၎င်းတို့အစီအစဉ်ဖြင့် ယခုနှစ် အင်းရာသီအမီ တူးဖော်ခဲ့သည်။

မကျီးလဟာ စစ်ကိုင်းအင်းအစုအဖွဲ့သည် အင်းလုပ်ကိုင်ခွင့် လေးနှစ်သက်တမ်းရှိသော အစုအဖွဲ့ဖြစ်ပြီး ပထမနှစ်တွင်အကြောင်းအမျိုးမျိုးကြောင့် အရှုံးပေါ်ခဲ့သော်လည်း ယခုနှစ်အပါအဝင် သုံးနှစ်ဆက်တိုက် ငါးအထိအမိကောင်းမွန်ခဲ့သဖြင့် အကျိုးအမြတ်ရှိခဲ့ကြောင်း အင်းအစုအဖွဲ့မှ ခေါင်းဆောင် ဦးညိုဝင်းက ပြောသည်။ မကျီးလဟာစစ်ကိုင်းအင်းသို့ ရောက်ရှိစဉ် ဖမ်းဆီးရမိသော ငါး ၁၈ မျိုးကိုလည်း မှတ်တမ်းတင်နိုင်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

■

# ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်း ငလိုက်စခန်းသာဆင်ထိန်းသိမ်းစောင့်ရှောက်ရေးစခန်းနှင့် သစ်တောစိုက်ခင်းများ စစ်ဆေး

**နေပြည်တော် နိုဝင်ဘာ ၂၇**

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်းသည် ယနေ့ နံနက်ပိုင်းတွင် မြန်မာ့သစ်လုပ်ငန်းက နေပြည်တော် ပြည်ထောင်စုနယ်မြေ ဥတ္တရသီရိမြို့နယ် ငလိုက်စခန်းသာ ဆင်ထိန်းသိမ်းစောင့်ရှောက်ရေးစခန်း၌ ဆောင်ရွက်လျက်ရှိသည့် တောတွင်းဖြတ်လျှောက်လမ်း၊ ကမ်းခြေလျှောက်လမ်း၊ ရေပေါ်ဗောတံတား တည်ဆောက်နေမှုလုပ်ငန်းအား ကြည့်ရှုစစ်ဆေးသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် တောတွင်းဖြတ်လျှောက်လမ်း၊ ကမ်းခြေလျှောက်လမ်း၊ ရေပေါ်ဗောတံတားတည်ဆောက်နေမှု လုပ်ငန်းဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးရာ ယာယီရှင်းလင်းဆောင်တွင် မြန်မာ့သစ်လုပ်ငန်း ဒုတိယအထွေထွေမန်နေဂျာက လုပ်ငန်းဆောင်ရွက်မှု အသေးစိတ်အစီအစဉ်နှင့် ဆက်လက်ဆောင်ရွက်မည့် အစီအမံများကို ပါဝါပွိုင့်ဖြင့် ရှင်းလင်းတင်ပြပြီး သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာညီညီကျော်နှင့် ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးတင်ထွန်းတို့က လိုအပ်ချက်များကို ဖြည့်စွက်ဆွေးနွေးကြသည်။

ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီးက တောတွင်းလျှောက်လမ်းအား သဘာဝအတိုင်းမြေသားလမ်းအတိုင်းဆောင်ရွက်ရန်၊ တံတားအဆင်းအတက် နေရာများတွင် မချော်အောင် စီမံဆောင်ရွက်ရန်၊ အပန်းဖြေနားနေရန် လာရောက်ကြသည့် သက်ရွယ်ကြီးသူများနှင့် ကလေးငယ်များ ဘေးအန္တရာယ်ကင်းရှင်းရေးအတွက် တံတားလက်ရန်းများ၊ အကာများကိုလည်း ခိုင်ခံ့အောင် ဆောင်ရွက်ရန်၊ တည်ဆောက်ရေးလုပ်ငန်းဆောင်ရွက်ရာ၌ ဘေးအန္တရာယ်မဖြစ်စေရေးကို အလေးထားဆောင်ရွက်ရန်၊ တည်ဆောက်ရေးလုပ်ငန်း ဆောင်ရွက်လျက်ရှိသည့် ဝန်ထမ်းများနှင့် လုပ်သားများကိုလည်း စားသောက်ရေး၊ နေထိုင်ရေးများ၌ ကျန်းမာရေးဦးစီးဌာနက ချမှတ်ထားသည့် လမ်းညွှန်ချက်များနှင့်အညီ လိုက်နာကျင့်သုံးနေထိုင်ဆောင်ရွက်ရန်အတွက် အထူးကြပ်မတ်ဆောင်ရွက်ရန်၊ တောတွင်းလျှောက်လမ်း ရေတိုက်စားသည့်နေရာများ၌ နုန်းတားဆည်ငယ်များ တည်ဆောက်ရန်၊ နေရာလွတ်များ၌လည်း ဒေသသစ်မျိုးနှင့် ဝါးမျိုးများ စိုက်ပျိုးရန်၊ မူလဂေဟစနစ်အား မပျက်စေဘဲ ပြည်သူများလေ့လာ အပန်းဖြေနိုင်စေရေး စီစဉ်ဆောင်ရွက်ရန်နှင့် ဆင်များ၏ ကျန်းမာရေးနှင့် အစာရိက္ခာဖူလုံစေရေး အလေးထားဆောင်ရွက်ရန်တို့ကို ဆွေးနွေးမှာကြားသည်။

ငလိုက်စခန်းသာ ဆင်ထိန်းသိမ်းစောင့်ရှောက်ရေးစခန်းသည် ရန်ကုန်-မန္တလေး အမြန်လမ်း မိုင်တိုင်အမှတ် (၂၁၇/၀)တွင်တည်ရှိပြီး ပြည်သူများအပန်းဖြေနားနေနိုင်ရန်အတွက် ဆင်စခန်းအပြင် တောတွင်းလျှောက်လမ်းနှင့် ရွက်အုပ်ဖြတ်လျှောက်လမ်းများ စီစဉ်ထားရှိသည်။ ထို့အပြင် မိသားစုအလိုက် ထမင်းစား၊ အပန်းဖြေနားနေနိုင်ရန်အတွက် တဲငယ်များကိုလည်း သဘာဝအတိုင်း စီစဉ်ထားကြောင်း သိရသည်။

ကိုဗစ်အလွန်ကာလ ပြန်လည်ဖွင့်လှစ်ချိန်တွင်လည်း ဆန်းသစ်မှုများစွာဖြင့် ပြည်သူတို့အား စိတ်အပန်းဖြေနိုင်စေရေးအတွက် တောတွင်းဖြတ်လျှောက်လမ်း၊ ကမ်းခြေလျှောက်လမ်းနှင့် ရေပေါ်တံတား စုစုပေါင်းပေအရှည် ၄၈၁၇ပေ ကို စီစဉ်ဆောင်ရွက်လျက်ရှိပြီး၊ ယခုအခါ တည်ဆောက်မှုလုပ်ငန်းစဉ် ၄၀ ရာခိုင်နှုန်းခန့် ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ရန်ကုန်-မန္တလေးအမြန်လမ်း၊ မိုင်တိုင် အမှတ်(၂၁၉/၀)၊ တောင်ညိုကြိုးဝိုင်းအကွက်အမှတ် (၇၅)ရှိ ၁၉၈၆ ခုနှစ် ပိတောက်ပင်ကျပ်နုတ် စိုက်ခင်းအား ကြည့်ရှုစစ်ဆေးသည်။ ပင်ကျပ်နုတ်စိုက်ခင်းအတွင်း သစ်တောသုတေသနဌာန ညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများက စိုက်ခင်းအား နမူနာကွက်များခွဲ၍ ပင်ကျပ်နုတ် နည်းအဆင့် အမျိုးမျိုးဖြင့် ပင်ကျပ်နုတ်ဆောင်ရွက်ခဲ့ပြီး ကြီးထွားရှင်သန်မှု အကောင်းဆုံးဖြစ်သည့် ပင်ကျပ်နုတ် နည်းအဆင့်ကို ရှင်းလင်းတင်ပြရာ သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က လက်ရှိ အသုံးပြုလျက်ရှိသည့် ပင်ကျပ်နုတ်နည်းအပြင် နိုင်ငံတကာတွင် ကျင့်သုံးဆောင်ရွက်လျက်ရှိသည့် ပင်ကျပ်နုတ်နည်းစနစ်ကို စမ်းသပ်ဆောင်ရွက်နေမှုကို ဖြည့်စွက်တင်ပြသည်။ ပြည်ထောင်စုဝန်ကြီးက ယခုချမှတ်ထားသည့် နမူနာကွက်များကို အမြဲတမ်းနမူနာကွက်အဖြစ် သတ်မှတ်ထားရှိ၍ နမူနာအကွက်အလိုက်ဆောင်ရွက်ခဲ့သည့် ပင်ကျပ်နုတ်နည်းစနစ်များကို မှတ်တမ်းပြုစုထားရှိရန်၊ နမူနာကွက်အလိုက် အပင်များ၏ ကြီးထွားမှုအခြေအနေကို မှတ်တမ်းထားရှိရန်နှင့် သစ်တောသုတေသီများအတွက် အကျိုးဖြစ်ထွန်းစေမည့် သုတေသနစာတမ်း တစ်စောင်ပေါ်ထွက်လာစေရေးအတွက် ကြိုးပမ်းဆောင်ရွက်ကြရန် မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



# ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး ရန်ကုန်တက္ကသိုလ် နှစ် ၁၀၀ ပြည့် ရာပြည့်အထိမ်းအမှတ် နိုင်ငံတကာသုတေသနညီလာခံတွင် အဖွင့်အမှာစကားပြောကြား

**နေပြည်တော် နိုဝင်ဘာ ၂၇**

ရန်ကုန်တက္ကသိုလ် နှစ် ၁၀၀ ပြည့် ရာပြည့် သဘင်အခမ်းအနား အထိမ်းအမှတ်အဖြစ် Virtual စနစ်ဖြင့် ကျင်းပလျက်ရှိသော နိုင်ငံတကာသုတေသန ညီလာခံကို Transformation Processes in Myanmar V ခေါင်းစဉ်ဖြင့် ရန်ကုန်တက္ကသိုလ်နှင့် ဂျာမနီနိုင်ငံ ကိုလုံးတက္ကသိုလ်တို့ ပူးပေါင်း၍ နိုဝင်ဘာ ၂၇ ရက်မှ ၂၈ ရက်အထိ ကျင်းပလျက်ရှိသည်။

**စာတမ်း ၄၁ စောင်ဖတ်ကြား**

ယင်းသုတေသနညီလာခံတွင် နိုင်ငံပေါင်း ၁၁ နိုင်ငံရှိ တက္ကသိုလ်များနှင့် ပြည်တွင်းတက္ကသိုလ် ပေါင်း ၂၀ မှ သုတေသနပညာရှင်ပေါင်း ၈၂ ဦးတို့က သုတေသန စာတမ်းပေါင်း ၄၁ စောင်ကို ဖတ်ကြားဆွေးနွေးကြသည်။ ထိုညီလာခံတွင် ပညာရေးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ပါမောက္ခချုပ်များ၊ မြန်မာနိုင်ငံတက္ကသိုလ်များမှ ပါမောက္ခများ၊ ပြည်တွင်းပြည်ပ စာတမ်းရှင်များ စုစုပေါင်း ၂၀၀ ခန့် တက်ရောက်ခဲ့ကြသည်။

ယနေ့ မွန်းလွဲ ၁ နာရီတွင် ကျင်းပသော နိုင်ငံတကာသုတေသနညီလာခံ ဖွင့်ပွဲအခမ်းအနားတွင် ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက ရန်ကုန်တက္ကသိုလ် နှစ် ၁၀၀ ပြည့် ရာပြည့်အထိမ်းအမှတ်အဖြစ် အစီအစဉ်ပေါင်းများစွာကို တစ်နှစ်ပတ်လုံး ကျင်းပလျက်ရှိရာ ယနေ့မှစတင်၍ နှစ်ရက်ကြာ ကျင်းပလျက်ရှိသော နိုင်ငံတကာသုတေသနညီလာခံသို့ ပြည်တွင်းပြည်ပ ပညာရှင်ပေါင်း ၈၂ ဦးတို့က နိုင်ငံတကာသုတေသနစာတမ်းပေါင်း ၄၁ စောင်ကို ဖတ်ကြားဆွေးနွေးကြသည့်အတွက် များစွာ ကျေးဇူးတင်ရှိ၍ ဂုဏ်ယူဝမ်းမြောက်ပါကြောင်း၊ နိုင်ငံပေါင်း ၁၁ နိုင်ငံမှ ပညာရှင်များက သုတေသနစာတမ်းများ ပါဝင်ဆွေးနွေးကြခြင်းသည် မြန်မာနိုင်ငံအနေဖြင့် နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်မှုများ မြင့်မားလာမှု၏ အထောက်အထားပင်ဖြစ်ပါကြောင်း၊ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုသည် တက္ကသိုလ်တစ်ခု၏ သုတေသန၊ သင်ကြားရေးနှင့် စီမံခန့်ခွဲရေး၏ အရေးပါသော အခန်းကဏ္ဍတွင် ပါဝင်ပါကြောင်း၊ ယင်း၏ အသီးအပွင့်များကို တက္ကသိုလ်များမှ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ စီမံခန့်ခွဲရေး ဝန်ထမ်းများအားလုံး ရရှိခံစားနိုင်မည် ဖြစ်ပါကြောင်း၊ ပညာရပ်ဆိုင်ရာ အတွေးအမြင်၊ အယူအဆ၊ အတွေ့အကြုံကောင်းများ၊ ဖြေရှင်းနည်းများသည် ထိရောက်သော သင်ယူမှုဝန်းကျင်ကောင်းကို ဖန်တီးရာတွင်လည်းကောင်း၊ နယ်ပယ်စုံတွင် ပညာဗဟုသုတ အတွေ့အကြုံများကို ဝေမျှရာတွင် လည်းကောင်း များစွာအထောက်အကူပြုပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ASEAN University Network နှင့် Erasmus+ University Network ကဲ့သို့သော နိုင်ငံတကာ သိပ္ပံပညာရပ်ကွန်ရက်များမှ တက္ကသိုလ်များ၊ ပညာရှင်များနှင့် ပူးပေါင်းဆောင်ရွက်မှုများသည် အပြန်အလှန် အသိအမှတ်ပြုမှုနှင့် အပြန်အလှန် နားလည်ယုံကြည်မှုတိုးတက်မှုကို ထင်ဟပ်ပါကြောင်း။

**ပညာရပ်ဆိုင်ရာလွတ်လပ်ခွင့်**

ဤသို့နိုင်ငံတကာသုတေသန ညီလာခံများ ကျင်းပခြင်းဖြင့် ၂၀၀၃ ခုနှစ်တွင် ရေးထိုးခဲ့သော နားလည်မှုစာချွန်လွှာအရ ရန်ကုန်တက္ကသိုလ်နှင့် ကိုလုံးတက္ကသိုလ်တို့၏အကြား ပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်နိုင်ပြီး ပိုမိုခိုင်မာသော ဆက်ဆံရေးကို နှစ်ပေါင်းများစွာ ဆက်လက်ထူထောင်နိုင်မည် ဖြစ်ပါကြောင်း၊ ပညာရေးဝန်ကြီးဌာနအနေဖြင့် အရည်အသွေးအခြေပြု ရာထူးတိုးမြှင့်ရေးမူများအရ ပြည်တွင်း၊ ပြည်ပ သုတေသနလုပ်ငန်းများကို အားပေးလျက်ရှိပါကြောင်း၊ ရန်ကုန်တက္ကသိုလ်အပါအဝင် တက္ကသိုလ် ၁၆ ကျောင်းတွင် ပညာရပ်ဆိုင်ရာ လွတ်လပ်ခွင့်ကို ကနဦးကျင့်သုံးလျက်ရှိပါကြောင်း၊ ဆရာဖလှယ်ရေး၊ ကျောင်းသားဖလှယ်ရေးအတွက် နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း၊ ယနေ့ကျင်းပသော နိုင်ငံတကာသုတေသနညီလာခံကဲ့သို့သော ညီလာခံများ၊ ဆွေးနွေးပွဲများ၊ အရည်အသွေးမြှင့်တင်ရေးသင်တန်းများသည် ပညာရပ်ဆိုင်ရာ တီထွင်ဆန်းသစ်မှုများအတွက် ပြောဆိုဆွေးနွေးနိုင်သော Platform များ ဖြစ်ပါကြောင်းနှင့် ဆန်းသစ်သော သုတေသနတွေ့ရှိချက်များကို ဤညီလာခံတွင် ပွင့်လင်းစွာ အကြံပြုဆွေးနွေးပေးကြရန် တိုက်တွန်းပါကြောင်း ပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုသမ္မတဂျာမနီနိုင်ငံ သံအမတ်ကြီးကိုယ်စား Head of the Cultural Section Mr. Frank Thierfelder၊ ပါမောက္ခချုပ်များ ကော်မတီဥက္ကဋ္ဌ ဒေါက်တာဇော်ဝေစိုးနှင့် ရန်ကုန်တက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာဖိုးကောင်းတို့က ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားသည်။

ထို့နောက် ဂျာမနီနိုင်ငံ ကိုလုံးတက္ကသိုလ်မှ Prf. Dr. Frauke Kraas က Keynote Speech ပြောကြားကာ အစီအစဉ်အတိုင်း သုတေသနစာတမ်းများ ဖတ်ကြားတင်သွင်းဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**





**❂ သီလဝါဆိပ်ကမ်းမှ**

မြန်မာ့ဆိပ်ကမ်းသမိုင်းတွင် တန်ချိန်အများဆုံးနှင့် အရှည် ၂၇၂ မီတာရှိ သဘာဝဓာတ်ငွေ့ရည်တင်သင်္ဘောကြီး ဝင်ရောက်ဆိုက်ကပ်နိုင်ခဲ့ကြောင်း သိရသည်။

**သင်္ဘောကြီးများ ဆိုက်ကပ်လာနိုင်**

ရန်ကုန်မြစ်ကြောင်းသည် ပုဇွန်တောင်ချောင်းနှင့် ပဲခူးမြစ်ဆုံရာတွင် တည်ရှိသဖြင့် နုန်းတင်အနည်ချမှုများပြားကြောင်း၊ ရန်ကုန်မြစ်ကြောင်း ရေလမ်းကြောင်းကောင်းမွန်ရေး ငါးနှစ်စီမံကိန်းကို ဆောင်ရွက်နိုင်၍ ရေလမ်းကြောင်းမှ ၂၀၂၀ ပြည့်နှစ်မှစကာ ရေလမ်းကြောင်းသစ်ပေါ်ထွန်းလာခြင်း၊ မူလရေကြောင်းစီးဆင်းမှုကောင်းလာခြင်းတို့ကြောင့် ရေစူးနက်သော သင်္ဘောကြီးများ ဆိုက်ကပ်လာနိုင်ခြင်းဖြစ်ကြောင်း သိရသည်။

၂၀၂၀ ပြည့်နှစ် ဇူလိုင် ၁ ရက် မှစပြီး နိုဝင်ဘာလအထိ ရန်ကုန်ဆိပ်ကမ်းသို့ရေစူး ကိုးမီတာရှိ သင်္ဘော ကိုးစင်း၊ ကုန်တန်ချိန် ၁၅၀၀၀ မှ ၃၀၀၀၀ အထိရှိကြောင်း သိရသည်။ ယင်းကာလအတွင်း သီလဝါဆိပ်ကမ်းဒေသသို့ ရေစူး ကိုးမီတာမှ ၉ ဒသမ ၁ မီတာရှိ သင်္ဘော ၁၁၄ စင်း၊ ရေစူးအနက် ၉ ဒသမ ၁ မှ ၉ ဒသမ ၄ ရှိ သင်္ဘော ၁၂ စင်း၊ ရေစူး ၉ ဒသမ ၄ မှ ၉ဒသမ ၇ ရှိ သင်္ဘော သုံးစင်း၊ ရေစူး ၉ ဒသမ ၇ မှ ၁၀ မီတာရှိ သင်္ဘော တစ်စင်းတို့ကို ဆိုက်ကပ်နိုင်ခဲ့ကြောင်း၊ ရေစူး တစ်မီတာနက်တိုင်းနက်တိုင်း ကုန်တန်ချိန်ပိုမိုတင်ဆောင်နိုင်ခဲ့ကြောင်း သိရသည်။

ရန်ကုန်အတွင်းဆိပ်ကမ်းများသို့ သင်္ဘောအရှည် မီတာ ၁၉၀ မှ ၂၀၀ အထိသာခွင့်ပြုထားကြောင်း၊ တန်ချိန်မှာ ၁၅၀၀၀ မှ ၂၀၀၀၀ ရှိကြောင်း၊ ထိုအတောအတွင်း သီလဝါဆိပ်ကမ်းသို့ အရှည် မီတာ၂၀၀အထက် သင်္ဘောများ ဆိုက်ကပ်လျက်ရှိကြောင်း၊ ကုန်တန်ချိန်အားဖြင့်လည်း တန် ၃၀၀၀၀ ခန့်ရှိကြောင်း သိရသည်။

**မြင့်မောင်ကျော်**

ရန်ကုန်တက္ကသိုလ်ရာပြည့်အထိမ်းအမှတ်
အထူးထဲ့
ကြေးမုံ

# အမိတက္ကသိုလ်မြေမှ မူသစ်ဆောက်တည်ခဲ့ကြသူများ

ဒေါက်တာညိမ်းညိမ်း



ရန်ကုန်တက္ကသိုလ်ဘွဲ့နှင်းသဘင်ခန်းမ။ ဓာတ်ပုံ- မြင့်မောင်မောင်

တက္ကသိုလ်ဆိုတာ လေ့လာသင်ယူ စုဆောင်းကြံ့စည်တွေးတော၊ ကြံဆတီထွင်ဖြန့်ချိရတဲ့ နေရာပါ။ မျက်မှောက်ခေတ် အလိုအရတော့ သုတေသနရပ်ဝန်းတဲ့။ ရန်ကုန်တက္ကသိုလ်မှာ တာဝန်ထမ်းဆောင်နေတဲ့ ကျွန်မဟာ သုတေသနရပ်ဝန်းမှာ ဘာတာဝန်တွေထမ်းလို့၊ ဘာတွေများ တီထွင်ကြံဆ တိုးတက်ပြန့်ပွားအောင် လုပ်ခဲ့သလဲလို့ ဆင်ခြင်မိပါတယ်။ သိပ္ပံပညာရပ်တွေလို ခေတ်ခွဲခန်းရလဒ်တွေနဲ့ သက်သေမပြနိုင်တဲ့ ဝိဇ္ဇာဘာသာရပ်တွေက လူတွေရဲ့ လောကအမြင်၊ ဘဝအမြင်တွေ ဖွံ့ဖြိုးတိုးတက်ပြောင်းလဲအောင် ဘာတွေ စွမ်းဆောင်နိုင်ခဲ့သလဲ၊ သက်သေပြမလဲလို့ မေးစရာ၊ တွေးစရာဖြစ်ပါတယ်။

ဆရာတက္ကသိုလ်ဘုန်းနိုင်ရေးသားခဲ့တဲ့ "တက္ကသိုလ်နန်း" သီချင်းမှာ "ပညာတံခွန် အောင်လံလွှင့်လို့ ကြင့်နှမြင့်တော့လေသည်။ ဝိဇ္ဇာလောက မူသစ်ဆောက်တည် အဝိဇ္ဇာမောဟ မြူညစ်ပျောက်မည်"လို့ တက္ကသိုလ်ကျောင်းတော်ကြီးက သင်ကြားပေးလိုက်တဲ့ ပညာတွေနဲ့ မသိခြင်း၊ မတတ်ခြင်း၊ နားမလည်ခြင်း၊ ဆင်ခြင်တုံတရားမရှိခြင်း၊ မေ့လျော့ပေါ့ဆခြင်းဆိုတဲ့ အဝိဇ္ဇာမောဟတွေကို ပယ်ရှားဖို့ လမ်းညွှန်ခဲ့ပါတယ်။

ရန်ကုန်တက္ကသိုလ်ဟာ "ဝိဇ္ဇာလောက မူသစ်ဆောက်တည်ခဲ့တဲ့ တက္ကသိုလ်ကြီး" ပါလို့ ညွှန်းဆိုနိုင်မယ့် အချိန်တွေကို မြန်မာစာသမားတစ်ယောက်အနေနဲ့ ပြန်ဆင်ခြင်မိတဲ့အခါ တွေးနေကျအတွေး၊ မြင်နေကျ အမြင်တွေက လမ်းခွဲထွက်ပြီး အတွေးအမြင်သစ်တွေကို ရဲရဲဝံ့ဝံ့ ဖော်ထုတ်ပြလိုက်တဲ့ ခေတ်စမ်းပုံပြင်တွေကို အမှတ်ရမိပါတယ်။ "ခေတ်စမ်းရနံ့ဖြာ လောကဘုံဓမ္မတာ"ဆိုတဲ့အတိုင်း ပုံပြင်တွေ ဒဏ္ဍာရီတွေနဲ့ကွာခြားတဲ့ လောကီထုပ္ပတ် လူတို့ဇာတ်ကို အရှုအမြင်တစ်မျိုးနဲ့ ခေတ်စမ်းစာဆိုတွေက ကြည့်ခဲ့ကြတယ်။ ရေးသားခဲ့ကြတယ်။ ဒါကြောင့် ကျွန်မတို့ဟာ အဆင်တန်ဆာထက် အရိုးခံသဘာဝကို လက်ခံလာခဲ့တယ်။ ခေတ်စမ်းပုံပြင်ဖန်တီးသူတွေရဲ့ ဦးဆောင်မှုကြောင့် လောကကိုရှုမြင်ပုံတွေ ပြောင်းလဲခဲ့ပါတယ်။

"မြေအုတ်တို့ ပြိုလေရာ ကျောက်အုတ်တို့ဖြင့် အစားထိုးအံ့ "ဆိုတဲ့ ဂန္ထလောကမဂ္ဂင်းရဲ့ ကြွေးကြော်သံအတိုင်း ခေတ်စမ်းပုံပြင်မှာ သူတို့ရဲ့အတွေးအခေါ်တွေကို ချပြခဲ့သူတွေကတော့ သိပ္ပံမောင်ဝ၊ မောင်ဇမောင်၊ မောင်သိန်းဟန် (ဇော်ဂျီ)၊ မောင်ဝန် (မင်းသုဝဏ်)၊ မောင်တိုးအောင် စတဲ့ ရန်ကုန်တက္ကသိုလ်က ကျောင်းသားတစ်စုပါပဲ။ အတွေးရော အရေးပါဆန်းသစ်အောင် မူသစ်ဆောက်တည်ခဲ့ကြသူတွေလို့ ဆိုနိုင်ပါတယ်။ ဝါကျတိုဖွဲ့ဟန်ထူးထူးခြားခြားနဲ့ ခေတ်စမ်းပုံပြင်များစွာကို ဖန်တီးခဲ့သူကတော့ သိပ္ပံမောင်ဝပါ၊ ရှေးအခါက ဝါကျရှည်ကြီးတွေနဲ့ လေသံရှည်ရှည် ရေးလေ့ရှိတဲ့ စာဟန်ကို ပြောင်းလို့ စာဖတ်ပရိသတ်ကို ဖမ်းစားလိုက်တဲ့ သိပ္ပံမောင်ဝရဲ့ ဝါကျတိုရေးဖွဲ့ဟန်တွေက ရှင်းလင်း လွယ်ကူ ပါတယ်။

"နံနက်ခင်း တဲအနီး မီးလှုံကာ ထန်းမြစ်ဖုတ်စား၊ ပဲပြုတ်နှင့်ထမင်းကြမ်းကို လက်ဖက်ရည်ကြမ်းနှင့်မြည်း ဆိမ့်တိမ့်တိမ့် အီတီတီ၊ နတ်သုဒ္ဓါမီပွဲ့မလား၊"

"ညနေခင်းတွင် မြစ်ဆိပ်မှာ အပျိုတစ်သင်း ရေခပ်ဆင်းရာကြ၊ တစ်ယောက်ကိုတစ်ယောက် ခေါ်သူခေါ်ပျော်လိုက်ကြတဲ့ အပျိုတွေ အတင်းပြောလိုပြော ရည်းစားအကြောင်း ဆွေးနွေးလိုဆွေးနွေး -- " "လောကတွင်ကျေနပ်လျှင် စိတ်ချမ်းသာ၊ စိတ်ချမ်းသာလျှင် သုခကြီးပင်တည်း" လို့ ကောက်ချက်ချပြလိုက်တဲ့ သိပ္ပံမောင်ဝရဲ့ လောကအမြင်က တွေးစရာဖြစ်ပါတယ်။ ရောင့်ရဲတင်းတိမ်စွာ နေတတ်ခြင်းဟာ ချမ်းသာခြင်းပါပဲလို့ သတိပြုမိလာစေပါတယ်။

"ရွာ့ကျက်သရေ" လို့ဆိုတဲ့ ဆရာစောရဲ့ ရွာကျောင်းကလေးက ဆရာစောနဲ့ကျောင်းသားတွေကို သိပ္ပံမောင်ဝ ကြည့်ပုံရှုပုံက တစ်မျိုးထူးခြားပါတယ်။

"ဆရာစော၏ ပုံပန်းကား အသားနက်နက်၊ မျက်လုံးကျယ်ကျယ်၊ နှုတ်ခမ်းတွဲတွဲ၊ နှာတံကောက်ကောက်သို့သော် ကြောက်စရာကား မကောင်းပေ။ တစ်ထွာခန့်ရှည်သော ဆံတိုများကို သိမ်းရုံးကာ မျက်နှာသုတ်ပဝါဖြင့် ပေါင်းထား၏၊ အင်္ကျီကားမရှိ၊ လုံကွင်းမှာ လက်နီးရောင်၊ ဖာထေးရာတွေမှာ အနန္တ၊ အောက်ဘက်အစတွင် အကွဲကနှစ်ကွဲ၊ လက်ထဲတွင်ကား ကြိမ်လုံးတစ်လုံးကိုကိုင်လျက်။"

"သစ်မရှိခင်စပ်ကြား ဝါးပေါင်းကွပ်" ဆိုသော စကားနှင့်အညီ ကျိုး၍သွားသော သစ်သားရိုး၏ နေရာတွင် ဝါးရိုးကို တပ်၍ထား၏။ ထိုဆေးတံကြီးကို ဖွာကာဖွာကာ ဆယ်အိမ်ခေါင်း ဦးလူမော်နှင့် တွဲရေးခွဲရေးအကြောင်း ဆွေးနွေးနေကြလေသည်"----လို့ ဆရာစောကို ပုံဖော်ပါတယ်၊ အဲဒီအချိန် သူ့ကျောင်းသားတွေ ဘာလုပ်နေသလဲ ဆိုတာကို ကြည့်ကြပါဦး။

"မောင်တင်နှင့်မယ်အေးတို့သည် တစ်ယောက်ကို တစ်ယောက် ဆဲရေးနေကြလေသည်။ ငထွန်းကား စာမအံ၊ ယင်ကောင်တွေဖမ်းမိလျှင် နောက်တိုး၏ နားထဲသို့ လွှတ်သွင်းသဖြင့် နောက်တိုးနှင့် ငထွန်းတို့ တစ်ယောက်နှင့်တစ်ယောက် စကားများကြပြီးနောက် တစ်ယောက်တစ်ချက်စီ ထိုးနေကြလေသည်"တဲ့။

ဆရာစောရဲ့ကျောင်းကို ရွာ့ကျက်သရေ၊ ဆရာစောကျောင်းက ကျောင်းသားတွေဟာ နောင်တစ်ချိန်မှာ မြန်မာပြည်ရဲ့ သမ္မတဖြစ်လာနိုင်တယ်လို့ သိပ္ပံမောင်ဝက ကောက်ချက်ချပါတယ်။ လူသားတွေရဲ့ စွမ်းပကားဆိုတာ ဘောင်ခတ်လို့မရနိုင်ကြောင်း ပြသခဲ့တယ်လို့ ဆိုနိုင်ပါတယ်။

ကြုံရဆုံရ ဘုံဘဝမှာ ကျင်လည်နေသူတွေရဲ့ အပြုအမူတွေကို အာရုံပြုရေးဖွဲ့တတ်တဲ့ ဇော်ဂျီရဲ့ "သေ့တွဲနဲ့နတ်ရုပ်"ဆိုတဲ့ ခေတ်စမ်းပုံပြင်ထဲက ကိုချိပ်နဲ့ မရွှေပွင့်တို့လင်မယား ရန်ဖြစ်တဲ့ အခန်းဟာ သဘာဝကျလှပါတယ်။ မုဆိုးဖို ကိုချိပ်ဟာ မရွှေပွင့်ရဲ့ သေ့တွဲကို မြင်ပြီး ချမ်းသာတယ်လို့ ယူဆတယ်။ စလုတ်ရဲ့ ဝဲယာ နှစ်ဖက်မှာ ဆေးနီနဲ့ နတ်ရုပ်ထိုးထားတဲ့၊ မန္တလေးပုဆိုးကိုခါးပေါ်ကမချတဲ့ မုဆိုးဖို ကိုချိပ်ကို အထင်ကြီးခဲ့တဲ့ မရွှေပွင့်တို့နှစ်ယောက်ဟာ ပတ်ဝန်းကျင်က တိုက်တွန်းမှုတွေကြောင့် ပေါင်းဖက်ခဲ့ပါတယ်။ ဒါပေမဲ့ အိမ်ထောင်သည်ဘဝကို ရောက်တဲ့အခါ အပေါ်ယံဟန်ဆောင်မှုတွေ ကွာကျပြီး အချင်းချင်းရဲ့ တကယ့်ဘဝကို သိမြင်လာတယ်။ အဲဒီအခါမှာ ဘယ်လိုမှ အဆင်မပြေတော့ဘဲ တစ်ယောက်နဲ့တစ်ယောက် စောင်းချိတ်ပြောဆိုကြပါတော့တယ်။

"ဟဲ့--ခွေး--တိတ်၊ နွားလှည်းက သူ့ဘာသာ သူမြည်တာ နင်နဲ့ဘာဆိုင်လို့လဲ"

"အိမ်ဦးခန်း သင်ဖြူးဖျာချောပေါ်တွင် အစင်းသား အိပ်နေသော ကိုချိပ်သည် ခေါင်းထောင်ကြည့်လိုက်၏။ ထိုအခါ မရွှေပွင့်က --

"နင့်ကို မွေးမိတာ ငါ့မှာ ငါးပါးကြီးမှောက်နေပြီ။ နင်ဟာ အူတတ် ဟောင်တတ်တာပဲ သိတယ်။ နင့်မှာ ဘာအမွေးတစ်ပင်မှ မရှိဘူး။"

"မရွှေပွင့်ရယ် ခွေးနဲ့ဖက်ပြီး ရန်ဖြစ်ရသလား။"

"ဖြစ်တယ် ဖြစ်တယ်။ တော်နဲ့ဘာမှ မဆိုင်ဘူး"

"တယ် --ဒီမိန်းမ--"

"ဘာ---ဘာ--"

"မင်းမှာလဲ ဘာအမွေးတစ်ပင် ရှိလို့လဲ။ သေ့တွဲပဲ ရှိတယ် မဟုတ်လား"

လင်မယားရန်ဖြစ်ခန်းကို သဘာဝကျကျရေးဖွဲ့ထားတာ ပီပြင်လှပါတယ်။ သေ့တွဲကြီးကို ခါးမှာ ချိတ်ထားတတ်တဲ့သူတွေကိုတွေ့ရင် မရွှေပွင့်ကိုအမှတ်ရပြီး ပြုံးမိတတ်လာပါတယ်။ အပေါ်ယံဟန်ဆောင်မှုကို အထင်ကြီးမိရင် လက်တွေ့ဘဝမှာ ဒုက္ခနဲ့ရင်ဆိုင်ရပါလားလို့လဲ တွေးတတ်လာပါတယ်။

"ဦးသောဘိတနဲ့ကိုခင်" ဆိုတဲ့ ခေတ်စမ်းပုံပြင်မှာတော့ မိန်းမတွေမကောင်းကြောင်း ရေးတတ်တဲ့ ရှေးစာဆိုတွေရဲ့ အယူအဆကို ဆင်ခြင်သင့်တယ်လို့ ဆရာဇော်ဂျီက အလင်းပြပါတယ်။

ဇာတ်ဆောင်ဟာ မိန်းမ မကောင်းကြောင်းတွေကို ရေးထားတဲ့ စာအုပ်နှစ်အုပ်ကို မန္တလေးမြို့ စကုတိုက်မှာနေတဲ့ ဦးသောဘိတဆီကို ပို့ပေးရမှာပါ၊ အဲဒီစာအုပ်နှစ်အုပ်လုံးက မိန်းမ မကောင်းကြောင်းတွေကို ရေးထားတယ်တဲ့။ ဒီစာအုပ်တွေကို လှန်လှောဖတ်ရင်း ဇာတ်ဆောင်က ဒီလိုတွေးပါတယ်။

"အော်-- ဒီစာအုပ်ထဲမှာ မိန်းမတွေ မကောင်းကြောင်းချည်း ရေးထားတာပဲ၊ ရေးတဲ့သူဟာ မိန်းမတွေနဲ့ ခွကျခဲ့ပြီထင်တယ်။ နောက်ပြီးတော့ မိန်းမတွေကို "မရှိမကောင်း ရှိမကောင်းတည့်။ မပေါင်းလဲခက် ပေါင်းလဲခက်၏"တဲ့။ ဆိုလို့ ရွတ်လို့တော့ အကောင်းသား။ နို့ပေတဲ့ ဒီလိုသာဖြစ်ရင် ယောကျ်ားတွေ ဘယ်လိုနေကြရမလဲ" လို့ ဇာတ်ဆောင်က တွေးနေပါတယ်။

စာပို့တိုက်ကို ရောက်တဲ့အခါမှာတော့ ယောကျ်ားကို အင်မတန် မြတ်နိုးတွယ်တာ ဂရုစိုက်တဲ့ စာပို့တိုက်က စာရေးမကြောင့် ဇာတ်ဆောင်ရဲ့ အတွေးတွေ ပြောင်းလဲသွားပါတယ်။

စာမျက်နှာ ၇ သို့ ❂

**ရန်ကုန်တက္ကသိုလ်ဟာ "ဝိဇ္ဇာလောက မူသစ်ဆောက်တည်ခဲ့တဲ့ တက္ကသိုလ်ကြီး"ပါလို့ ညွှန်းဆိုနိုင်မယ့်အချိန်တွေကို မြန်မာစာသမားတစ်ယောက်အနေနဲ့ ပြန်ဆင်ခြင်မိတဲ့အခါ တွေးနေကျ အတွေး၊ မြင်နေကျ အမြင်တွေက လမ်းခွဲထွက်ပြီး အတွေးအမြင်သစ်တွေကို ရဲရဲဝံ့ဝံ့ ဖော်ထုတ်ပြလိုက်တဲ့ ခေတ်စမ်းပုံပြင်တွေကို အမှတ်ရမိပါတယ်။ "ခေတ်စမ်းရနံ့ဖြာ လောကဘုံဓမ္မတာ"ဆိုတဲ့အတိုင်း ပုံပြင်တွေ ဒဏ္ဍာရီတွေနဲ့ကွာခြားတဲ့ လောကီထုပ္ပတ် လူတို့ဇာတ်ကို အရှုအမြင်တစ်မျိုးနဲ့ ခေတ်စမ်းစာဆိုတွေက ကြည့်ခဲ့ကြတယ်။ ရေးသားခဲ့ကြတယ်။**

❂ စာမျက်နှာ ၆ မှ

"အော်--ကိုခင် မိုးရွာကြီးထဲမှာ ဘာကိစ္စများ ထူးလာပြန်သလဲ။ အိမ်ကိုရောက်ခဲ့ပလား။ ထမင်းစားပြီးပလား။ ကျွန်မပြင်ထားခဲ့တယ်လေ။ (နာရီကိုကြည့်လိုက်) ဒီနေ့မနက် ကိုခင် အလုပ်ဆင်းတာ စောလှချေကလား၊ လုံချည်လဲ မိုးတွေစိုလို့၊ ရှင့်နှယ်ရှင် ထီးလဲအပါသားနဲ့"

"အင်း--အင်း ဘယ်ကလာပြီး ထမင်းစားရဦးမှာလဲ၊ သော့ကို ထားမပစ်ခဲ့ဘဲနဲ့။"

"ဟောတော့-- ဒေါ်ဒေါ်ခါကို သော့မပေးခဲ့မိဘူး၊ ကြည့်ပါဦး မေ့တတ်လိုက်တဲ့ ဖြစ်ခြင်း"

"နောက်ကို မမေ့ပါဘူးတော်"

စာရေးမဟာ အိမ်သော့ကို ဘေးအိမ်မှာအပ်ထားခဲ့ဖို့မေ့ခဲ့တဲ့အတွက် သူ့ခင်ပွန်းက စာပို့တိုက်ကို လိုက်လာပြီး သော့ယူရပါတယ်၊ ခင်ပွန်းဖြစ်သူ ထမင်းမစားရသေးတာ၊ သော့လိုက်ယူရင်း မိုးစိုလာတာကိုမြင်လို့ စိတ်မကောင်း ဖြစ်နေပါတယ်။ သူ့အလုပ်ကို သတိမရ၊ ဇာတ်ဆောင်ပေးထားတဲ့ စာအုပ်ထုပ်ကို စာရင်းမသွင်းသေးဘဲ ကရားရေလွှတ် တတွတ်တွတ် ပြောနေတယ်။ ယောကျ်ားဖြစ်သူ ကိုခင်က အိမ်သော့ကိုယူပြီး ထွက်သွားချိန်မှာမှ ဇာတ်ဆောင်ရဲ့ စာအုပ်ထုပ်ကို စာရင်းသွင်းပါတယ်။ အဲဒီအခါ လိပ်စာမှာ ဦးသောဘိတလို့ ရေးရမယ့်အစား "ကိုခင်"လို့ ယောင်ပြီး ရေးလိုက်ပြန်တယ်။

စာရေးမရဲ့ မေတ္တာကို ဖော်ပြရင်း မိန်းမမကောင်းကြောင်း ရေးခဲ့တဲ့ စာတွေဟာ မှန်ရဲ့လားလို့ ပြန်သုံးသပ်ဖို့ စာရေးသူက လမ်းပြလိုက်ပါတယ်။ ရှေးအယူအဆတွေ အစွဲအလမ်းအမှားတွေကို ပြောင်းလိုက်ပါလို့ ပြောလိုက်သလိုပါပဲ။ မထင်မှတ်ထားတဲ့ ပြကွက်ကလေး တစ်ခုကြောင့် အယူအဆတွေ ပြောင်းလဲဖို့ အချိန်တန်ပြီလို့ ညွှန်ပြလိုက်တယ်လို့ ကျွန်မနားလည်ပါတယ်။

တစ်ခါက အမျိုးသမီးရေးရာကိစ္စတွေနဲ့ တွေ့ဆုံခန်းတစ်ခုမှာ ကျွန်မကြားလိုက်တာက--

"မိန်းမတွေက သိပ်ကို လေးစားဖို့ ကောင်းပါတယ်။ ခိုင်းလို့လဲ သိပ်ကောင်းပါတယ်။ သူတို့ကို နေရာပေးပြီး ဆက်ဆံဖို့ပဲလိုပါတယ်။ အလုပ်ကအပြန် မောလာသူချင်း အတူတူ ယောကျ်ားလုပ်သူက "ပင်ပန်းလိုက်တာကွာ--မိန်းမရေ"ဆိုပြီး ဂျာနယ်ကောက်ဖတ်နေချိန်မှာ မိန်းမလုပ်သူက ရုံးအဝတ်အစားတောင် မလဲနိုင်ဘဲ သံပုရာရည်ဖျော်ပေးတတ်တဲ့ သူတွေပါ။ ချော့ပြီးတော့သာ ခိုင်းပါလို့" အမေးခံ အမျိုးသမီးက ရယ်စရာနှော၊ပြီး ပြောသွားတယ်။ သူ့မိသားစုဘဝကို သူဘယ်လောက်တောင် ပျော်မွေ့သလဲလို့ ကျွန်မတွေးမိတဲ့အခါမှာ သတိရလိုက်တာက "ဦးသောဘိတနဲ့ ကိုခင်" ထဲက စာရေးမပါပဲ။

မိန်းမမုန်းတရားကိုဖတ်မယ့် ဦးသောဘိတနဲ့ အလုပ်ထဲမှာ အမှားမှားအယွင်းယွင်းဖြစ်သည်အထိ ကိုခင်အတွက် စိတ်ပူနေရှာတဲ့ စာရေးမရဲ့ မေတ္တာကို စာရေးသူက နှိုင်းယှဉ်ကြည့်ပါလို့ ခိုင်းလိုက်သလိုပါပဲ။

ခေတ်စမ်းပုံပြင်တွေကြားထဲမှာ ဖတ်မိတိုင်း ရယ်မောပျော်ရွှင်ရတဲ့ ကျေးရွာဘောလုံးပွဲအကြောင်းကလည်း ထူးခြားပါတယ်။ စာရေးသူ ကုသရေးတဲ့ "ဝဇီကိုင်" ခေတ်စမ်းပုံပြင်က ကော့ဂလဲ့ရွာ ဘောလုံးပွဲမှာ ဒိုင်လူကြီး လုပ်ခဲ့တဲ့ ရန်ကုန်တက္ကသိုလ်ရဲ့ ကျောင်းသားတစ်ဦး ဘာတွေကြုံတွေ့ခဲ့ရတယ်ဆိုတာကို ဟာသနှောလို့ ရေးသားထားပါတယ်။

"ဘောလုံးကွင်းမှာ ဘီ-အေ-အေ ကွင်းလိုမဟုတ်။ ထူးဆန်း မှတ်သားဖွယ် ကောင်းလှ၏။ အလျားအနံ ထပ်တူဖြစ်ရကား လေးထောင့်သဏ္ဌာန်ရှိ၏။ စည်းကြောင်းဟူ၍မရှိ ဘေးနှစ်ဖက် နှစ်ချက်တွင် ရိုးငယ်တစ်ခုသာရှိလေသည်။ ကြုံမှကြုံတွေ့ရတတ်သည်တကား။"

"ကစားမည့်ဘောလုံးအသင်း နှစ်သင်းအနက် တစ်ဖက်အသင်းမှာ အကျႌဗလာ၊ ကျန်တစ်ဖက်မှာကား နတ္ထိ၊ သို့ရှိဘိလည်း တစ်ဖက်အသင်းသားတိုင်း ထုံးကို အရည်ဖျော်၍ ကိုယ်တွင်သုတ်ထားဘိ၏။ အားလုံး ခါးတောင်းကျိုက်နှင့်တည်း။ ဤကားဒွေတာရေး အစစ်ပင်တည်း။"

"အပေါက်စောင့်မှာ ဂိုးသမား၊ ၂-တန်းလူမှာ ဖူးလ်ဘက်၊ ၃-တန်းလူမှာ ဟဖ်ဘက်၊ ၅တန်းလူမှာ ဖောဝါဒ်၊ ရမ်းကားမှာ ဖောင်းလ်၊ ရှေ့လွန်မှာ အောက်ဆိုက်၊ ပိန္နဲသီးမှာ ပယ်နယ်လ်တီ တို့နှင့်ညီကြောင်းများကို အံ့ဩဝမ်းမြောက်စွာ သိရ၏။ အံ့ကြခြင်းကား နိုင်ငံခြား အခေါ်အဝေါ်တို့ကို မြန်မာစကားသက်သက်ဖြင့် မှန်ကန်တိကျစွာ ဘာသာပြန်ဆိုနိုင်ကြောင်း ထင်ရှားသိသာသောကြောင့်တည်း။"လို့ ဆရာကုသက သွက်သွက်လက်လက်ပြောဆိုဟန်နဲ့ ဘောလုံးပွဲကို မိတ်ဆက်ပါတယ်။

အဲဒီမှာ ဒိုင်လူကြီးလုပ်ဖို့သွားတဲ့ တက္ကသိုလ်ကျောင်းသားရဲ့ ဟန်ပန်အမူအရာနဲ့ ဘောလုံးပွဲကို အားပေးကြတဲ့ ရွာသူရွာသားတို့ရဲ့ အော်သံဟစ်သံတွေကြောင့် ဝဇီကိုင်ကိုဖတ်နေရင်း ကိုယ်တိုင်ဘောလုံးကွင်းထဲရောက်နေသလို အင်မတန်ပျော်ရွှင်ခဲ့ရပါတယ်။

"မကြာမီပင် တောက်တဲ့သည် မြွေနဂါးသယ်လာသော ဘောလုံးကို ပြေး၍ဖျက်ရာ ပျက်လေသဖြင့် "တောက်တဲ့ ကွဲ့နော်။" ဟူသောချီးမွမ်းသံသည် ဟိန်း၍ သွားလေ၏။ သဘောကျလွန်းသဖြင့် ကွင်းထဲ ဝင်ကသူများလည်း ရှိ၏။

မကြာမကြာလဲ ကျွန်တော့်အား လက်ညှိုးထိုးကာ "ဗျို့ ဆရာကြီးနဲ့မြင်းကျား မတရားတော့ မလုပ်နဲ့နော် ကာမေသုမိစ္ဆာစာရကံ ထိုက်ပါ့မယ်"ဟု အော်သူတွေမရှား။ "သံသရာဘေးကို ကြောက်ပါနော်"ဟု ဟစ်သူတွေက အဖုံဖုံ၊ အလုံးစုံ တစ်ခဲနက်သော အသံဆိုးကြီးများသည် အထက်မိုးကို ပျံ့နှံ့သွားချေတော့သည်။

ထိုအတွင်းဝယ် မြွေနဂါး ဘောလုံးယူလာရာ ပေါက်ဆိန်ပေါက်သည် ရုတ်တရက်ပြေး၍ ညှိုသကျည်းကို ကန်သဖြင့် မြွေနဂါး ပစ်လဲတော့၏။ ပရိသတ်အတွင်းမှ "ရမ်းကား" ဟူသော အသံဆိုးကြီးကို ကြားလိုက်ရကား ရမ်းကားကို မြွေနဂါးဘက်သို့ပေးရန် ကုလားတက်ခေါက်လိုက်တော့မှ အသံတိတ်တော့၏။ ပရိသတ်ထဲမှ "ဟေ့--ရှားနှစ်၊ ပုဏ္ဏက ဘာလုပ်နေကြသလဲ၊ ချပါတော့လား၊ ဆော်လေ၊ တို့ဆီမှာ ဓားမြှောင်ပါတယ်၊ မကြောက်နဲ့၊ ဘာခံနေရသလဲ"စသည်ဖြင့် အော်စပြုလာတော့၏။"

ဘောလုံးပွဲမှာ လောင်းကြေးထပ်ကြတဲ့ ကျေးရွာသားတို့ရဲ့ ရန်ပွဲကြောင့် နောက်ဆုံးမှာ မြင်းကို ဒုန်းစီးပြီး ပြန်ပြေးခဲ့ရတဲ့ တက္ကသိုလ်ကျောင်းသားရဲ့ အဖြစ်သနစ်ကို ဖတ်ပြီး ဘောလုံးပွဲနဲ့ ပရိသတ်ရဲ့ သဘာဝဟာ ဒီနေ့ဒီအချိန်အထိ မပြောင်းလဲပါလားလို့ မှတ်ချက်ချမိပါတယ်။ "လူတွေဆိုတာ ဘယ်ခေတ်ဘယ်အခါမဆို အတူတူပါပဲ" လို့ အတွေးပွားခဲ့မိပါတယ်။

ခေတ်စမ်းစာဆို မင်းသုဝဏ်ဟာ ကျောင်းမသွားရတဲ့ ကလေးတစ်ယောက်ရဲ့ ခံစားချက်ကို "လောကဓံ"ဆိုတဲ့ အမည်နဲ့ လွမ်းဆွတ်နာကျင်ဖွယ် ပုံဖော်ခဲ့တယ်။ အပြိုင်ဝါကျပုံစံတူသုံးပြီး နာနာကျင်ကျင်ခံစားရေးဖွဲ့ခဲ့တဲ့အတွက် ဖတ်လိုက်တိုင်း ဖတ်လိုက်တိုင်း မြဝတ်ရည်နဲ့ ထပ်တူကျွန်မတို့လည်း စိတ်မကောင်းခြင်းကြီးစွာ ဖြစ်ရပါတယ်။

"သီတင်းကျွတ်၊ တန်ဆောင်မုန်းလလောက်ကစ၍ လုပ်ငန်းကို သိမ်းရုပ်ပြီးလျှင် အားလပ်ခွင့်ယူသွားသော မိုးနတ်သားသည် အလုပ်ခွင်သို့ ပျော်ရွှင်စွာ ပြန်လည်ဝင်ရောက်စ ပြုလေပြီ။ မြဝတ်ရည်မှာကား ကျောင်းသို့ ပြန်မသွားရတော့ချေ။

ဒလတောကြီးတွင် ရွှေဖီပန်း၊ ပျဉ်းမပန်းတို့သည် တောတန်းကို ရနံ့ထုံ၍ ငုံပွင့်စ ပြုလေပြီ၊ ကုန်းအထက်က ပုန်းညက်မြိုင်လည်း ကြိုင်လှိုင်စပြုလေပြီ။ မြဝတ်ရည်မှာကား ကျောင်းသို့ ပြန်မသွားရတော့ချေ။

တံစက်ကြောင်းတွင် မိုးပေါက်ကလေးတို့သည် ခုန်ကာပေါက်ကာ တဖြောက်ဖြောက်ကျလျက် ရေအိုင်ငယ်ထွန်းလိုထွန်း၊ ရေကြောင်းငယ် ပေါက်လိုပေါက် အလျောက်အလျောက် ပျော်ပါးစီးဆင်းကြလေပြီ။ မြဝတ်ရည်မှာကား ကျောင်းသို့ ပြန်မသွားရတော့ချေ။"

စိတ်ကူးတတ်၊ တွေးတတ်၊ ရေးတတ်လှတဲ့ မင်းသုဝဏ်ရဲ့ "လောကဓံ" ဆိုတဲ့ စာတစ်ပုဒ်ကြောင့် ကျောင်းကိုပြန်မသွားရတဲ့ မြဝတ်ရည်ရဲ့ခံစားမှုက စာဖတ်သူကျွန်မတို့ကိုလည်း ကူးစက်စေခဲ့ပါတယ်။

ခေတ်စမ်းပုံပြင်ကို ဖန်တီးတဲ့သူတွေဟာ ဇာတ်လမ်းဇာတ်ကွက်ကို အခြေမခံဘဲ မြင်မိသမျှ တွေးမိသမျှကို စာဖတ်သူရဲ့ စိတ်အာရုံမှာ ပေါ်လာအောင်ရေးဖွဲ့နိုင်ခြင်းဆိုတဲ့ ဂုဏ်ရည်တွေနဲ့ ပြည့်စုံပါတယ်။ ကြုံရဆုံရ ဘုံဘဝမှာ ကျင်လည်နေတဲ့သူတွေရဲ့ အပြုအမူတွေကို အသေးအဖွဲရယ်လို့ လျစ်လျူမရှုဘဲ အာရုံပြုပြီး ရေးဖွဲ့တတ်တာကိုက သူတို့ရဲ့ထူးခြားမှုပါ။

ခေတ်စမ်းစကားပြေအရေးအဖွဲ့ကို ဝေဖန်ကြတဲ့သူတွေနဲ့ပတ်သက်ပြီး သိပ္ပံမောင်ဝက "လောကတွင် ချီးမွမ်းခြင်းရှိလျှင် ကဲ့ရဲ့ခြင်းရှိသည်မှာ ဓမ္မတာဖြစ်သောကြောင့် ထိုဝေဖန်စာရေးသားသူတို့၏ ကဲ့ရဲ့ခြင်း၊ ချီးမွမ်းခြင်းတို့ကြောင့် ကျွန်ုပ်တို့မှာ တုန်လှုပ်ခြင်း မဖြစ်ခဲ့ပေ။ စိတ်ထားကောင်းစွာနှင့် မြန်မာစာပေ တိုးတက်ရေးကို ရည်ရွယ်ကာ အကြံဉာဏ်ပေးသူတို့အားလည်း ကျေးဇူးတင်ပါ၏။" ---လို့ ခေတ်စမ်းပုံပြင် ဖန်တီးသူတို့ရဲ့ သဘောထားကို လှစ်ဟပြခဲ့ပါတယ်။

ဝေဖန်မှုတွေကို တွေ့ကြုံရင် ဘယ်လိုစိတ်မျိုးထားသင့်သလဲ ဆိုတာကိုပါ ညွှန်ပြခဲ့ပါတယ်။ ခေတ်စမ်းရနံ့ဖြာခဲ့တဲ့ အမိတက္ကသိုလ်မြေက လောကဘုံဓမ္မတာနဲ့ ကြုံလာတဲ့အခါ လောကီထုပ္ပတ်လူတို့ဇာတ်ကို အရှုအမြင်တစ်မျိုးနဲ့ ပြောင်းကြည့်ဖို့လိုကြောင်း သင်ပေးပါတယ်၊ သတိပေးပါတယ်။

လူတွေရဲ့ အမြင်ဆိုတာ အခြေအနေ အချိန်အခါအလိုက် ပြောင်းလဲနေတတ်တဲ့သဘောကို လက်ခံလိုက်ရင် လောကအလယ်မှာ မြေဆီကိုနာနာခဲပြီး မြေသားကို ဖက်တွယ်လို့ နေထိုင်နိုင်လာမှာပါ။ ကျွန်မတို့ဟာ အဆင်တန်ဆာကိုဖယ်လို့ အရိုးခံသဘာဝကိုကြည့်ပြီး အရှိတရားအတိုင်း လက်ခံဖို့လိုတယ်၊ လောကကို ရှုမြင်ပုံတွေပြောင်းလဲဖို့လိုတယ်လို့ သင်ယူခဲ့ပါတယ်။ အဝိဇ္ဇာမောဟကိုဖျောက်ပြီး ဝိဇ္ဇာလောကမှာ မူသစ်ဆောက်တည်နိုင်ဖို့ တွေးတောဆင်ခြင်ခြင်းဟာ အခရာပါကလားလို့ ခေတ်စမ်းပုံပြင်က သင်ပေးခဲ့တာတွေကို သတိရရင်း အမိတက္ကသိုလ်နန်းကို ဦးညွတ်ပါတယ်ရှင်။ ။



## စာရေးသူ၏ ကိုယ်ရေးအကျဉ်း

| | |
|---|---|
| **အမည်** | - ဒေါက်တာ ညိမ်းညိမ်း၊ ပါမောက္ခ၊ မြန်မာစာဌာန၊ ရန်ကုန်တက္ကသိုလ်။ |
| **အခြားကလောင်အမည်** | - ရှင်ညိမ်းမယ် |
| **ရေးသားခဲ့သောစာပေများ** | - ဝတ္ထုတို၊ဘာသာပြန်ဝတ္ထု၊ ရသစာတမ်း၊ သုတေသနစာတမ်း၊ကဗျာ၊ဆောင်းပါးများ။ |
| **မဟာဝိဇ္ဇာကျမ်း** | - ပုဂံခေတ်ဦး မွန်မင်စာများလေ့လာချက်။ |
| **ပါရဂူကျမ်း** | - ဘုရားထောင်ပျူအရိုးအိုးစာလေ့လာချက်။ |
| **အမှုထမ်းခဲ့သည့် တက္ကသိုလ်များ** | - ပညာရေး တက္ကသိုလ် တက္ကသိုလ်များ (ရန်ကုန်)၊ ထားဝယ်တက္ကသိုလ်၊ ဒဂုံတက္ကသိုလ်၊ကျောက်ဆည်တက္ကသိုလ်၊ မန္တလေးတက္ကသိုလ်၊ မအူပင်တက္ကသိုလ်၊ ယူနန်မြင်ဆုတက္ကသိုလ်၊ ရန်ကုန်တက္ကသိုလ်။ |
| **လက်ရှိတာဝန် ထမ်းဆောင်မှုများ** | - ရန်ကုန် တက္ကသိုလ်၏ ပါမောက္ခ/ဌာနမှူးတာဝန်၊ သင်ရိုးဥက္ကဋ္ဌ (မြန်မာစာဘာသာရပ်)၊ အမျိုးသားစာပေဆုစိစစ်ရွေးချယ်ရေးအဖွဲ့ဝင်၊ စာပေဗိမာန်စာမူဆုစိစစ်ရွေးချယ်ရေးအဖွဲ့ဝင်၊ပျူစာပေသင်တန်း (ပြင်ဦးလွင်စစ်တက္ကသိုလ်)။ |

# ကမ္ဘာ့စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့၏ရန်ပုံငွေဖြင့် ငါးလုပ်ငန်း ပူးတွဲစီမံခန့်ခွဲမှုစွမ်းရည်ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း အစည်းအဝေး ကျင်းပ



**နေပြည်တော် နိုဝင်ဘာ ၂၇**

ကမ္ဘာ့စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့(FAO)မှ ရန်ပုံငွေဖြင့် ဆောင်ရွက်မည့် ငါးလုပ်ငန်း ပူးတွဲစီမံခန့်ခွဲမှုစွမ်းရည်ဖွံ့ဖြိုးတိုးတက်မှု စီမံကိန်းလုပ်ငန်းဆိုင်ရာ ညှိနှိုင်းအစည်းအဝေးကို နိုဝင်ဘာ ၂၄ ရက်မှ ၂၅ရက်အထိ Zoom application စနစ်ဖြင့် ကျင်းပခဲ့သည်။

အဆိုပါ အစည်းအဝေးသို့ ငါးလုပ်ငန်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝေလင်းမောင်၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမြင့်ဇင်ထူး၊ FAO မှ Ms. Yumi Son ၊ Ms. Elisabetta Martone ၊ Ms. KwangSuk Oh ၊ BAG မှ Mr. Kevin Byun ၊ FIPA မှ Joseph Jo၊ ပြည်နယ်ဦးစီးမှူး၊ တိုင်းဒေသကြီးဦးစီးမှူး၊ ခရိုင်၊ မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာအဆင့်ရှိ အစိုးရဝန်ထမ်းအရာရှိများ စုစုပေါင်း ၆၀ ခန့် ပါဝင်တက်ရောက်ကြသည်။

ကမ္ဘာ့စားနပ် ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့အစည်း၏ ငါးနှစ်တာကာလအတွင်း ဆောင်ရွက်မည့် ပြည့်စုံဖူလုံလာစေမည့် ငါးလုပ်ငန်းအသိုင်းအဝိုင်းအတွက် ရေရှည်တည်တံ့သော ငါးလုပ်ငန်းနှင့် မတူကွဲပြားသည့် အသက်မွေးဝမ်းကျောင်းမှုများကို အထောက်အကူပြုစေမည့် စီမံကိန်းတစ်ခုဖြစ်သော "ငါးလုပ်ငန်းဆိုင်ရာပူးတွဲစီမံခန့်ခွဲမှုစွမ်းရည်ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း" သည် အစိုးရနှင့် ငါးဖမ်းရေလုပ်သား အဖွဲ့အစည်းအသိုင်းအဝိုင်းများအကြား ငါးလုပ်ငန်းပူးတွဲ စီမံခန့်ခွဲမှုဆိုင်ရာ စွမ်းဆောင်ရည်ပိုမိုတိုးတက်မြင့်မားလာစေရန် ရည်ရွယ်ချက်များဖြင့် အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# သမိုင်းအစဉ်အလာကြီးမားခဲ့သော ရန်ကုန်တက္ကသိုလ်၏ ကျောင်းသားများသမဂ္ဂ

## အရိုပ်စစ်

ရန်ကုန်တက္ကသိုလ်ကြီးသည် တစ်ခေတ်တစ်ခါက အရှေ့တောင်အာရှ၏ ဂုဏ်ထူးဆောင်တက္ကသိုလ်ကြီးအဖြစ် ဂုဏ်ထည်စွာ ရပ်တည်ခဲ့ပါသည်။ ထို့ပြင် ယင်းတက္ကသိုလ်ကြီးသည် မြန်မာ့လွတ်လပ်ရေးကြိုးပမ်းမှုသမိုင်းတစ်လျှောက်တွင်လည်း လွန်စွာအရေးပါသော အခန်းကဏ္ဍမှ ပါဝင်ခဲ့၏။ သမိုင်းဂုဏ်ရောင် ထွန်းပြောင်ခဲ့သော ရန်ကုန်တက္ကသိုလ်ကြီးအကြောင်းကို ဋီကာချဲ့မည်ဆိုပါက ဘွဲ့နှင်းသဘင်ခန်းမ၊ အဓိပတိလမ်းနှင့် သစ်ပုပ်ပင်ကြီးများ မဖြစ်မနေပါဝင်မည် ဖြစ်ပါသည်။ ထိုနည်းတူစွာပင် ရန်ကုန်တက္ကသိုလ်ဟု ဆိုလိုက်သည်နှင့် မြန်မာ့လွတ်လပ်ရေးသမိုင်း၌ အစဉ်အလာကြီးမားခဲ့သော ရန်ကုန်တက္ကသိုလ်၏ ကျောင်းသားများသမဂ္ဂ (တကသ)ကိုလည်း မေ့ဖျောက်ထား၍ မရနိုင်ချေ။

**ရန်ကုန်တက္ကသိုလ်ကြီး တည်ဆောက်ရန်ဆုံးဖြတ်**

၁၉၁၅ ခုနှစ်တွင် မြန်မာပြည်ဘုရင်ခံသည် မြန်မာပြည်၌ တက္ကသိုလ်တစ်ခုတည်ထောင်ရန် ဥပဒေမူကြမ်းတစ်ခုကို အိန္ဒိယအစိုးရထံ တင်ပြဆွေးနွေးခဲ့သည်။ သို့သော် ပထမကမ္ဘာစစ်ကြီးကြောင့် ယင်းဥပဒေမူကြမ်းကို အတည်ပြုနိုင်ခြင်းမရှိသေးဘဲ တက္ကသိုလ်စည်းမျဉ်းဥပဒေများ ကြိုတင်ရေးဆွဲထားဖို့သာ တိုက်တွန်းခဲ့၏။ ထိုအချိန်က ရန်ကုန်တွင် ကာလကတ္တားတက္ကသိုလ်၏ လက်အောက်ခံဖြစ်သော ရန်ကုန်ကောလိပ်နှင့် ခရစ်ယာန်ဘုန်းတော်ကြီးများ ဦးစီးတည်ထောင်သည့် ဘက်ပတစ်ကောလိပ်သာရှိခဲ့ပါသည်။ မြန်မာပြည်အစိုးရသည် ယင်းနှစ်၌ပင် ရန်ကုန်တက္ကသိုလ်တည်ထောင်ရန်အတွက် ရန်ပုံငွေများရှာဖွေခဲ့ကြပြီး ရွှေတိဂုံဘုရားလူကြီး ဦးဘကျော်ပိုင်ဆိုင်သည့် မရန်းခြံကြီးကို ဝယ်ယူခဲ့၏။ ထို့နောက် ၁၉၁၆ ခုနှစ် မတ်လတွင် မြန်မာပြည်ပညာရေးဆင်ဒီကိတ်သည် ရန်ကုန်တက္ကသိုလ်ကြီး တည်ဆောက်ရန် ဆုံးဖြတ်ခဲ့ကြသည်။

ဤသို့ဖြင့် ၁၉၁၈ ခုနှစ် ဩဂုတ်လတွင် မစ္စတာမတ်ဟန်းတား (Mr. Mark Hunter) က ရန်ကုန်တက္ကသိုလ်ဖွဲ့စည်းရေးအထူးကော်မတီတစ်ရပ်ကို ဖွဲ့စည်းခဲ့သည်။ ထိုနှစ်၌ပင် အမေရိကန်သာသနာပြုဆရာ ယုဒသန်ကို ဂုဏ်ပြုသောအားဖြင့် ဘက်ပတစ်ကောလိပ်ကို ယုဒသန်ကောလိပ်ဟု ပြောင်းလဲခေါ်ဆိုခဲ့ကြသည်။ ၁၉၁၉ ခုနှစ် မတ်လ ၂၇ ရက်နေ့တွင် ရန်ကုန်တက္ကသိုလ်ဖွဲ့စည်းရေးအထူးကော်မတီ၏ အစီရင်ခံစာထွက်ရှိလာခဲ့ပြီး ၁၉၂၀ ပြည့်နှစ် ဇွန်လ၌ ဗြိတိသျှအစိုးရက ရန်ကုန်တက္ကသိုလ်ဥပဒေမူကြမ်းကို ထုတ်ပြန်ကြေညာခဲ့၏။ ထို့နောက် ပညာမင်းကြီး မတ်ဟန်းတားက ၁၉၂၀ ပြည့်နှစ် ဇူလိုင်လ ၁၂ ရက်နေ့တွင် ရန်ကုန်မြို့အစိုးရအိမ်တော်မှာ ကျင်းပသည့် ဥပဒေပြုကောင်စီအစည်းအဝေး၌ ယင်းဥပဒေမူကြမ်းကို တင်သွင်းခဲ့သည်။ ယင်းဥပဒေမူကြမ်းသည် မြန်မာကျောင်းသား ကျောင်းသူများ တက္ကသိုလ်တက်ရောက်နိုင်ရန် ခက်ခဲသော ဥပဒေတစ်ရပ်ဖြစ်ခဲ့ပါသည်။

ထို့ကြောင့်လည်း ဥပဒေမူကြမ်းတက်လာသည်နှင့် သတင်းစာတို့က ပြင်းထန်စွာဝေဖန်ကြ၏။ ၁၉၂၀ ပြည့်နှစ် ဇူလိုင်လ ၁၈ ရက်နေ့တွင် Burma Reform League က အစည်းအဝေးတစ်ရပ်ခေါ်ယူကာ ရန်ကုန်တက္ကသိုလ်အက်ဥပဒေကို ကန့်ကွက်ခဲ့သည်။ ထို့အတူ ကျောင်းသားမိဘများကလည်း ကန့်ကွက်ဆန့်ကျင်ခဲ့ကြ၏။ မည်သို့ပင်ကန့်ကွက်နေစေကာမူ ၁၉၂၀ ပြည့်နှစ် ဩဂုတ်လ ၂၈ ရက်နေ့တွင် မြန်မာနိုင်ငံ၏ ဒုတိယဘုရင်ခံ ဆာရယ်ဂျီနယ်ကရက်ဒေါက်သည် ရန်ကုန်တက္ကသိုလ်အက်ဥပဒေကို အတည်ပြုပြဋ္ဌာန်းလိုက်သည်။ မြန်မာပြည်သူများနှင့် မြန်မာကျောင်းသားများသည် ကန့်ကွက်နေသည့်ကြားမှ အတည်ပြုပြဋ္ဌာန်းလိုက်သည့်အတွက် အင်္ဂလိပ်အစိုးရ၏လုပ်ရပ်ကို မကျေနပ်ကြသဖြင့် မြို့ကြီးများတွင် လူထုအစည်းအဝေးများကျင်းပကာ ဆန့်ကျင်ကန့်ကွက်ခဲ့ကြသည်။ ယင်းကန့်ကွက်မှုများကို လျစ်လျူရှုကာ ဗြိတိသျှတို့က ရန်ကုန်တက္ကသိုလ်အက်ဥပဒေကို ၁၉၂၀ ပြည့်နှစ် ဒီဇင်ဘာလ ၁ ရက်နေ့မှစ၍ အာဏာသက်ရောက်စေပြီး ရန်ကုန်ကောလိပ်နှင့် ယုဒသန်ကောလိပ်နှစ်ခုကို ပူးပေါင်းကာ ရန်ကုန်တက္ကသိုလ်အဖြစ်သို့ အဆင့်တိုးမြှင့်ဖွင့်လှစ်မည်ဖြစ်ကြောင်း ထုတ်ပြန်ကြေညာခဲ့ပါသည်။

**ဘူမိနက်သန်**

မြန်မာနိုင်ငံတွင် တက္ကသိုလ်ပညာရေးစနစ် ပေါ်ပေါက်လာပြီးနောက် ရန်ကုန်တက္ကသိုလ်၌ ပညာသင်ကြားခဲ့ကြသည့် ကျောင်းသားများ၏ တက္ကသိုလ်ပညာရေးအက်ဥပဒေကို ဆန့်ကျင်ကန့်ကွက်ခဲ့သော ကျောင်းသားသပိတ်များမှသည် လွတ်လပ်ရေးလှုပ်ရှားမှုကြီးအထိ အဆင့်ဆင့်သောတော်လှန်ရေးများ ပေါ်ပေါက်ခဲ့ရာ၌ ဤတက္ကသိုလ်ကြီးသည် ဘူမိနက်သန်ဖြစ်ခဲ့ပါသည်။

၁၉၂၃ ခုနှစ် ဇွန်လတွင် အမျိုးသားကောလိပ်မှ ကျောင်းသားများကို ရန်ကုန်တက္ကသိုလ်သို့ ပညာသင်ယူခွင့်ပြုခဲ့သည့်အတွက် ကျောင်းသားအများစုမှာ ရန်ကုန်တက္ကသိုလ်သို့ ရောက်ရှိခဲ့ကြသည်။ ဥပဒေပြုအမတ်ဖြစ်လာသူ ဦးဘဘေကလည်း ၁၉၂၃ ခုနှစ် နိုဝင်ဘာလ၌ ရန်ကုန်တက္ကသိုလ်အက်ဥပဒေကို ပြင်ဆင်ပေးရန် ဥပဒေမူကြမ်းအား မြန်မာဥပဒေပြုကောင်စီသို့ တင်သွင်းခဲ့၏။ ထို့ကြောင့် ၁၉၂၄ ခုနှစ် ဧပြီလတွင် ရန်ကုန်တက္ကသိုလ်အက်ဥပဒေပြင်ဆင်ချက်ကို အိန္ဒိယဘုရင်ခံချုပ်က အတည်ပြုပေးခဲ့သည်။ ထို့နောက် မြန်မာနိုင်ငံဆိုင်ရာ ဗြိတိသျှဘုရင်ခံ ဆာဟာကုတ်ဘတ္တလာက ၁၉၂၇ ခုနှစ် ဒီဇင်ဘာလ ၅ ရက်နေ့တွင် ရန်ကုန်တက္ကသိုလ် ကျောင်းသားများသမဂ္ဂအဆောက်အအုံကို အုတ်မြစ်ချပေးခဲ့သည်။ တက္ကသိုလ်ကျောင်းသားသမဂ္ဂသည် ဗြိတိသျှအစိုးရကို ဆန့်ကျင်အန်တုရာဌာနဖြစ်ခဲ့မည်ဆိုလျှင် ဗြိတိသျှ အာဏာပိုင်များအနေဖြင့် သမဂ္ဂအဆောက်အအုံကြီးကို တည်ဆောက်ခွင့်ပြုခဲ့မည်မဟုတ်ချေ။

ဤသို့ဖြင့် သမဂ္ဂအဆောက်အအုံကြီး တည်ဆောက်ရေးအတွက် ဒေါက်တာဦးညိုသည် ၁၉၂၆ ခုနှစ်တွင် ရူပီးငွေ ၁၇၀၀၀၀ (တစ်သိန်းခုနစ်သောင်း) ကို မတည်လှူဒါန်းခဲ့သည်။ ထို့ကြောင့် ၁၉၂၉ ခုနှစ်၌ စတင်တည်ဆောက်ခဲ့သော ရန်ကုန်တက္ကသိုလ်ကျောင်းသားများသမဂ္ဂအဆောက်အအုံကြီးသည် ၁၉၃၀ ပြည့်နှစ် ဇွန်လတွင် ပြီးစီးသွားခဲ့ပါသည်။ အစောပိုင်းကာလ၌ တကသအဆောက်အအုံကြီးကို သမဂ္ဂကျောင်းတိုက်ဟု ခေါ်ဆိုခဲ့ကြ၏။ ရန်ကုန်တက္ကသိုလ်ကျောင်းသားများသမဂ္ဂအဆောက်အအုံကြီး ပြီးစီးသွားသော်လည်း တကသအဖွဲ့ကို မဖွဲ့စည်းရသေးချေ။

စာမျက်နှာ ၉ သို့ ✪



ရန်ကုန်တက္ကသိုလ်ကျောင်းသားများသမဂ္ဂ။ ဓာတ်ပုံ- မြင့်မောင်မောင်

**ရန်ကုန်တက္ကသိုလ်ကျောင်းသားများသမဂ္ဂသည် မြန်မာ့လွတ်လပ်ရေးကို အရယူပေးခဲ့ကြသော ဗိုလ်ချုပ်အောင်ဆန်း၊ ဝန်ကြီးချုပ်ဦးနု၊ သခင်ဗဟိန်း စသည့်ပုဂ္ဂိုလ်ကြီးများကို မွေးထုတ်ပေးခဲ့သည့် သမိုင်းဝင်နေရာတစ်ခုဖြစ်ပါသည်။ ဤကဲ့သို့အစဉ်အလာကြီးမားသောနေရာကို ၁၉၆၂ ခုနှစ် ဇူလိုင်လ ၈ ရက် နံနက်ခင်းအချိန်၌ တော်လှန်ရေးကောင်စီအစိုးရက ဒိုင်းနမိုက်များဖြင့် ဖောက်ခွဲဖျက်ဆီးခဲ့ကြသည်။ ဤကဲ့သို့ ဖြိုချဖျက်ဆီးခံခဲ့ရသော တကသအဆောက်အအုံကြီးနှင့်ပတ်သက်၍ ဆရာကြီး သခင်ကိုယ်တော်မှိုင်းက "အဆောက်အအုံကိုသာ ဖြိုလို့ရမယ်။ အမောင်တို့ရင်ထဲက သမဂ္ဂစိတ်ဓာတ်ကိုတော့ ဘယ်သူမှဖြိုလို့မရပါဘူး" ဟု ပြောကြားခဲ့ပါသည်။ တော်လှန်ရေးကောင်စီအစိုးရကြောင့် သမဂ္ဂအဆောက်အအုံကြီး ပြိုကျပျက်စီးသွားခဲ့သည်မှာ မှန်သော်လည်း ကျောင်းသားများ၏နှလုံးအိမ်ထဲက သမဂ္ဂစိတ်ဓာတ်များမှာမူ ပြိုလဲသွားခြင်းမရှိရုံသာမက ပို၍ပင်ခိုင်မာလာခဲ့။**

❂ စာမျက်နှာ ၈ မှ

### ရန်ကုန်တက္ကသိုလ် ကျောင်းသားများသမဂ္ဂ (တကသ) အဖွဲ့ကြီး ပေါ်ပေါက်လာခဲ့

သို့ဖြစ်၍ ၁၉၃၀ ပြည့်နှစ် စက်တင်ဘာလ ၂၀ ရက်နေ့တွင် ကျောင်းသားထုအစည်းအဝေးကို တက္ကသိုလ်အားကစားရုံသစ်ကြီး၌ပြုလုပ်၍ တက္ကသိုလ်ကျောင်းသားများသမဂ္ဂ စည်းမျဉ်းရေးဆွဲသည့် ကော်မတီအစီရင်ခံစာကို ထုတ်ပြန်ခဲ့ပါသည်။ ၁၉၃၁ ခုနှစ် ဇန်နဝါရီလ ၉ ရက်နေ့တွင် ကျောင်းသားထု အစည်းအဝေးက သမဂ္ဂစည်းမျဉ်းကို လက်ခံအတည်ပြုပြီး ဥက္ကဋ္ဌ ကိုကျော်ခင်နှင့် အတွင်းရေးမှူး ကိုရာရှစ်တို့ ဦးဆောင်သည့် သမဂ္ဂအမှုဆောင် ကော်မတီကို ဖွဲ့စည်းလိုက်ကြသည်။ ဤသို့ဖြင့် သမိုင်းအစဉ်အလာကြီးမားသည့် ရန်ကုန်တက္ကသိုလ်ကျောင်းသားများသမဂ္ဂ(တကသ)အဖွဲ့ကြီး ပေါ်ပေါက်လာခဲ့ပါသည်။

ရန်ကုန်တက္ကသိုလ်ကျောင်းသားများ သမဂ္ဂ (တကသ)၏ ဖွဲ့စည်းပုံစည်းမျဉ်းကို ဗြိတိသျှအာဏာပိုင်များထံသို့ တင်ပြရပြီး ယင်းဖွဲ့စည်းပုံစည်းမျဉ်းကို အင်္ဂလိပ်ဘာသာဖြင့် ပြုစုထားပါသည်။ တကသဖွဲ့စည်းပုံစည်းမျဉ်းတွင် အခန်း (၂၂) ခန်း ပါဝင်ပြီး ခေါင်းစဉ်မှာ The Constitution of the Rangoon University Student's Union, 1931 ဖြစ်ပါသည်။ ရန်ကုန်တက္ကသိုလ်ကျောင်းသားများသမဂ္ဂကို ၁၉၃၁ ခုနှစ်မှ ၁၉၆၂ ခုနှစ်အထိ နှစ်ပေါင်း ၃၀ ကျော်အတွင်း၌ ဥက္ကဋ္ဌအဖြစ် တာဝန်ယူဆောင်ရွက်ခဲ့သူ ၃၀ အထိ ရှိခဲ့ပါသည်။ တကသ၏ ပထမဆုံးဥက္ကဋ္ဌအဖြစ် ကိုကျော်ခင် (၁၉၃၀–၃၁) က တာဝန်ယူခဲ့ပြီး ကိုဗဆွေလေး (၁၉၆၁–၆၂) မှာ နောက်ဆုံးဥက္ကဋ္ဌ ဖြစ်ပါသည်။

ဆိုရလျှင် ရန်ကုန်တက္ကသိုလ်ကျောင်းသားများသမဂ္ဂ(တကသ)၏ အနှစ်သုံးဆယ်ကျော်ခရီးသည် ရုန်းကန်ခြင်း၊ လှုပ်ရှားခြင်းတို့ဖြင့် ပြည့်နှက်လျက်ရှိပါသည်။ တကသသည် တိုင်းပြည်အကျိုးနှင့် ကျောင်းသားပြည်သူတို့၏ အနာဂတ်ကို ရှေးရှုသည့်အတွက် နယ်ချဲ့တို့က နည်းမျိုးစုံဖြင့် ထိုးနှက်ခဲ့ကြသည်။ ဗြိတိသျှနယ်ချဲ့တို့၏ ထိုးနှက်ချက်များကြောင့် တကသသည် ဦးခေါင်းထက်မှ သွေးစက်စက်ယိုခဲ့ရသည်။ ထို့အတူ အသားအရေများ မွမွကြေကာ သပြေရောင်လည်းထခဲ့ဖူး၏။ သို့သော် မည်သည့်အခါမျှ ဦးမညွတ်ခဲ့ကြချေ။

ဗြိတိသျှနယ်ချဲ့တို့၏ လက်အောက်ခံဘဝ၌လည်း ရန်ကုန်တက္ကသိုလ် ကျောင်းသားများသမဂ္ဂသည် လွတ်လပ်ရေးအတွက် တိုက်ခိုက်ရေးသမားအဖြစ် သာမက လှုံ့ဆော်ရေးတပ်ဦးအဖြစ်ပါ သမိုင်းပေးတာဝန်ကို ကျေပွန်စွာ ထမ်းရွက်ခဲ့ကြသည်။ ထို့ပြင် တကသသည် ဂျော့ဘုရင်မင်းမြတ်၏ ဘုန်းတော်ဘွဲ့ကို ဆန့်ကျင်ပြီး တို့ဗမာသီချင်းကို စုံမက်စွာ ကြွေးကြော်ခဲ့ကြ၏။ လွတ်လပ်ရေးကြိုးပမ်းစဉ်တွင် ရန်ကုန်တက္ကသိုလ်ကျောင်းသားများသမဂ္ဂသည် တိုင်းပြည်နှင့် ကျောင်းသား၊ ပြည်သူတို့အတွက် ရဲရင့်ထက်မြက်သော လက်နက်တစ်ခု ဖြစ်ခဲ့ပါသည်။ လွတ်လပ်ရေးရပြီးသော ပြည်ထောင်စုမြန်မာနိုင်ငံဘဝ၌လည်း တကသသည် မပြီးဆုံးသေးသည့် တာဝန်များကို ဆက်လက်ထမ်းဆောင်ခဲ့ကြပြန် သည်။

### ဒိုင်းနမိုက်များဖြင့် ဖောက်ခွဲဖျက်ဆီး

ရန်ကုန်တက္ကသိုလ်ကျောင်းသားများသမဂ္ဂသည် မြန်မာ့လွတ်လပ်ရေးကို အရယူပေးခဲ့ကြသော ဗိုလ်ချုပ်အောင်ဆန်း၊ ဝန်ကြီးချုပ် ဦးနု၊ သခင်ဗဟိန်း စသည့် ပုဂ္ဂိုလ်ကြီးများကို မွေးထုတ်ပေးခဲ့သည့် သမိုင်းဝင်နေရာတစ်ခုဖြစ်ပါသည်။ ဤကဲ့သို့ အစဉ်အလာကြီးမားသော နေရာကို ၁၉၆၂ ခုနှစ် ဇူလိုင်လ ၈ ရက် နံနက်ခင်းအချိန်၌ တော်လှန်ရေးကောင်စီအစိုးရက ဒိုင်းနမိုက်များဖြင့် ဖောက်ခွဲဖျက်ဆီးခဲ့ကြသည်။ ဤကဲ့သို့ ဖြိုချဖျက်ဆီးခံခဲ့ရသော တကသအဆောက်အအုံကြီးနှင့် ပတ်သက်၍ ဆရာကြီးသခင်ကိုယ်တော်မှိုင်းက "အဆောက်အအုံကိုသာ ဖြိုလို့ရမယ်။ အမောင်တို့ရင်ထဲက သမဂ္ဂစိတ်ဓာတ်ကိုတော့ ဘယ်သူမှ ဖြိုလို့မရပါဘူး"ဟု ပြောကြားခဲ့ပါသည်။ တော်လှန်ရေးကောင်စီအစိုးရကြောင့် သမဂ္ဂအဆောက်အအုံကြီး ပြိုကျပျက်စီးသွားခဲ့သည်မှာ မှန်သော်လည်း ကျောင်းသားများ၏ နှလုံးအိမ်ထဲက သမဂ္ဂစိတ်ဓာတ်များမှာမူ ပြိုလဲသွားခြင်းမရှိရုံသာမက ပို၍ပင်ခိုင်မာလာခဲ့ပေသည်။

ရန်ကုန်တက္ကသိုလ် ကျောင်းသားများသမဂ္ဂ အဆောက်အအုံကြီး ပြိုကျပျက်စီးခဲ့ပြီးနောက် ပြန်လည်တည်ဆောက်ရေးကို ခေတ်အဆက်ဆက်ကြိုးပမ်းခဲ့ကြသော်လည်း ယနေ့အချိန်အထိ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခြင်းမရှိသေးသည်ကို တွေ့မြင်ရပါသည်။ မည်သို့ပင်ဆိုစေကာမူ လူထုရွေးကောက်တင်မြှောက်ထားသည့် အရပ်သားအစိုးရအနေဖြင့် သမိုင်းဝင်တကသ အဆောက်အအုံကြီး ပြန်လည်တည်ဆောက်ရေးကို မဖြစ်မနေလုပ်ဆောင်သွားမည်ဟု ယူဆမိပါသည်။

၂၀၁၂ ခုနှစ် နိုဝင်ဘာလ ၂၉ ရက်နေ့ ညနေခင်း၌ မြန်မာနိုင်ငံ၏ သမိုင်းအစဉ်အလာကြီးမားသော ရန်ကုန်တက္ကသိုလ်ကြီး၏ ဘွဲ့နှင်းသဘင်ခန်းမတွင် အမေရိကန်သမ္မတ ဘားရက်အိုဘားမားက ယခုလိုမိန့်ခွန်း ပြောကြားခဲ့ပါသည်။

"ဒီတက္ကသိုလ်ကြီးက ကမ္ဘာမှာထင်ရှားတဲ့ ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ် ဦးသန့်ကို မွေးထုတ်ပေးခဲ့တယ်။ ဒီတက္ကသိုလ်ကြီးက မြန်မာနိုင်ငံလွတ်လပ်ရေးကို ဆောင်ကြဉ်းပေးခဲ့တဲ့ အိုးဝေအယ်ဒီတာ ကိုအောင်ဆန်းကို မွေးထုတ်ပေးခဲ့တယ်"

### ကမ္ဘာကျော်စံပြပုဂ္ဂိုလ်ကြီးများ မွေးဖွားပေးရာဌာန

သို့ဖြစ်ရာ ရန်ကုန်တက္ကသိုလ်ကြီးသည် မြန်မာ့အရေးကိုသာမက ကမ္ဘာ့အရေးကိုပါ ကိုင်လှုပ်နိုင်ခဲ့သော ကမ္ဘာကျော်စံပြပုဂ္ဂိုလ်ကြီးများ မွေးဖွားပေးရာဌာနတစ်ခုပင် ဖြစ်ပါသည်။ အလားတူစွာပင် လွတ်လပ်ရေးအတွက် ကြိုးပမ်းခဲ့ကြသည့် ကိုအောင်ဆန်း၊ ကိုနု၊ ကိုဗဟိန်း၊ ကိုကျော်ငြိမ်း စသည့် ကျောင်းသားခေါင်းဆောင်များမှာ ရန်ကုန်တက္ကသိုလ်၏ ကျောင်းသားများသမဂ္ဂမှ ပေါ်ထွန်းလာခဲ့ကြပါသည်။ ထို့ပြင် ကိုမင်းကိုနိုင်၊ ကိုမြအေး၊ ကိုကိုကြီးတို့လို ဒီမိုကရေစီအရေး ကြိုးပမ်းကြသော ကျောင်းသားခေါင်းဆောင်များကိုလည်း ဆက်လက်မွေးထုတ်ပေးနေဆဲပင် ဖြစ်ပါသည်။

အချုပ်အားဖြင့်ဆိုရလျှင် ရန်ကုန်တက္ကသိုလ် ကျောင်းသားများသမဂ္ဂသည် နယ်ချဲ့ဆန့်ကျင်ရေး၊ တိုင်းပြည်လွတ်လပ်ရေး၊ အမျိုးသားပညာရေးနှင့် ဒီမိုကရေစီအရေးများကို နှစ်ပေါင်းရှည်ကြာစွာ တိုက်ပွဲဝင်ခဲ့ကြပါသည်။ ဤကဲ့သို့ သမိုင်းအစဉ်အလာကြီးမားခဲ့သော တကသ၏ သမိုင်းဂုဏ်ရောင်မည့်ုံးမှိန်စေရန်နှင့် တကသ၏ သမိုင်းအစဉ်အလာများကို ဆက်လက်ထိန်းသိမ်းရန်မှာ မျက်မှောက်၌ တက္ကသိုလ်တွင် ပညာဆည်းပူးနေကြသည့် ကျောင်းသား ကျောင်းသူများ၏ ဆင်ခြင်တုံတရားနှင့် အသိဉာဏ်ပညာအပေါ် များစွာတည်မှီလျက်ရှိပါသည်။ ၂၀၂၀ ပြည့်နှစ် ဒီဇင်ဘာလ ၁ ရက်နေ့တွင် သမိုင်းဂုဏ်ရောင် ထွန်းပြောင်ခဲ့သော ရန်ကုန်တက္ကသိုလ်ကြီးသည် နှစ်တစ်ရာပြည့်မြောက်တော့မည် ဖြစ်ပါသည်။ ရန်ကုန်တက္ကသိုလ်ကြီး၏ ရာပြည့်နှင့်အတူ ရန်ကုန်တက္ကသိုလ်ကျောင်းသားများသမဂ္ဂအဆောက်အအုံကြီး ပြန်လည်တည်ဆောက်နိုင်ရေး၊ သမဂ္ဂ၏စိတ်ဓာတ်နှင့် သမိုင်းအစဉ်အလာများ ရေရှည်တည်တံ့နိုင်ရေး၊ ပညာရေးရေချိန် မြင့်မားလာရေးနှင့် ရန်ကုန်တက္ကသိုလ်ကြီး၏ သမိုင်းဂုဏ်ရောင် ပြန်လည်ထွန်းပြောင်လာရေးတို့ကို အလေးထား ဆောင်ရွက်နိုင်မည်ဟု ဆင်ခြင်သုံးသပ်မိပါကြောင်း။ ။

**ကျမ်းကိုး–**

၁။ ရန်ကုန်တက္ကသိုလ်စိန်ရတု (၁၉၂၀–၁၉၉၅)
၂။ ရန်ကုန်တက္ကသိုလ်နှစ်ပတ်လည်မဂ္ဂဇင်းများ
၃။ မြန်မာနိုင်ငံကျောင်းသား သမဂ္ဂများသမိုင်း (တင်နိုင်တိုး)
၄။ ပဲခူးဆောင်က ကိုအောင်ဆန်းနှင့် ရန်ကုန်တက္ကသိုလ်ရာပြည့် ဆောင်းပါးများ (သိန်းအေး)

**ရန်ကုန်တက္ကသိုလ်ကြီး၏ ရာပြည့်နှင့်အတူ ရန်ကုန်တက္ကသိုလ်ကျောင်းသားများသမဂ္ဂအဆောက်အအုံကြီး ပြန်လည်တည်ဆောက်နိုင်ရေး၊ သမဂ္ဂ၏စိတ်ဓာတ်နှင့် သမိုင်းအစဉ်အလာများ ရေရှည်တည်တံ့နိုင်ရေး၊ ပညာရေးရေချိန် မြင့်မားလာရေးနှင့် ရန်ကုန်တက္ကသိုလ်ကြီး၏ သမိုင်းဂုဏ်ရောင် ပြန်လည်ထွန်းပြောင်လာရေးတို့ကို အလေးထား။**



## စာရေးသူ၏ ကိုယ်ရေးအကျဉ်း

အမည်ရင်းမှာ ဦးဆန်းလင်းဖြစ်ပါသည်။

၁၉၈၇ ခုနှစ်တွင် အဘဦးမြင့်လှိုင်နှင့် အမိဒေါ်မြင့်မြင့်ဋ္ဌေးတို့က ရန်ကုန်၌ မွေးဖွားခဲ့ပါသည်။

၂၀၀၅ ခုနှစ်တွင် အထက (၂) လမ်းမတော်မှ တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်၍ ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်သို့ တက်ရောက်ခဲ့ပြီး ၂၀၁၁ ခုနှစ်တွင် ဝိဇ္ဇာဘွဲ့ရရှိခဲ့ပါသည်။ ၂၀၁၂ ခုနှစ်တွင် ရန်ကင်းပညာရေးကောလိပ် DTEC အပတ်စဉ် (၉\၁၂) ကို တက်ရောက်ပြီး ၂၀၁၄ ခုနှစ်တွင် ပညာရေးဒီပလိုမာဘွဲ့ကို ရရှိခဲ့သည်။

၂၀၁၄ ခုနှစ်တွင် မူလတန်းပြအဖြစ် စတင်တာဝန်ထမ်းဆောင်ခဲ့ပါသည်။ ၂၀၁၇ ခုနှစ်တွင် အလယ်တန်းပြအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး ယခုလက်ရှိ၌ ရန်ကုန်တိုင်းဒေသကြီး အထက(၂)ဒလတွင် အလယ်တန်းပြတာဝန်များကို ထမ်းဆောင်လျက်ရှိပါသည်။

၂၀၁၉ ခုနှစ်တွင် ပညာရေးဝန်ကြီးဌာနက ကျင်းပသော ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ် ဆောင်းပါးပြိုင်ပွဲ၌ အလယ်တန်းအဆင့်(ဗဟို)၌ ပထမဆု ရရှိခဲ့ပါသည်။

အရိပ်စစ်၊ မောင်ဆန်းထွန်း (ဝါးရုံကောက်) ကလောင်အမည်တို့ဖြင့် မြန်မာတိုင်းမ်သတင်းစာ၊ စောင့်ကြည့် သတင်းဂျာနယ်၊ ဓမ္မဒိပ်ဂျာနယ်နှင့် ရတနာမွန်မဂ္ဂဇင်းများ၌ သုတ၊ ရသဆောင်းပါးများ ရေးသားလျက်ရှိပါသည်။

၂၀၁၉ ခုနှစ်ဒီဇင်ဘာလတွင် "ရင်ထဲကဆူးတစ်ချောင်းနှင့် အတွေးအမြင်စာစုများ"စာအုပ်ထွက်ရှိခဲ့သည်။ မြန်မာနိုင်ငံစာရေးဆရာအသင်း (ဒလမြို့နယ်) တွင် မြို့နယ်အမှုဆောင်အဖွဲ့ဝင် (၂) အဖြစ် ခန့်အပ်တာဝန်ပေးခြင်း ခံရပါသည်။

## မော်ချီးရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံမှ Digital ရုပ်သံလိုင်းများနှင့် MRTV FM အစီအစဉ်များ စမ်းသပ်ထုတ်လွှင့်လျက်ရှိ

**နေပြည်တော် နိုဝင်ဘာ ၂၇**

ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့်ရုပ်မြင်သံကြားသည် Analogue စနစ်မှ Digital စနစ်သို့ အသွင်ကူးပြောင်းထုတ်လွှင့်နိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိရာ ကယားပြည်နယ်၊ ဖားဆောင်းမြို့နယ်၊ မော်ချီးရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံတွင် 100 W DVB–T2 လွှင့်စက်၊ 150 W MRTV FM လွှင့်စက်နှင့် ဆက်စပ်ပစ္စည်းများတပ်ဆင်ခြင်းကို နိုဝင်ဘာ ၁၇ ရက်မှ ၂၂ ရက်အထိ ဆောင်ရွက်ခဲ့ပြီး နိုဝင်ဘာ ၂၃ ရက်မှစတင်၍ လှိုင်းနှုန်း Channel (E-22) ဖြင့် Digital ရုပ်သံလိုင်း ၁၈လိုင်းနှင့် လှိုင်းနှုန်း (88.0 MHz) ဖြင့် MRTV FM ရေဒီယိုအစီအစဉ်များ စမ်းသပ်ထုတ်လွှင့်လျက် ရှိသည်။

ထိုသို့ စမ်းသပ်ထုတ်လွှင့်ရာတွင် မော်ချီးမြို့အရှေ့ဘက်ရှိ တောင်အောက်ရေလမ်းရပ်ကွက်၊ မော်ချီးအောက်ရွာ သတ္တုတွင်းအလုပ်ရုံ၊ အောက်ကလပ်ရပ်ကွက်၊ ဈေးတန်းရပ်ကွက်၊ ရေပူရွာ၊ ဒိုမူပယ်ရွာနှင့် လယ်ပွာခို ကျေးရွာများမှ လည်းကောင်း၊ အနောက်ဘက်ရှိ လိုလော်ထီးကျေးရွာ၊ အောင်ချမ်းသာဈေးရပ်ကွက်၊ လိုခါးလို(၁၊၂၊၃၊၄၊၅) ရပ်ကွက်များမှ လည်းကောင်း၊ တောင်ဘက်ရှိ မိုဆာခီးကျေးရွာနှင့် မြောက်ဘက်ရှိ တောင်ပေါ်အမှတ် (၁၅)ရပ်ကွက်၊ ရတနာအောင်မြေ၊ တောင်ပေါ် အမှတ် (၁၆)ရပ်ကွက်နှင့် ကျေးရွာများမှလည်းကောင်း အရုပ်/အသံအား ကြည်လင်ပြတ်သားစွာဖြင့် ဖမ်းယူရရှိကာ ကြည့်ရှုနားဆင်နိုင်ပြီ ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်



❖ အာရှဖလားမှ

အာရှဘောလုံးအဖွဲ့ချုပ်သည် ယင်းခြေစစ်ပွဲနှစ်ခုကို ၂၀၂၁ ခုနှစ် မတ်လနှင့် ဧပြီလတွင် ကျင်းပရန်စီစဉ်ထားပြီး မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ကလည်း ကပ်ရောဂါအခြေအနေအပေါ်မူတည်၍ သတ်မှတ်သည့်ကာလတွင် ပြုလုပ်နိုင်ပါက ကျင်းပမည့်နေရာများကို လျာထားခြင်းဖြစ်သည်။ ၂၀၂၂ အာရှဖလား ယူ–၂၀ အမျိုးသမီးခြေစစ်ပွဲ ပထမအဆင့်ကို ၂၀၂၁ ခုနှစ် မတ် ၁၃ ရက်မှ ၂၁ ရက်အထိ ကျင်းပမည်ဖြစ်ပြီး ခြေစစ်ပွဲ အုပ်စုများက မြန်မာအပါအဝင် ဩစတြေးလျ၊ တရုတ်၊ တရုတ်(တိုင်ပေ)၊ လာအို၊ မွန်ဂိုလီးယား၊ စင်ကာပူနှင့် တာဂျစ်ကစ္စတန်နိုင်ငံတို့က အိမ်ရှင်အဖြစ် လက်ခံကျင်းပခွင့်ရထားသည်။

၂၀၂၂ အာရှဖလား ယူ–၁၇ အမျိုးသမီးခြေစစ်ပွဲ ပထမအဆင့်ကို ဧပြီ ၃ ရက်မှ ၁၁ ရက်အထိကျင်းပမည်ဖြစ်ပြီး ခြေစစ်ပွဲအုပ်စုများကို မြန်မာအပါအဝင် ဩစတြေးလျ၊ ဘင်္ဂလားဒေ့ရှ်၊ ဂျော်ဒန်၊ ကာဂျစ္စတန်၊ မွန်ဂိုလီးယား၊ တာဂျစ်ကစ္စတန်နှင့်ဗီယက်နမ်နိုင်ငံတို့တွင် ကျင်းပမည်ဖြစ်သည်။ အာရှဘောလုံးအဖွဲ့ချုပ်သည် ယင်းခြေစစ်ပွဲနှစ်ခုကျင်းပမည့်ကာလ သတ်မှတ်ထားသော်လည်း ကိုဗစ်–၁၉ ကပ်ရောဂါအပေါ်မူတည်၍ ပြန်လည်အတည်ပြုမည်ဖြစ်သည်။ ၂၀၁၉ အာရှ ယူ–၁၉ အမျိုးသမီး ပြိုင်ပွဲတွင် မြန်မာအသင်းပါဝင်သော ခြေစစ်ပွဲပထမအဆင့်နှင့် ဒုတိယ အဆင့်အုပ်စုပွဲများ၊ ၂၀၁၉ အာရှ ယူ–၁၆ အမျိုးသမီးပြိုင်ပွဲတွင် မြန်မာအသင်း ပါဝင်သော ခြေစစ်ပွဲဒုတိယအဆင့်အုပ်စုပွဲများကို အိမ်ရှင်အဖြစ် လက်ခံကျင်းပခဲ့သည်။

အာရှဘောလုံးအဖွဲ့ချုပ်သည် ယင်းပြိုင်ပွဲနှစ်ခုကို နောက်ဆုံးကျင်းပသည့် ၂၀၁၉ ခုနှစ်အထိ အာရှ ယူ–၁၉ အမျိုးသမီးပြိုင်ပွဲနှင့် အာရှ ယူ–၁၆ အမျိုးသမီးပြိုင်ပွဲအမည်ဖြင့် ကျင်းပခဲ့သော်လည်း လာမည့်ပြိုင်ပွဲမှစတင်ကာ ပြိုင်ပွဲအမည်နှင့် သက်တမ်းပြောင်းလဲပြီး အာရှဖလား ယူ–၂၀ အမျိုးသမီးပြိုင်ပွဲနှင့် အာရှဖလား ယူ–၁၇ အမျိုးသမီးပြိုင်ပွဲအဖြစ် ကျင်းပမည်ဖြစ်သည်။

သတင်း–ရှိုင်းထက်ဇော်၊ ဓာတ်ပုံ–စိုးညွန့်

ဤဆောင်းပါးတွင် ဖော်ပြချက်များသည် ဆောင်းပါးရှင် မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံအမတ်ကြီး၏ အာဘော်သာဖြစ်ပါသည်။

# တရုတ်နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုအသစ်များနှင့် တရုတ်-မြန်မာဆက်ဆံရေး ခေတ်ကာလသစ်

မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံအမတ်ကြီး Mr. Chen Hai



မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံအမတ်ကြီး Mr. Chen Hai

(ယမန်နေ့မှအဆက်)

တရုတ်-မြန်မာ သရက်သီးကုန်သွယ်မှုပုံပြင်သည် ကျွန်တော်တို့က တရုတ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်မှုအခင်းအကျင်းသစ်အကြောင်း နားလည်သိရှိမှုအတွက် ထူးခြားသည့်ရှုထောင့် ထောက်ပံ့ပေးလိုက်ပါသည်။ မကြာသေးမီကမှ ပြီးဆုံးခဲ့သည့် တရုတ်ကွန်မြူနစ်ပါတီ (၁၉) ကြိမ်မြောက် ဗဟိုကော်မတီ (၅) ကြိမ်မြောက် မျက်နှာစုံညီအစည်းအဝေးက "၁၄ ကြိမ်မြောက် ငါးနှစ်စီမံကိန်း" ကာလ (၂၀၂၁-၂၀၂၅) ဖွံ့ဖြိုးတိုးတက်မှုအတွက် ဘက်စုံစီမံချက်ချမှတ်ပေးခဲ့ပြီး ၂၀၃၅ ခုနှစ်တွင် Real GDP per capita သည် အလယ်အလတ်ဖွံ့ဖြိုးတိုးတက်သည့်နိုင်ငံအဆင့်အတန်းအထိ ရောက်ရှိလာခြင်း၊ အလယ်အလတ်အဆင့် ဝင်ငွေရှိသည့်အုပ်စု သိသိသာသာတိုးများခြင်း၊ ပြည်သူအားလုံး အတူတကွချမ်းသာကြွယ်ဝမှုသည် ပိုမိုသိသာသည့်တိုးတက်မှုရရှိခြင်းဟူသည့် တရုတ်နိုင်ငံဖွံ့ဖြိုးတိုးတက်မှု ရေရှည်ရည်မှန်းချက်များကို ရှင်းလင်းစွာမျှော်မှန်းခဲ့သည်။ ထို့ကြောင့် တရုတ်နိုင်ငံက ပြည်တွင်းလည်ပတ်မှုကြီးကို အဓိကထားပြီး ပြည်တွင်းနှင့် နိုင်ငံတကာလည်ပတ်မှုနှစ်ခုဖြင့် အပြန်အလှန်မြှင့်တင်သည့် ဖွံ့ဖြိုးတိုးတက်မှုအခင်းအကျင်းအသစ်ကို တည်ဆောက်မည်ဖြစ်သည်။ ပြည်တွင်းလည်ပတ်မှုကြီးကို အဓိကထားခြင်းသည် တံခါးပိတ်၍လည်ပတ်ခြင်းမဟုတ်ဘဲ ပြည်တွင်းနှင့် နိုင်ငံတကာ ဈေးကွက်နှစ်ခု၊ အရင်းအမြစ်နှစ်ခုကို ပိုမိုကောင်းမွန်စွာ အသုံးချပြီး ပြည်တွင်းဈေးကွက်နှင့် နိုင်ငံတကာဈေးကွက် ပိုမိုကောင်းမွန်စွာချိတ်ဆက်နိုင်အောင် လုပ်ဆောင်ခြင်းဖြစ်သည်။ အနာဂတ် ၁၀ နှစ်တွင် တရုတ်နိုင်ငံ၏ သွင်းကုန်ပမာဏသည် အမေရိကန်ဒေါ်လာ ၂၂ ထရီလီယံကျော်ရန် မျှော်မှန်းထားပြီး တရုတ်နိုင်ငံ၏ တံခါးဖွင့်မှုကို ပိုမိုကြီးမားလာကာ တရုတ်-မြန်မာပူးပေါင်းဆောင်ရွက်မှု အခွင့်အလမ်းသည်လည်း ပိုမိုများပြားလာမည်ဖြစ်သည်။

တရုတ်-မြန်မာစီးပွားရေးသည် အပြန်အလှန်ဖြည့်စွက်နိုင်မှုစွမ်းရည်မြင့်ပြီး အလားအလာကောင်းမွန်ပါသည်။ စိုက်ပျိုးရေးသည် မြန်မာနိုင်ငံ၏ အဓိကမဏ္ဍိုင်လုပ်ငန်းဖြစ်သည်။ တရုတ်နိုင်ငံ၏ လူဦးရေသည် ၁.၄ ဘီလီယံကျော်ရှိပြီး အလယ်အလတ်အဆင့်ဝင်ငွေရှိသည့် အုပ်စုသည် လူဦးရေ သိန်းလေးထောင်ကျော်သဖြင့် မြန်မာနိုင်ငံ၏ ဆန်၊ ပဲပုပ်၊ သစ်သီး၊ ကော်ဖီစသည့် ထူးခြားချက်ရှိသည့် စိုက်ပျိုးရေးထွက်ကုန်များ တင်ပို့မှုအတွက် ကြီးမားသည့်စားသုံးသူဈေးကွက်ကို ထောက်ပံ့ပေးထားသည်။ တရုတ်နိုင်ငံ၏ အထည်ချုပ်လုပ်ငန်းအပါအဝင် လုပ်အား အများအပြားလိုအပ်သည့် လုပ်ငန်းများက မြန်မာနိုင်ငံသို့ လုပ်ငန်းရွှေ့ပြောင်းမှုလုပ်ဆောင်ပြီး မြန်မာနိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုလိုအပ်ချက်နှင့် ချိတ်ဆက်လိုက်သည်။ မြန်မာနိုင်ငံအစိုးရက အထူးစီးပွားရေးဇုန်၊ စက်မှုဇုန်နှင့် ကုန်ထုတ်လုပ်မှုမြို့သစ်နှင့် ဒစ်ဂျစ်တယ်စီးပွားရေးတို့ကို အင်တိုက်အားတိုက် ဖော်ဆောင်နေပြီး တရုတ်နိုင်ငံကလည်း သက်ဆိုင်ရာပူးပေါင်းဆောင်ရွက်မှုများတွင် တက်တက်ကြွကြွ ပါဝင်လျက်ရှိပါသည်။ ယင်းသည် မြန်မာနိုင်ငံ အလုပ်အကိုင်အခွင့်အလမ်း ဖန်တီးပေးမှု၊ ပြည်သူလူနေမှုဘဝကောင်းမွန်လာစေမှု၊ စီးပွားဖွံ့ဖြိုးတိုးတက်မှုတို့အတွက်တွန်းအားပေးမည်၊ ဖွံ့ဖြိုးတိုးတက်မှုအခင်းအကျင်းအသစ်၏ ဦးဆောင်မှုဖြင့် တရုတ်နိုင်ငံသည် မြန်မာနိုင်ငံသို့ တစ်ဆင့်တိုးဈေးကွက်တံခါးဖွင့်ပြီး တရုတ်နိုင်ငံ၏ ပြုပြင်ပြောင်းလဲဖွံ့ဖြိုးတိုးတက်မှုအကျိုးအမြတ်များကို မြန်မာနိုင်ငံနှင့်မျှဝေကာ မြန်မာနိုင်ငံက တရုတ်နိုင်ငံသို့တင်ပို့မှုအတွက် အားအင်သစ် ထောက်ပံ့ပေးမည်ဖြစ်သည်။ တရုတ်-မြန်မာနှစ်နိုင်ငံက ကုန်သွယ်ရေး၊ ကုန်ထုတ်လုပ်မှုစွမ်းရည်၊ အခြေခံအဆောက်အအုံစသည့်နယ်ပယ်တွင် ပူးပေါင်းဆောင်ရွက်မှုသည် တစ်ဆင့်တိုး အရည်အသွေးကောင်းမွန်အဆင့်မြင့်လာပြီး "အပြန်အလှန်အမှီသဟဲပြုသည့်" အပြန်အလှန်လိုအပ်သည့်ဈေးကွက် တဖြည်းဖြည်းဖြစ်လာကာ နှစ်နိုင်ငံပြည်သူများအတွက် ပိုမိုများပြားသည့် လက်တွေ့ကျအကျိုးကျေးဇူးများ သယ်ဆောင်လာပေးပါသည်။

## တရုတ်-မြန်မာဆက်ဆံရေးခေတ်သစ်

တရုတ်-မြန်မာနှစ်နိုင်ငံသည် တောတောင်ရေမြေချင်းဆက်စပ်လျက်ရှိပြီး တရုတ်နိုင်ငံသည် မြန်မာနိုင်ငံ၏ အကြီးမားဆုံးကုန်သွယ်ဖက်ဖြစ်ကာ နှစ်ဦးနှစ်ဖက် ပူးပေါင်းဆောင်ရွက်မှုအလားအလာကြီးမားပြီး ကောင်းမွန်ပါသည်။ ယခုနှစ် နှစ်ဆန်းပိုင်းတွင် တရုတ်သမ္မတ Mr. Xi Jinping က မြန်မာနိုင်ငံသို့ သမိုင်းဝင်ခရီးစဉ်လာရောက်ခဲ့ပြီး သမိုင်းဝင်ရလဒ်များ ဆွတ်ခူးရရှိခဲ့ပါသည်။ နှစ်နိုင်ငံခေါင်းဆောင်များက "Belt and Road" နှင့် တရုတ်-မြန်မာစီးပွားရေးစင်္ကြံ အတူတကွဖော်ဆောင်ရေး၊ တရုတ်-မြန်မာအေးအတူပူအမျှအသိုက်အဝန်း အတူတကွ တည်ဆောက်ရေးအတွက် သဘောတူညီချက်များရရှိခဲ့သည်။ ယခုနှစ်တွင် COVID-19 ကပ်ရောဂါကို ရင်ဆိုင်ရာတွင် တရုတ်-မြန်မာနှစ်နိုင်ငံက တစ်လေ့တည်းစီး တစ်ခရီးတည်းသွားကာ အပြန်အလှန်ဖေးမကူညီ၍ အေးအတူပူအမျှအသိုက်အဝန်း၏ အနက်အဓိပ္ပာယ်ကို သက်ဝင်လှုပ်ရှားစွာ ဖော်ကျူးလိုက်ပါသည်။ လက်ရှိတွင် တရုတ်-မြန်မာစီးပွားရေးစင်္ကြံ၏ အရေးပါစီမံကိန်းများကို တည်ငြိမ်စွာဖော်ဆောင်လျက်ရှိပြီး တရုတ်-မြန်မာနှစ်နိုင်ငံက လျှပ်စစ်ပူးပေါင်းဆောင်ရွက်မှု၊ အမြန်ကားလမ်း၊ ရထားလမ်း အခြေခံအဆောက်အအုံ အပြန်အလှန်ချိတ်ဆက်မှု၊ စိုက်ပျိုးရေး၊ ကုန်ထုတ်လုပ်ငန်းစသည့်နယ်ပယ်များတွင် ပူးပေါင်းဆောင်ရွက်မှုကို အဆက်မပြတ်ဖော်ဆောင်ကာ နှစ်နိုင်ငံပြည်သူများအတွက် လက်တွေ့ကျကျ အကျိုးကျေးဇူးများ သယ်ဆောင်လာပေးပါသည်။

မကြာသေးမီကပင် မြန်မာနိုင်ငံက အထွေထွေရွေးကောက်ပွဲကြီးကို အောင်မြင်စွာကျင်းပနိုင်ခဲ့ပြီး ကျွန်တော်တို့က ဝမ်းမြောက်၍ ဂုဏ်ပြုလိုပါသည်။ မြန်မာနိုင်ငံက ဖွံ့ဖြိုးတိုးတက်မှုခေတ်သစ်ကို ဝင်ရောက်တော့မည်ဖြစ်ပြီး တည်ငြိမ်အေးချမ်းမှုထိန်းသိမ်းရေးနှင့် စီးပွားဖွံ့ဖြိုးတိုးတက်မှုမြှင့်တင်ရာတွင် အခွင့်အလမ်းအသစ်များ တွေ့ကြုံနေရပါသည်။ တရုတ်နိုင်ငံက လာမည့်နှစ်တွင် (၁၄) ကြိမ်မြောက် ငါးနှစ်စီမံကိန်းကို စတင်ဖော်ဆောင်မည်ဖြစ်ပြီး မြန်မာနိုင်ငံကလည်း နောက်နှစ်တွင် အစိုးရအသစ်ဖွဲ့စည်းကာ ငါးနှစ်တာလုပ်ငန်းအသစ်ကို စတင်တော့မည်ဖြစ်သည်။ စည်းလုံးညီညွတ်စွာ ရောဂါတိုက်ဖျက်ရေး၊ ပူးပေါင်းဆောင်ရွက်မှု နက်ရှိုင်းစေရေး၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှု တိုးမြှင့်ရေး၊ ပြည်သူများအကျိုးကျေးဇူး ဖြစ်ထွန်းစေရေးစသည့်နယ်ပယ်များတွင် တရုတ်-မြန်မာနှစ်နိုင်ငံက အတူလက်တွဲရှေ့သို့ချီတက်သည့် မိတ်ဖက်များဖြစ်ပါသည်။

**လက်ရှိတွင် တရုတ်-မြန်မာစီးပွားရေးစင်္ကြံ၏ အရေးပါစီမံကိန်းများကို တည်ငြိမ်စွာဖော်ဆောင်လျက်ရှိပြီး တရုတ်-မြန်မာနှစ်နိုင်ငံက လျှပ်စစ်ပူးပေါင်းဆောင်ရွက်မှု၊ အမြန်ကားလမ်း၊ ရထားလမ်း အခြေခံအဆောက်အအုံ အပြန်အလှန်ချိတ်ဆက်မှု၊ စိုက်ပျိုးရေး၊ ကုန်ထုတ်လုပ်ငန်း စသည့်နယ်ပယ်များတွင် ပူးပေါင်းဆောင်ရွက်မှုကို အဆက်မပြတ်ဖော်ဆောင်ကာ နှစ်နိုင်ငံပြည်သူများအတွက် လက်တွေ့ကျကျ အကျိုးကျေးဇူးများ သယ်ဆောင်လာ။**

နောက်တစ်လှမ်းအနေဖြင့် တရုတ်-မြန်မာနှစ်နိုင်ငံက ရောဂါတိုက်ဖျက်ရေး ပူးပေါင်းဆောင်ရွက်မှုကို ဆက်လက်နက်ရှိုင်းစေပြီး အပြန်အလှန်ဖေးမကူညီသည့် ဆွေမျိုးပေါက်ဖော်စိတ်ဓာတ်ကို ဆက်လက်ဖော်ဆောင်ကာ အပြန်အလှန် ရောဂါတိုက်ဖျက်မှုအတွက် ကြိုးပမ်းဆောင်ရွက်မှုများကို ထောက်ခံအားပေး၍ နယ်စပ်ဒေသ ရောဂါပူးပေါင်းကာကွယ်ထိန်းချုပ်ရေးကို တိုးမြှင့်သွားမည်ဖြစ်သည်။ ရောဂါတိုက်ဖျက်ရေးပစ္စည်းနှင့် ကာကွယ်ဆေးအပိုင်းတွင် ပူးပေါင်းဆောင်ရွက်မှုကို တိုးမြှင့်ကာ ရောဂါတိုက်ဖျက်ရေး အောင်မြင်မှုကို ဆောလျင်စွာရရှိရန် ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်သည်။ တစ်ချိန်တည်းတွင် ကျွန်တော်တို့သည် မြန်မာနိုင်ငံနှင့်အတူ ရောဂါကာကွယ်ထိန်းချုပ်ရေးနှင့် လက်တွေ့ကျပူးပေါင်းဆောင်ရွက်မှုကို စီမံခန့်ခွဲပြီး သမ္မတ Mr. Xi Jinping၏ မြန်မာနိုင်ငံခရီးစဉ်ရလဒ်များကို တက်တက်ကြွကြွဖော်ဆောင်ကာ "၁၄ ကြိမ်မြောက် ငါးနှစ်စီမံကိန်း" နှင့် မြန်မာဖွံ့ဖြိုးတိုးတက်မှု မဟာဗျူဟာ ချိတ်ဆက်မှုကို တိုးမြှင့်၍ "Belt and Road" နှင့် တရုတ်-မြန်မာစီးပွားရေးစင်္ကြံ အတူတကွတည်ဆောက်ရေးကို အဓိကထားပြီး နယ်ပယ်အသီးသီး လက်တွေ့ကျပူးပေါင်းဆောင်ရွက်မှုကို နက်ရှိုင်းစေကာ အတူတကွဖွံ့ဖြိုးတိုးတက်မှုကို တိုးမြှင့်၍ နှစ်နိုင်ငံပြည်သူများ ဆောလျင်စွာ များပြားစွာ အကျိုးခံစားရစေလိုပါသည်။

တရုတ်နိုင်ငံကလည်း မြန်မာနိုင်ငံနှင့် အပြန်အလှန်အရေးပါ အကျိုးအမြတ်နှင့် အရေးကြီးဂရုပြုမှုနှင့် သက်ဆိုင်သည့်ကိစ္စရပ်များတွင် အပြန်အလှန်ထောက်ခံအားပေးသွားလိုပြီး မြန်မာနိုင်ငံ၏ဆန္ဒကို လေးစားသည့်အခြေခံပေါ်တွင် မြန်မာနိုင်ငံ ပြည်တွင်းငြိမ်းချမ်းရေး ဆက်လက်တွန်းအားပေးရေးနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေးဖော်ဆောင်ရာတွင် အပြုသဘောဆောင်သည့် အခန်းကဏ္ဍမှ ဆက်လက်ပါဝင်သွားလိုပါသည်။ ယခုနှစ်တွင် တရုတ် နိုင်ငံက မြန်မာနိုင်ငံအတွက် "ငဘ" ရုပ်ရှင်ကို ဒစ်ဂျစ်တယ်နည်းဖြင့် ပြုပြင်ပေးလိုက်ပြီး မြန်မာ့ရုပ်ရှင် နှစ် ၁၀၀ ပြည့် ဂုဏ်ပြုအခမ်းအနား၏ အရေးပါရုပ်ရှင်အနေဖြင့် မြန်မာနိုင်ငံ၌ ပြန်လည်ပြသခဲ့သဖြင့် ယင်းသည် တရုတ်-မြန်မာ ယဉ်ကျေးမှုကူးလူးဖလှယ် ပူးပေါင်းဆောင်ရွက်မှု၏ ပုံရိပ်ဖြစ်ပါသည်။ ကျွန်တော်တို့သည် မြန်မာနိုင်ငံနှင့် ပညာရေး၊ ယဉ်ကျေးမှု၊ ခရီးသွားလာရေး၊ သာသနာရေး၊ မီဒီယာစသည့်နယ်ပယ်များတွင် ကူးလူးဖလှယ်ပူးပေါင်းဆောင်ရွက်မှုကို ဆက်လက်တိုးမြှင့်၍ နှစ်နိုင်ငံပြည်သူများ အပြန်အလှန်နားလည်မှုနှင့် ပြည်သူများ စိတ်နှလုံးချင်းဆက်နွယ်မှုကို မြှင့်တင်သွားလိုပါသည်။

**ယခုနှစ်တွင် တရုတ်နိုင်ငံက မြန်မာနိုင်ငံအတွက် "ငဘ" ရုပ်ရှင်ကို ဒစ်ဂျစ်တယ်နည်းဖြင့် ပြုပြင်ပေးလိုက်ပြီး မြန်မာ့ရုပ်ရှင် နှစ် ၁၀၀ ပြည့် ဂုဏ်ပြုအခမ်းအနား၏ အရေးပါရုပ်ရှင်အနေဖြင့် မြန်မာနိုင်ငံ၌ ပြန်လည်ပြသခဲ့သဖြင့် ယင်းသည် တရုတ်-မြန်မာယဉ်ကျေးမှု ကူးလူးဖလှယ် ပူးပေါင်းဆောင်ရွက်မှု၏ ပုံရိပ်ဖြစ်ပါသည်။**

ခရီးသွားလာရာတွင် အဖော်မွန်လိုအပ်ပြီး နေထိုင်ရာတွင် အိမ်နီးချင်းကောင်းလိုအပ်ပါသည်။ ကျွန်တော်တို့က မြန်မာနိုင်ငံနှင့်အတူ ဖွံ့ဖြိုးတိုးတက်မှု အခွင့်အလမ်းကို အမိအရဖမ်းဆုပ်၍ အခက်အခဲစိန်ခေါ်မှုများကို ကျော်ဖြတ်ကာ တရုတ်-မြန်မာဆက်ဆံရေးကို ခေတ်သစ်တွင် ပိုမိုကြီးမားသည့် တိုးတက်မှုများ ရရှိရန် တွန်းအားပေး၍ နှစ်နိုင်ငံပြည်သူများ အတူလက်တွဲကာ ပိုမိုသာယာချမ်းမြေ့သည့် အနာဂတ်သို့ လျှောက်လှမ်းသွားစေလိုပါသည်။ ။

ကြေးမုံ



# မကွေးပြည်သူ့ဆေးရုံကြီး သားဖွားမီးယပ်ရောဂါနှင့် မွေးကင်းစ ကလေးကုသဆောင် သုံးထပ်အဆောက်အအုံ လွှဲပြောင်းပေးအပ်မှု အခမ်းအနား ကျင်းပ

**နေပြည်တော် နိုဝင်ဘာ ၂၇**

ဂျပန်နိုင်ငံအစိုးရအထောက်အပံ့ဖြင့် ဂျပန်နိုင်ငံအပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီ (JICA) နှင့် ပူးပေါင်းဆောက်လုပ်ခဲ့သော မကွေးပြည်သူ့ဆေးရုံကြီးမှ သားဖွားမီးယပ်ရောဂါနှင့် မွေးကင်းစ ကလေးကုသဆောင် သုံးထပ်အဆောက်အအုံ လွှဲပြောင်းပေးအပ်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ပြုလုပ်သည်။



အခမ်းအနားသို့ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး၊ မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာအောင်မိုးညိုတို့ ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် တက်ရောက်သည်။

အခမ်းအနား၌ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက ဝမ်းမြောက်စကားပြောကြားရာတွင် ဂျပန်နိုင်ငံအစိုးရသည် မြန်မာနိုင်ငံအား ချစ်ခင်ရင်းနှီးစွာဖြင့် ကျန်းမာရေးကဏ္ဍ ပံ့ပိုးမှုများ ဆောင်ရွက်လျက်ရှိရာ ယခု ပြည်သူ့ဆေးရုံကြီး မကွေးမြို့ အဆင့်မြှင့်တင်ရေးစီမံကိန်းလည်း တစ်ခုအပါအဝင် ဖြစ်ပါကြောင်း၊ မကွေးပြည်သူ့ဆေးရုံကြီးသည် ပြည်သူများ အားကိုးအားထားပြုကာ ကုသမှုခံယူလျက်ရှိသော ဆေးရုံကြီးဖြစ်သဖြင့် ဝန်ကြီးဌာနအနေဖြင့် ဆေးရုံကြီးအား ခုတင်-၅၀၀ ဆံ့ ပြည်သူ့ဆေးရုံကြီးအဖြစ် အဆင့်တိုးမြှင့်ခဲ့ပါကြောင်း၊ ဝန်ကြီးဌာနအနေဖြင့် ဆေးရုံအတွက် ထပ်မံလိုအပ်သည့် MRIs (magnetic resonance imaging) နှင့် CT (computed tomography) scan စက်များ အပါအဝင် စက်ကိရိယာပစ္စည်းများကို မှာယူထားရှိပါကြောင်း၊ ယခု သားဖွားမီးယပ်ရောဂါနှင့် မွေးကင်းစ ကလေးကုသဆောင် သုံးထပ်အဆောက်အအုံကို ဂျပန်နိုင်ငံအပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ(JICA)နှင့် ပူးပေါင်းဆောက်လုပ်နိုင်ခဲ့သည့်အတွက် မကွေးမြို့နှင့် အနီးတစ်ဝိုက်မှ ပြည်သူများအတွက် များစွာအကျိုးရှိမည် ဖြစ်ပါကြောင်း။

ဂျပန်နိုင်ငံ၏ ပံ့ပိုးမှုများဖြင့် မိမိတို့နိုင်ငံတွင် ကျန်းမာရေးဌာန အဆောက်အအုံများ ဆောက်လုပ်ခဲ့ပြီး ယခုလက်ရှိတွင်လည်း ပြည်သူ့ဆေးရုံကြီး လှိုင်ကော်မြို့၊ ပြည်သူ့ဆေးရုံကြီး လားရှိုးမြို့နှင့် ပြည်သူ့ဆေးရုံကြီး ထားဝယ်မြို့တို့၏ အဆင့်မြှင့်တင်ရေးစီမံကိန်းလုပ်ငန်းများနှင့် ရန်ကုန်ပြည်သူ့ဆေးရုံကြီး အဆင့်မြှင့်တိုးချဲ့ ခုနစ်ထပ်ဆောင်နှင့် နှလုံး၊ ဦးနှောက်နှင့် အာရုံကြောအထူးကုဆေးရုံသစ်ကြီး တည်ဆောက်ရေးလုပ်ငန်းများအပါအဝင် လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါကြောင်း။

ဂျပန်နိုင်ငံအနေဖြင့် မြန်မာနိုင်ငံ၏ ကိုဗစ်-၁၉ ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများအတွက် ပံ့ပိုးမှုများလည်း ပေးအပ်လျက်ရှိပါကြောင်း၊ ထိုသို့ ပံ့ပိုးမှုများပေးအပ်သည့် ဂျပန်နိုင်ငံအစိုးရနှင့် ဂျပန်နိုင်ငံ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ(JICA) တို့အား ပြည်သူများကိုယ်စား အထူးကျေးဇူးတင်ရှိပါကြောင်း၊ ပြည်သူ့ဆေးရုံကြီး မကွေးမြို့ အဆင့်မြှင့်တင်ရေးစီမံကိန်းလုပ်ငန်းများတွင် ပံ့ပိုးမှုများ ပေးအပ်လျက်ရှိသော မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများကိုလည်း အထူးကျေးဇူးတင်ရှိပါကြောင်း၊ လက်ရှိတွင် တိုင်းဒေသကြီး/ပြည်နယ်များ၌ "ပါးစပ်နှင့် နှာခေါင်းစည်း မဖြစ်မနေတပ်ဆင်ရေး လူထုလှုပ်ရှားမှုစီမံချက်" ကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိရာ တိုင်းဒေသကြီး/ပြည်နယ် အစိုးရအဖွဲ့များအနေဖြင့် ပံ့ပိုးမှုများ ပေးအပ်ပါရန် မေတ္တာရပ်ခံအပ်ပါကြောင်း ပြောကြားသည်။

ထို့နောက် မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာအောင်မိုးညိုက ပြည်သူ့ဆေးရုံကြီး မကွေးမြို့သည် မကွေးတိုင်းဒေသကြီးအတွက် အဓိကကျသော ဆေးရုံကြီးဖြစ်ပြီး ယခုပြည်သူ့ဆေးရုံကြီး မကွေးမြို့ အဆင့်မြှင့်တင်ရေးစီမံကိန်းသည် တိုင်းဒေသကြီးအတွက် လွန်စွာအကျိုးရှိသော စီမံကိန်းဖြစ်ပါကြောင်း၊ မကွေးတိုင်းဒေသကြီးအတွင်း မိခင်သေဆုံးမှုနှင့် မွေးကင်းစကလေး သေဆုံးမှုနှုန်းများသည် အခြားတိုင်းဒေသကြီး/ပြည်နယ်များနှင့် နှိုင်းယှဉ်ပါက မြင့်မားနေသောကြောင့် ယခု သားဖွားမီးယပ်ရောဂါနှင့် မွေးကင်းစ ကလေးကုသဆောင် သုံးထပ်အဆောက်အအုံ ဆောက်လုပ်ပြီးစီးခဲ့ခြင်းမှာ မိမိတို့ တိုင်းဒေသကြီးအတွက် များစွာအကျိုးရှိမည် ဖြစ်ပါကြောင်း။

ပြည်သူ့ဆေးရုံကြီး မကွေးမြို့ အဆင့်မြှင့်တင်ရေး စီမံကိန်းကို ထောက်ပံ့ပေးလျက်ရှိသော ဂျပန်နိုင်ငံ အစိုးရနှင့် ဂျပန်နိုင်ငံ အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီ (JICA) တို့အား ကျေးဇူးတင်ရှိပါကြောင်း၊ မိမိတို့ တိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူးနှင့် ချိတ်ဆက်တိုင်ပင်ကာ လုပ်ငန်းများ ပူးပေါင်းချိတ်ဆက်ဆောင်ရွက်လျက်ရှိကြောင်း ပြောကြားသည်။

ယင်းနောက် မြန်မာနိုင်ငံဆိုင်ရာ ဂျပန်နိုင်ငံသံရုံးမှ Counsellor Mr. Takimi Kazuyuki က ပြည်သူ့ဆေးရုံကြီး မကွေးမြို့သည် တိုင်းဒေသကြီးအတွက် အရေးကြီးသော ဆေးရုံကြီးဖြစ်ပြီး လူနာခုတင်သုံးစွဲမှုများပြားသော ဆေးရုံကြီးဖြစ်ပါကြောင်း၊ ပြည်သူ့ဆေးရုံကြီး မကွေးမြို့ အဆင့်မြှင့်တင်ရေးစီမံကိန်းသည် တိုင်းဒေသကြီးအတွင်းရှိ ပြည်သူများအတွက် ပိုမိုအရည်အသွေးပြည့်ဝသော ကျန်းမာရေးစောင့်ရှောက်မှုရရှိစေရေးနှင့် နေထိုင်မှုအရည်အသွေး ပိုမိုမြင့်မားစေရေး ရည်ရွယ်ဆောင်ရွက်နေခြင်းဖြစ်ပါကြောင်း၊ သားဖွားမီးယပ်ရောဂါနှင့် မွေးကင်းစ ကလေး ကုသဆောင် သုံးထပ်အဆောက်အအုံကို ဆောက်လုပ်ပြီးနောက် ဆေးပစ္စည်းကိရိယာများကိုလည်း ဆက်လက်ပံ့ပိုးသွားမည်ဖြစ်ပါကြောင်း၊ ဂျပန်နိုင်ငံအနေဖြင့် ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများအတွက် ထောက်ပံ့ကူညီပေးလျက်ရှိသည့်အပြင် အခြားကျန်းမာရေးကဏ္ဍများအတွက် ဆက်လက်ပံ့ပိုးသွားမည် ဖြစ်ပါကြောင်း ပြောကြားသည်။

ပြည်သူ့ဆေးရုံကြီး မကွေးမြို့ အဆင့်မြှင့်တင်ရေး စီမံကိန်းစီမံချက်အတွက် ဂျပန်နိုင်ငံအစိုးရအထောက်အပံ့မှာ ဂျပန်ယန်း ၂၈၈၁ သန်းဖြစ်သည်။ ယခု လွှဲပြောင်းပေးအပ်ခဲ့သည့် သားဖွားမီးယပ်ရောဂါနှင့် မွေးကင်းစကလေး ကုသဆောင် သုံးထပ်အဆောက်အအုံတွင် သားဖွားနှင့် မီးယပ်ဆေးကုသဆောင်၊ မွေးကင်းစကလေးကုသဆောင်၊ အရေးပေါ်ဌာနနှင့် ခွဲစိတ်ခန်းတို့ပါဝင်ကြောင်း သိရသည်။

**သတင်းစဉ်**

# (၈)ကြိမ်မြောက် အာဆီယံ သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုဆိုင်ရာ ဝန်ကြီးများအဆင့် အစည်းအဝေး ကျင်းပ

**နေပြည်တော် နိုဝင်ဘာ ၂၇**

(၈) ကြိမ်မြောက် အာဆီယံ သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုဆိုင်ရာ ဝန်ကြီးများအဆင့် အစည်းအဝေးကို ယနေ့နံနက်ပိုင်းက ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ကျင်းပရာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး ဦးဆောင်သော မြန်မာကိုယ်စားလှယ်များ တက်ရောက်ကြသည်။



အစည်းအဝေးတွင် အာဆီယံနှင့် UNESCAP တို့ ပူးပေါင်းရေးဆွဲသည့် ASEAN-UNESCAP Ready for the Dry Years အစီရင်ခံစာ ဒုတိယအကြိမ်ထုတ်ဝေမှုကို မိတ်ဆက်ပြီး ဒေသတွင်း မိုးခေါင်ရေရှားဘေးအန္တရာယ်ဆိုင်ရာ မှတ်တမ်းတင်ဗီဒီယိုကို ပြသသည်။

ထို့နောက် အာဆီယံသဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုဆိုင်ရာ ဝန်ကြီးများအဆင့်အစည်းအဝေးကို ဆက်လက်ကျင်းပရာ အလှည့်ကျအိမ်ရှင်ဖြစ်သည့် ဖိလစ်ပိုင်နိုင်ငံ Office of the Civil Defense မှ Under Secretary ဖြစ်သူ Mr. Ricardo B. Jalad က ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားသည်။

ယင်းနောက် အာဆီယံ သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုဆိုင်ရာဝန်ကြီးများက နိုင်ငံအလိုက် မိန့်ခွန်းပြောကြားကြရာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက ဖိလစ်ပိုင်နိုင်ငံအတွင်း ဝင်ရောက်တိုက်ခတ်ခဲ့သည့် အင်အားပြင်းထန်သော တိုင်ဖုန်းမုန်တိုင်းများကြောင့် သေဆုံးခဲ့သူများနှင့် ထိခိုက်ဆုံးရှုံးမှုများအတွက် များစွာစိတ်ထိခိုက်ရပါကြောင်း၊ ပေါင်းစည်းညီညွတ်သည့် အာဆီယံအစဉ်အလာနှင့်အညီ ဖိလစ်ပိုင်နိုင်ငံနှင့် အတူတကွရှိပါကြောင်း၊ အခက်အခဲများအကြားတွင် အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးနှင့် ဝန်ကြီးအဆင့်အစည်းအဝေးများကို ကျင်းပနိုင်သည့်အတွက်လည်း ဂုဏ်ယူမိပါကြောင်း၊ ဘေးအန္တရာယ်များသည် နိုင်ငံများအတွက် စိန်ခေါ်မှုတစ်ရပ်ဖြစ်သကဲ့သို့ ဒေသတွင်းစိုးရိမ်ဖွယ်ရာကိစ္စဖြစ်သည့်အပြင် ကမ္ဘာ့အဆင့်တွင် မဖြစ်မနေရင်ဆိုင်တုံ့ပြန်ရမည့် လုပ်ငန်းစဉ်တစ်ခုလည်း ဖြစ်လာပါကြောင်း။

ကမ္ဘာ့နိုင်ငံများတွင် လတ်တလောရင်ဆိုင်ကြုံတွေ့နေရသည့် ကိုဗစ်-၁၉ ကပ်ရောဂါသည် အာဆီယံနိုင်ငံများအတွက်လည်း စိန်ခေါ်မှုတစ်ခုဖြစ်ရာ ပြီးပြည့်စုံသည့် အာဆီယံပြန်လည်ထူထောင်ရေးဆိုင်ရာ မူဘောင်သည် ကိုဗစ်-၁၉ ကြောင့် ဖြစ်ပေါ်လာသည့် ရေရှည်အကျိုးဆက်များကို ကုစားပေးနိုင်ရေးအတွက် ဦးစားပေးအစီအစဉ်တစ်ခု ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့်လည်း ကိုဗစ်-၁၉ စီးပွားရေးကုစားမှု အစီအစဉ်ကို ထိရောက်စွာ အကောင်အထည်ဖော်လျက်ရှိပြီး ထိခိုက်လွယ်အုပ်စုများအတွက် ကာကွယ်စောင့်ရှောက်ထောက်ပံ့မှုများကို တိုးမြှင့်ဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

သဘာဝဘေးစီမံခန့်ခွဲရေးနှင့် အရေးပေါ်တုံ့ပြန်ရေးဆိုင်ရာ အာဆီယံသဘောတူစာချုပ်အရ လုပ်ငန်းအစီအစဉ် (AADMER Work Programme-AWP) (၂၀၂၁-၂၀၂၅)ကို အသစ်ရေးဆွဲထားပြီးဖြစ်ရာ အကောင်အထည်ဖော်မှုများကို ဆက်လက်လုပ်ဆောင်သွားရမည်ဖြစ်ပါကြောင်း၊ ဘေးအန္တရာယ်ကျရောက်ချိန်များတွင် ပညာရေးနှင့် ကျန်းမာရေးကဏ္ဍများ၏ ဘေးဒဏ်ရင်ဆိုင်တုံ့ပြန်နိုင်စွမ်းသည် များစွာအရေးကြီးသည်ဖြစ်ရာ ယင်းအတွက်ကိုလည်း အားထုတ်ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း၊ အာဆီယံဒေသအနေဖြင့် ဖြစ်ရိုးဖြစ်စဉ် ဘေးအန္တရာယ်များအပြင် အခြားသောသဘာဝပတ်ဝန်းကျင်ဆိုင်ရာ၊ နည်းပညာဆိုင်ရာနှင့် ဇီဝဆိုင်ရာဘေးအန္တရာယ်များအတွက်ပါ အသင့်ဖြစ်နေစေရန် ပူးပေါင်းဆောင်ရွက်ကြရမည် ဖြစ်ပါကြောင်း။

(၃၇)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးတွင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ပြောကြားခဲ့သည့်အတိုင်း ဒေသတွင်းစည်းလုံးညီညွတ်မှုနှင့် ဒေသပြင်ပ၏ တည်ငြိမ်အေးချမ်းမှုကို တိုးမြှင့်လုပ်ဆောင်ပေးခြင်းအားဖြင့် ပြောင်းလဲမှုအမျိုးမျိုးကို ထိရောက်စွာ တုံ့ပြန်ဆောင်ရွက်နိုင်မည် ဖြစ်ပါကြောင်း၊ အာဆီယံ၏ စည်းလုံးညီညွတ်မှုနှင့် ပူးပေါင်းဆောင်ရွက်မှု အစဉ်အလာကောင်းကို ဆက်လက်ထိန်းသိမ်းကာ ၂၀၂၅ အာဆီယံမျှော်မှန်းချက်ဖြစ်သည့် ဘေးအန္တရာယ် စီမံခန့်ခွဲမှုတွင် ကမ္ဘာ့အဆင့်ဦးဆောင်သူ ဖြစ်လာစေရေးကို အကောင်အထည်ဖော်ရမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် အာဆီယံ သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုဆိုင်ရာအဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးနှင့် သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုအတွက် လူသားချင်းစာနာကူညီမှုဆိုင်ရာ အာဆီယံညှိနှိုင်းရေးမှူးရုံး (AHA Centre) အုပ်ချုပ်မှုအဖွဲ့ အစည်းအဝေးအစီရင်ခံစာများကို ဖတ်ကြားတင်ပြရာ ဝန်ကြီးများက လိုအပ်သည်များကို အကြံပြုလမ်းညွှန်ပေးကြသည်။

ဆက်လက်၍ ၂၀၂၀ ပြည့်နှစ်တွင် အသစ်ရေးဆွဲထားသည့် သဘာဝဘေး စီမံခန့်ခွဲရေးနှင့် အရေးပေါ်တုံ့ပြန်ရေးဆိုင်ရာ အာဆီယံသဘောတူစာချုပ်အရ လုပ်ငန်းအစီအစဉ် (၂၀၂၁-၂၀၂၅)ကို ဝန်ကြီးများက အတည်ပြုခဲ့ကြပြီး မှတ်တမ်းဓာတ်ပုံ ရိုက်ကူးကြသည်။

ထို့အပြင် (၈) ကြိမ်မြောက် အာဆီယံ သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုဆိုင်ရာ ဝန်ကြီးများအဆင့် အစည်းအဝေး၏ သဘာပတိကြေညာစာတမ်းကို ထုတ်ပြန်ခြင်း၊ ဖိလစ်ပိုင်နိုင်ငံက ဥက္ကဋ္ဌအဖြစ် တာဝန်ယူစဉ်အတွင်း ဆောင်ရွက်တိုးတက်မှုများကို မှတ်တမ်းတင်ဗီဒီယို ပြသခြင်း၊ ၂၀၂၁ ခုနှစ်၏ အလှည့်ကျဥက္ကဋ္ဌဖြစ်သူ စင်ကာပူနိုင်ငံသို့ ဥက္ကဋ္ဌတာဝန် လွှဲပြောင်းပေးအပ်ခြင်းနှင့် စင်ကာပူနိုင်ငံက နှုတ်ခွန်းဆက်စကား ပြောကြားခြင်း၊ (၉)ကြိမ်မြောက် ဝန်ကြီးအဆင့်အစည်းအဝေး ကျင်းပမည့်နေ့ရက်နှင့် နေရာသတ်မှတ်ခြင်း၊ ဝန်ကြီးအဆင့် အစည်းအဝေးအစီရင်ခံစာမူကြမ်းအား ဆွေးနွေးခြင်းတို့ကို ဆောင်ရွက်ခဲ့ကြသည်။

ယနေ့ကျင်းပသည့် ဝန်ကြီးအဆင့်အစည်းအဝေးမတိုင်မီ နိုဝင်ဘာ ၂၅ ရက်နှင့် ၂၆ ရက်တို့တွင် အာဆီယံသဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုကော်မတီ၏ အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများကို ကျင်းပခဲ့ရာ အဆိုပါကော်မတီ၏ အဖွဲ့ဝင်၊ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာကိုကိုနိုင် ဦးဆောင်၍ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

(၈)ကြိမ်မြောက် ဝန်ကြီးအဆင့်အစည်းအဝေးသို့ အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုဆိုင်ရာဝန်ကြီးများ၊ အာဆီယံသဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုကော်မတီ၏ အဆင့်မြင့်အရာရှိကြီးများ၊ အာဆီယံအတွင်းရေးမှူးချုပ်ရုံးနှင့် သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုအတွက် လူသားချင်းစာနာကူညီမှုဆိုင်ရာ အာဆီယံညှိနှိုင်းရေးမှူးရုံး (AHA Centre) တို့မှ ကိုယ်စားလှယ်များက ပါဝင်တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# ကိုဗစ်-၁၉ ရောဂါတားဆီးရေးတွင် အားလုံးပူးပေါင်းပါဝင်ရန် ဂျပန်ဝန်ကြီးချုပ် ဆူဂါတိုက်တွန်း



**တိုကျို နိုဝင်ဘာ ၂၇**
ဂျပန်ဝန်ကြီးချုပ် ဆူဂါက နိုင်ငံသားများအားလုံးအနေဖြင့် လာမည့် ရက်သတ္တသုံးပတ်အတွင်း ချမှတ်ထားသော ကျန်းမာရေးဆိုင်ရာ စည်းမျဉ်းများနှင့်အညီ နေထိုင်ခြင်းဖြင့် ကိုဗစ်-၁၉ ရောဂါ ကူးစက်ပြန့်ပွားမှုကို ဝိုင်းဝန်းတားဆီးပေးကြရန် ယမန်နေ့တွင် တိုက်တွန်းလိုက်သည်။

လာမည့်ရက်သတ္တသုံးပတ်မှာ အလွန်အရေးကြီးသည့်အချိန်ဖြစ်ပြီး အဆိုပါကာလအတွင်းတွင် နှာခေါင်းစည်းဝတ်ဆင်ခြင်း၊ လက်ဆေးခြင်း၊ လူထူထပ်သည့်နေရာများသို့ သွားရောက်ခြင်းမှ ရှောင်ကြဉ်ခြင်း စသည့် စည်းမျဉ်းများကို လိုက်နာရန် လိုအပ်ကြောင်း ဝန်ကြီးချုပ် ဆူဂါက ဆိုသည်။ ဗဟိုအစိုးရနှင့် စီရင်စု အစိုးရပိုင်းတို့ ပူးပေါင်းကာ ဆေးရုံဆေးခန်းအများစု ပိတ်ထားလေ့ရှိသည့် နှစ်သစ်ကူး အားလပ်ရက်များတွင် ဗိုင်းရပ်စ်ပျံ့နှံ့ မှုကို တားဆီးသွားမည်ဖြစ်သည်။ ရောဂါပျံ့နှံ့မှု အများဆုံးဖြစ်သည့် စားသောက်ဆိုင်များ၏ ဆိုင်ဖွင့်ချိန်ကို လျှော့ချရန်လည်း အစိုးရက ဆောင်ရွက်ဖွယ်ရှိသည်။

နိုင်ငံတွင်း ခရီးသွားလုပ်ငန်း ပြန်လည်ကောင်းမွန်စေရန် ရည်ရွယ်ထားသည့် "ခရီးသွားကြစို့"အစီအစဉ်မှ ရောဂါကူးစက်မှု များပြားခဲ့သည် ဆိုသည်ကို ထင်ရှားသည့်အထောက်အထားမရှိသော်လည်း ကူးစက်မှု မြင့်မားရာ နေရာများသို့ ခရီးသွားလာမှုကို အစိုးရ၏ထောက်ပံ့ရေး အစီအစဉ်များမှ ဖယ်ထုတ်ထားမည်ဖြစ်သည်။

ယခုသီတင်းပတ်အစောပိုင်းကပင် အိုဆာကာနှင့် ဆပ်ပိုရိုမြို့များသို့ သွားရောက်လည်ပတ်မှုကို သုံးပတ်ကြာရွှေ့ဆိုင်းရန် အစိုးရဘက်မှ ဆုံးဖြတ်ခဲ့ပြီးဖြစ်သည်။ နိုင်ငံတွင်း ရောဂါကူးစက်မှုနှုန်း မြင့်တက်နေသလို ယမန်နေ့တွင် ဗိုင်းရပ်စ်ကူးစက်ခံရသူ ၂၅၀၂ ဦး စံချိန်တင်တွေ့ရှိခဲ့ကြောင်း သိရသည်။

**ကိုးကား- အင်န်အိတ်ချ်ကေ၊ ဘာသာပြန်-မေလှဲ့သင်း**

# ဂျပန်နှင့် တရုတ်အကြား စီးပွားရေးလုပ်ငန်းဆိုင်ရာခရီးစဉ်များ နိုဝင်ဘာ ၃၀ ရက်တွင် ပြန်လည်စတင်မည်



**တိုကျို နိုဝင်ဘာ ၂၇**
ဂျပန်နိုင်ငံနှင့် တရုတ်နိုင်ငံတို့အကြား စီးပွားရေးလုပ်ငန်းဆိုင်ရာခရီးစဉ်များကို နိုဝင်ဘာ ၃၀ ရက်တွင် ပြန်လည်စတင်တော့မည်ဖြစ်ကြောင်း ဂျပန်နိုင်ငံခြားရေးဝန်ကြီး မိုတီဂီက ယမန်နေ့က ပြောကြားခဲ့သည်။

ဂျပန်နိုင်ငံခြားရေးဝန်ကြီး မိုတီဂီသည် တရုတ်နိုင်ငံခြားရေးဝန်ကြီး ဝမ်ယိနှင့် ယခုသတင်းပတ်အစောပိုင်းက ဂျပန်-တရုတ် စီးပွားရေးလုပ်ငန်းဆိုင်ရာ ခရီးစဉ်များနှင့် စပ်လျဉ်းသည့် စည်းကမ်းချက်များတွင် သဘောတူညီမှုရရှိခဲ့ပြီးနောက် ယမန်နေ့တွင် ပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲတစ်ရပ်၌ မိုတီဂီက စီးပွားရေးဆိုင်ရာ ခရီးစဉ်များ ပြန်လည်စတင်မည့်အကြောင်း ကြေညာခဲ့ခြင်းဖြစ်သည်။

ကိုဗစ်-၁၉ ရောဂါကူးစက်ပျံ့နှံ့မှုကို အစွမ်းကုန်တိုက်ဖျက်နေစဉ်မှာပင် နိုင်ငံတကာ ခရီးသွားကဏ္ဍကို ပြန်လည်စတင်ရန်မှာ ဂျပန်နိုင်ငံအတွက် အလွန်အရေးကြီးကြောင်း ဂျပန်နိုင်ငံခြားရေးဝန်ကြီး မိုတီဂီက ပြောကြားခဲ့သည်။

ထို့ပြင် ဂျပန်နိုင်ငံနှင့် တရုတ်နိုင်ငံတို့အကြား စီးပွားရေးလုပ်ငန်းဆိုင်ရာ ခရီးစဉ်များ ပြန်လည်စတင်ခြင်းကို ကြိုဆိုပါကြောင်းနှင့် ကိုဗစ်-၁၉ ရောဂါမဖြစ်ပွားမီက ဂျပန်နိုင်ငံသို့ အများဆုံးလာရောက်သည့် ခရီးသွားအရေအတွက်မှာ တရုတ်နိုင်ငံမှဖြစ်ကြောင်း ဂျပန်နိုင်ငံခြားရေးဝန်ကြီး မိုတီဂီက ပြောကြားခဲ့သည်။

**ကိုးကား-အင်န်အိတ်ချ်ကေ**
**ဘာသာပြန်-အလင်းသစ်**

# အိန္ဒိယ၌ တစ်နှစ်လျှင် Sputnik V ကိုဗစ်ကာကွယ်ဆေး အလုံးရေ သန်း ၁၀၀ ထုတ်လုပ်ရန် ရုရှားနိုင်ငံ သဘောတူ

**မော်စကို နိုဝင်ဘာ ၂၇**
အိန္ဒိယနိုင်ငံ၌ တစ်နှစ်လျှင် Sputnik V ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးအလုံးရေ သန်း ၁၀၀ ထုတ်လုပ်ရန် ရုရှားနိုင်ငံမှ Soverign wealth fund နှင့် အိန္ဒိယဆေးဝါးကုမ္ပဏီ Hetero တို့ သဘောတူလိုက်ကြောင်း Sputnik V ၏ ယနေ့ တွစ်တာလူမှုကွန်ရက်၌ဖော်ပြခဲ့သည့် ထုတ်ပြန်ချက်တစ်ရပ်အရ သိရသည်။

Hetero ကုမ္ပဏီနှင့် ဗိုင်းရပ်စ်ကာကွယ်ဆေး ထုတ်လုပ်ရန်နှင့် ကမ္ဘာ့ဈေးကွက်တင်ပို့ရန် လုပ်ဆောင်ရသည့် ရုရှားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု ရန်ပုံငွေအဖွဲ့ (RDIF) တို့က ၂၀၂၁ ခုနှစ် အစပိုင်းတွင် အိန္ဒိယနိုင်ငံ၌ Sputnik V ကာကွယ်ဆေး ထုတ်လုပ်မှုစတင်ရန် စီစဉ်ထားသည်။ Sputnik V ကိုဗစ်ကာကွယ်ဆေး၏ အဆင့် ၂ နှင့် အဆင့် ၃ လက်တွေ့စမ်းသပ်မှုများကို အိန္ဒိယနိုင်ငံ၌ လုပ်ဆောင်နေဆဲဖြစ်ကြောင်း ထုတ်ပြန်ချက်က ဆိုသည်။

၂၀၂၁ ခုနှစ် မတ်လထက်နောက်မကျဘဲ အပြီးသတ်အဆင့် စမ်းသပ်မှုများ ပြီးစီးမည်ဟု မျှော်မှန်းရကြောင်း ဆေးဝါးကုမ္ပဏီ Dr Reddy's Laboratories Ltd က ပြောကြားသည်။ Sputnik V ဗိုင်းရပ်စ်ကာကွယ်ဆေးက ၉၅ ရာခိုင်နှုန်းနီးပါး ထိရောက်မှုရှိကြောင်း ရုရှားနိုင်ငံက ပြောကြားထားသည်။ နှစ်ကြိမ်ထိုးရမည့် အဆိုပါကာကွယ်ဆေးကို နိုင်ငံတကာဈေးကွက်များတွင် ဒေါ်လာ ၂၀ အောက် ဈေးနှုန်းဖြင့် ရရှိမည်ဖြစ်ပြီး ရုရှားနိုင်ငံသားများကို အခမဲ့ထိုးပေးမည်ဖြစ်သည်။ Sputnik V ကိုဗစ်ကာကွယ်ဆေးကို ၂ ဒီဂရီစင်တီဂရိတ်နှင့် ၈ ဒီဂရီစင်တီဂရိတ် အကြား ထိန်းသိမ်းနိုင်ကြောင်း သိရသည်။

**ကိုးကား-ဟိန္ဒူစတန်တိုင်းမ်၊ဘာသာပြန်-ကျော်ထိုက်စိုး**

# အိန္ဒိယ၌ တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၄၃၀၈၂ ဦး တွေ့ရှိပြီး ၄၉၂ ဦး ထပ်မံသေဆုံး



**နယူးဒေလီ နိုဝင်ဘာ ၂၇**
အိန္ဒိယနိုင်ငံ၌ လွန်ခဲ့သည့် ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၄၃၀၈၂ ဦး ထပ်မံတွေ့ရှိခဲ့ရာ လက်ရှိအချိန်အထိ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူပေါင်း ၉၃၀၉၇၈၇ ဦးရှိလာကြောင်း အိန္ဒိယကျန်းမာရေးဝန်ကြီးဌာနမှ ယနေ့ထုတ်ပြန်သည့် နောက်ဆုံးအချက်အလက်များအရ သိရသည်။

ထို့ပြင် ၄၉၂ ဦး ထပ်မံသေဆုံးခဲ့ရာ အိန္ဒိယ၌ ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူပေါင်း ၁၃၅၇၁၅ ဦးရှိလာခဲ့သည်။

**ကူးစက်မှု ရတ်တရက်မြင့်မား**

ဒေလီမြို့တွင် မကြာသေးမီရက်များမှစ၍ ကိုဗစ်-၁၉ ရောဂါကူးစက်မှု ရုတ်တရက် မြင့်မားလျက်ရှိသည်။ ဒေလီမြို့၌ လွန်ခဲ့သည့် ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၅၄၇၅ ဦး ထပ်မံတွေ့ရှိပြီး ရောဂါကြောင့် ၉၁ ဦး ထပ်မံသေဆုံးခဲ့သည်။

သို့သော် အိန္ဒိယနိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသောလူနာ ၈၇၁၈၅၁၇ ဦးသည် ဆေးဝါးကုသမှုခံယူခဲ့ပြီးနောက် ဆေးရုံများမှ ပြန်ဆင်းခဲ့ကြရာ လတ်တလောအချိန်၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်သူ ၄၅၅၅၅၅ ဦးသာ နိုင်ငံတစ်ဝန်းရှိ ဆေးရုံများတွင် ဆေးဝါးကုသမှု ခံယူလျက်ရှိကြောင်း သိရသည်။

တစ်ချိန်တည်းမှာပင် ဒေလီဒေသန္တရ ကျန်းမာရေးဝန်ကြီး ဆတ်တင်ဒရာဂျိန်းက ကိုဗစ်-၁၉ ရောဂါကူးစက်မှု ဆက်လက်ဖြစ်ပွားနေသည့်အတွက် ကျောင်းသားများ၏ ကျန်းမာရေး ဘေးကင်းလုံခြုံရေးအတွက် စာသင်ကျောင်းများကို ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးရရှိသည့်အထိ ဆက်လက်ပိတ်ထားမည်ဖြစ်ကြောင်း ပြောကြားသည်။

အိန္ဒိယနိုင်ငံသည် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး Covaxin ကို တတိယအဆင့် စမ်းသပ်မှု ပြုလုပ်လျက်ရှိကြောင်း သိရသည်။

**ကိုးကား - ဆင်ဟွာ**
**ဘာသာပြန် - ဂျေတီ**

# AstraZeneca ဗိုင်းရပ်စ်ကာကွယ်ဆေးအလုံးရေ ၂ ဒသမ ၆ သန်း ဖိလစ်ပိုင်နိုင်ငံ ဝယ်ယူမည်

**မနီလာ နိုဝင်ဘာ ၂၇**
ဖိလစ်ပိုင်နိုင်ငံသည် ဆေးဝါးကုမ္ပဏီ AstraZeneca ထံမှ ကိုဗစ်ကာကွယ်ဆေးအလုံးရေ ၂ ဒသမ ၆ သန်း ဝယ်ယူမည့် သဘောတူညီချက်တစ်ရပ်ကို ဖိလစ်ပိုင်အစိုးရက ယနေ့ လက်မှတ်ရေးထိုးခဲ့သည်။

ဖိလစ်ပိုင်နိုင်ငံရှိ ပုဂ္ဂလိကကဏ္ဍမှ ငွေပေးချေရမည့် အဆိုပါကိုဗစ်ကာကွယ်ဆေးများအား ပြည်သူတစ်သန်းကျော်ကို ထိုးနှံပေးမည်ဖြစ်သည်။

"ဗိုင်းရပ်စ်ကာကွယ်ဆေးတွေ လာမယ့်နှစ် မေလ သို့မဟုတ် ဇွန်လမှာ ရောက်ရှိမယ်လို့ မျှော်လင့်ပါတယ်။ ဗိုင်းရပ်စ်ကာကွယ်ဆေးရရှိဖို့ ကျွန်တော်တို့ ဖိလစ်ပိုင်ပြည်သူတွေကို အာမခံနိုင်ပါပြီ" ဟု သမ္မတအကြံပေး ဂျိုယေးကွန်ဆက်ရှင်းက လက်မှတ်ရေးထိုးပွဲအခမ်းအနား၌ ပြောကြားခဲ့သည်။ AstraZeneca ကာကွယ်ဆေးအလုံးရေ ၂ ဒသမ ၆ သန်း ဝယ်ယူမှုက ဗိုင်းရပ်စ်တိုက်ဖျက်ရာတွင် အထောက်အကူပြုမည်ဖြစ်ကြောင်း ဖိလစ်ပိုင်ကာကွယ်ဆေး အစီအစဉ်အကြီးအကဲ ကာလစ်တိုဂါလ်ဗက်ဇ်က ပြောသည်။

ဖိလစ်ပိုင်နိုင်ငံက နောက်ထပ် သန်းနှင့်ချီသော ကိုဗစ်ကာကွယ်ဆေးများ ဝယ်ယူရန် AstraZeneca ကုမ္ပဏီနှင့် စေ့စပ်ညှိနှိုင်းနေကြောင်း ကာလစ်တိုက ပြောသည်။ ဖိလစ်ပိုင်အစိုးရက ပြည်သူ သန်း ၆၀ ကို သုံးနှစ်မှ ငါးနှစ်အတွင်း ဗိုင်းရပ်စ်ကာကွယ်ဆေးထိုးပေးရန် ရည်မှန်းသည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-ကျော်ထိုက်စိုး**

## ကမ္ဘာတစ်ဝန်း ကိုဗစ်-၁၉ ရောဂါဆိုင်ရာ နောက်ဆုံးအခြေအနေ

| | | |
|---|---|---|
| ဗိုင်းရပ်စ်ပိုးကူးစက်ခံရသူ | ၆၁၄၅၀၆၂၄ | ဦး |
| သေဆုံးသူ | ၁၄၄၀၆၂၂ | ဦး |
| ပြန်လည်ကျန်းမာလာသူ | ၄၂၅၂၇၈၈၀ | ဦး |

# ကျောင်းများပိတ်ရန် စဉ်းစားထားခြင်းမရှိဟု ဂျပန်ပညာရေးဝန်ကြီး အတည်ပြု



**တိုကျို နိုဝင်ဘာ ၂၇**

ဂျပန်နိုင်ငံတွင် ကိုဗစ်–၁၉ ရောဂါကူးစက်မှု မြင့်မားနေခြင်းကြောင့် ဒုတိယအကြိမ် အရေးပေါ်အခြေအနေ ကြေညာမည်ဆိုပါကလည်း ကျောင်းများကိုပိတ်ပစ်ရန် အစီအစဉ်မရှိကြောင်း ဂျပန်နိုင်ငံ ပညာရေးဝန်ကြီး ကိုရှီးက ယနေ့အတည်ပြုပြောကြားခဲ့သည်။

**ကျောင်းများကို ပိတ်ပစ်ရန် မလိုအပ်**

ကျောင်းများတွင် ကိုရိုနာဗိုင်းရပ်စ် ကူးစက်ပျံ့နှံ့ခြင်းမရှိသလို ကလေးများမှာ ပြင်းထန်သည့် ရောဂါလက္ခဏာပြသခြင်းလည်း မရှိသောကြောင့် ကျောင်းများကိုပိတ်ပစ်ရန် လိုအပ်သည်ဟု မယူဆကြောင်း ကိုရှီးက သတင်းထောက်များသို့ ပြောကြားခဲ့သည်။ တစ်နိုင်ငံလုံးရှိ ကျောင်းများကို ပိတ်ပစ်ရန်အစီအစဉ်မရှိကြောင်းနှင့် အကယ်၍ အရေးပေါ်အခြေအနေ ထပ်မံကြေညာမည်ဆိုပါကလည်း ကျောင်းများပိတ်၊ မပိတ်ဆိုသည်ကို ဒေသန္တရအစိုးရအဖွဲ့များကသာ ဆုံးဖြတ်မည်ဖြစ်ကြောင်း ၎င်းက ဆိုသည်။

ကလေးများ၏ စိတ်ပိုင်းဆိုင်ရာနှင့် ရုပ်ပိုင်းဆိုင်ရာ ကျန်းမာရေး နှစ်ရပ်လုံးအပြင် ကလေးငယ်အခွင့်အရေးတို့ကို ထည့်သွင်းစဉ်းစားပြီးမှသာလျှင် မဖြစ်မနေအနေအထားရောက်မှသာ ကျောင်းများကို ပိတ်ပစ်မည်ဖြစ်သည်။ တက္ကသိုလ်ဝင်ခွင့်စာမေးပွဲများကို မူလအစီအစဉ်အတိုင်း ဇန်နဝါရီလမှာပင် တင်းကျပ်သည့် ရောဂါကူးစက်မှုကာကွယ်ရေး စည်းမျဉ်းများနှင့်အညီ စနစ်တကျ ကျင်းပသွားမည်ဖြစ်ကြောင်းလည်း ကိုရှီးက အတည်ပြုခဲ့သည်။

**ကိုးကား– အင်န်အိတ်ချ်ကေ၊ ဘာသာပြန်–မေလွဲသင်း**



# အမေရိကန်နိုင်ငံ၌ အလုပ်လက်မဲ့ဦးရေ ခန့်မှန်းထားသည်ထက် ပိုမိုများပြား

**ဝါရှင်တန် နိုဝင်ဘာ ၂၇**

အမေရိကန်ပြည်ထောင်စု၌ ကိုဗစ်–၁၉ ရောဂါကူးစက်ပျံ့နှံ့လျက်ရှိသည့်အတွက် စီးပွားရေးလုပ်ငန်းများ လည်ပတ်မှု ရပ်ဆိုင်းထားရသောကြောင့် အလုပ်လက်မဲ့ဦးရေသည် စီးပွားရေးပညာရှင်များ ခန့်မှန်းထားသည်ထက် ပိုမိုများပြားလျက်ရှိကြောင်း သိရသည်။

နိုဝင်ဘာ ၂၁ ရက်အထိ ကောက်ယူထားသော စစ်တမ်းများအရ နိုင်ငံအတွင်း အလုပ်လက်မဲ့ဦးရေသည် ၇၇၈၀၀၀ ရှိပြီး စီးပွားရေးပညာရှင်များခန့်မှန်းထားသည့် အရေအတွက် ၇၃၃၀၀၀ ထက်ပိုမိုကျော်လွန်လျက်ရှိသည်ကို တွေ့ရှိကြောင်း အမေရိကန်အလုပ်သမားဌာနက ယမန်နေ့တွင် ပြောကြားခဲ့သည်။

**ကူးစက်မှုနှုန်း ဆက်လက်မြင့်တက်နိုင်**

ကိုဗစ်–၁၉ ရောဂါကူးစက်မှုကို ထိန်းချုပ်နိုင်ခြင်းမရှိပါက အဆိုပါ အလုပ်လက်မဲ့ဦးရေသည် ဆက်လက်မြင့်တက်နေဦးမည်ဖြစ်ကြောင်းနှင့် ကျေးဇူးတော်နေ့အခမ်းအနားကို နိုင်ငံတစ်ဝန်း၌ လူစုလူဝေးများဖြင့် ကျင်းပလျက်ရှိသည့်အတွက် ဗိုင်းရပ်စ်ကူးစက်မှုနှုန်းများ ဆက်လက်မြင့်တက်လာနိုင်ဖွယ်ရှိကြောင်း စောင့်ကြည့်လေ့လာသူများက ဆိုသည်။

လက်ရှိအချိန်တွင် အမေရိကန်၌ ကိုဗစ်–၁၉ ရောဂါကူးစက်ခံရသူ ၁၃ သန်းကျော်ရှိပြီး သေဆုံးသူ ၂၆၃၅၉၇ ကျော်ရှိကာ ကမ္ဘာပေါ်တွင် ဗိုင်းရပ်စ်ကူးစက်မှုအရေအတွက် အများဆုံးဖြစ်ကြောင်း ဂျွန်ဟော့ကင်းစ်တက္ကသိုလ်၏ စစ်တမ်းများအရ သိရသည်။

**ကိုးကား–အင်န်အိတ်ချ်ကေ၊ ဘာသာပြန်–အောင်ကျော်ကျော်**

# ကိုလံဘီယာနိုင်ငံက ကိုဗစ်-၁၉ ရောဂါ ကူးစက်ပျံ့နှံ့မှုကို ထိန်းချုပ်ရန် အရေးပေါ်အခြေအနေကာလကို သုံးလကြာ ထပ်မံသက်တမ်းတိုးမြှင့်

**ဘိုဂိုတာ နိုဝင်ဘာ ၂၇**

ကိုလံဘီယာနိုင်ငံသည် ကိုဗစ်–၁၉ ကပ်ရောဂါ ကာကွယ်တားဆီးရေးလုပ်ငန်းစဉ်များကို ဆက်လက်လုပ်ဆောင်သည့်အနေဖြင့် အရေးပေါ်အခြေအနေကာလကို ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလကုန်အထိ သုံးလကြာ ထပ်မံသက်တမ်းတိုးမြှင့်လိုက်ကြောင်း ယနေ့ကြေညာခဲ့သည်။

အရေးပေါ်အခြေအနေကာလကို ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၂၈ ရက်အထိ သက်တမ်းတိုးမြှင့်ခဲ့ခြင်းဖြစ်ကြောင်းလည်း ကိုလံဘီယာနိုင်ငံသမ္မတ အီဗန်ဒူကေး၏ ညစဉ်ထုတ်လွှင့်သည့် ရုပ်မြင်သံကြားအစီအစဉ်တွင် ပြောကြားခဲ့သည်ကို ကိုလံဘီယာမီဒီယာများက ကိုးကားဖော်ပြခဲ့သည်။

အဆိုပါ ရုပ်မြင်သံကြားအစီအစဉ်တွင် ဒုတိယလှိုင်းဖြစ်ပွားမှုကို တတ်နိုင်သမျှရှောင်ရှားနိုင်ရန် ဘေးကင်းလုံခြုံမှုရှိသည့် ကိုဗစ်–၁၉ ရောဂါဆိုင်ရာ အစီအမံများကို လိုက်နာရန်နှင့် လူစုလူဝေးဖြစ်မှုကို ရှောင်ရှားရန် သမ္မတအီဗန်ဒူကေးက တောင်းဆိုခဲ့သည်။

လက်ရှိတွင် ကိုလံဘီယာနိုင်ငံ၌ ကိုဗစ်–၁၉ ရောဂါကူးစက်ခံရသူ စုစုပေါင်း ၁ ဒသမ ၂၇ သန်းကျော်ရှိသွားပြီဖြစ်ကြောင်းနှင့် သေဆုံးသူအရေအတွက်မှာလည်း ၃၆၀၀၀ နီးပါးရှိသွားပြီဖြစ်ကြောင်းသိရသည်။ ကိုလံဘီယာနိုင်ငံသည် လက်ရှိအချိန်တွင် စီးပွားရေးလုပ်ငန်းအများစုကို ခွင့်ပြုထားခဲ့သော်လည်း အခမ်းအနားနှင့် ပွဲလမ်းသဘင်များကို ကျင်းပခွင့်ပိတ်ပင်ထားကာ အများပြည်သူနှင့် သက်ဆိုင်သည့်နေရာများတွင် နှာခေါင်းစည်းဝတ်ဆင်ရန်လည်း လိုအပ်လျက်ရှိကြောင်း သိရသည်။

**ကိုးကား–ဆင်ဟွာ၊ ဘာသာပြန်–အလင်းသစ်**

# မလေးရှားနိုင်ငံက Pfizer ကာကွယ်ဆေး ၁၂ ဒသမ ၈ သန်း ဝယ်ယူမည်

**ကွာလာလမ်ပူ နိုဝင်ဘာ ၂၇**

မလေးရှားနိုင်ငံအနေဖြင့် Pfizer ကိုဗစ်–၁၉ ရောဂါကာကွယ်ဆေး ပမာဏ ၁၂ ဒသမ ၈ သန်းကို ဝယ်ယူရန် သဘောတူညီချက်ရရှိခဲ့သောကြောင့် မလေးရှားသည် အမေရိကန် ကာကွယ်ဆေးဝယ်ယူရန် သဘောတူညီချက်ရရှိခဲ့သည့် ပထမဆုံးအရှေ့တောင်အာရှနိုင်ငံဖြစ်လာခဲ့ကြောင်း သိရသည်။

**စိန်ခေါ်မှုတစ်ရပ်ဖြစ်**

Pfizer မှာ နောက်ဆုံးစမ်းသပ်ချက်အရ ၉၅ ရာခိုင်နှုန်းအထိ ထိရောက်ကြောင်း အတည်ပြုနိုင်ခဲ့သော်လည်း အပူချိန်မြင့်မားသည့် အပူပိုင်းဒေသဖြစ်ခြင်းနှင့် ဝေးလံခေါင်ဖျားသည့် ကျွန်းများတွင် နေထိုင်သည့် လူ့အဖွဲ့အစည်းအများအပြားရှိသည့် အရှေ့တောင်အာရှ နိုင်ငံများအတွက် Pfizer ဆေးဝယ်ယူရေးမှာ စိန်ခေါ်မှုတစ်ရပ်ဖြစ်သည်။

အဆိုပါဆေးမှာ အနုတ် ၇၀ ဒီဂရီစင်တီဂရိတ်တွင် ထိန်းသိမ်းထားရန် လိုအပ်ပြီး ရေခဲသေတ္တာထဲတွင် အလွန်ဆုံး ငါးရက်နှင့် သယ်ယူပို့ဆောင်ရေး ထိန်းသိမ်းနည်းစနစ်တွင် အကြာဆုံး ၁၅ ရက်တာသိမ်းဆည်းနိုင်မည့် ဆေးအမျိုးအစားဖြစ်သည်။

မလေးရှားဝန်ကြီးချုပ် ရာဆင်က ကျန်းမာရေးဝန်ထမ်းများ၊ အသက်အရွယ်ကြီးရင့်သူများနှင့် နှလုံးနှင့် ဆီးချိုရောဂါရှိသူများကို ဦးစားပေးထိုးနှံသွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။ Pfizer အနေဖြင့် ၂၀၂၁ ခုနှစ် ပထမသုံးလပတ်တွင် တစ်သန်း၊ ဒုတိယသုံးလပတ် အတွင်း ၁ ဒသမ ၇ သန်း၊ တတိယနှင့် စတုတ္ထသုံးလပတ်များ၌ ၅ ဒသမ ၈ သန်းနှင့် ၄ ဒသမ ၃ သန်းတို့ကို မလေးရှားနိုင်ငံအတွက် ဖြန့်ချိပေးသွားမည်ဖြစ်သည်။

**လူဦးရေ ၂၀ ရာခိုင်နှုန်းကို လွှမ်းခြုံနိုင်မည်**

ယခုသဘောတူညီချက်သည် မလေးရှားလူဦးရေ၏ ၂၀ရာခိုင်နှုန်းဖြစ်သည့် ၆ ဒသမ ၄ သန်းအတွက်ကိုသာ လွှမ်းခြုံနိုင်သည့် ပမာဏဖြစ်ပြီး ကျန်လူဦးရေ ၁၀ ရာခိုင်နှုန်းအတွက် ကာကွယ်ဆေးကို မလေးရှားနိုင်ငံပါဝင်ထားသည့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ ကိုဗက်(COVEX)အစီအစဉ်မှ ရရှိမည်ဖြစ်သည်။

မလေးရှားနိုင်ငံသည် တရုတ်နိုင်ငံနှင့် ပူးပေါင်းပြီး ကာကွယ်ဆေးစမ်းသပ်မှု အဆင့်(၃)ကို လုပ်ဆောင်နေကြောင်း၊ မလေးရှားအစိုးရက ကိုဗစ်–၁၉ ကာကွယ်ဆေးများကို နိုင်ငံသားများအတွက် အခမဲ့ထိုးနှံပေးမည်ဖြစ်ကြောင်း ကြေညာထားသည်။

Pfizerနှင့် မိတ်ဖက် BioNTech တို့သည် အမေရိကန်ပြည်ထောင်စု၊ ဩစတြေးလျ၊ ဗြိတိန်၊ ဂျာမနီ၊ ကနေဒါ၊ ဂျပန်နိုင်ငံတို့နှင့် သဘောတူစာချုပ်များ ချုပ်ဆိုခဲ့ပြီးဖြစ်သည်။

**ကိုးကား–စီအင်န်အေ၊ ဘာသာပြန်–မေလွဲသင်း**

# AstraZeneca ကာကွယ်ဆေးနှင့်ပတ်သက်ပြီး ထပ်မံလေ့လာမှုပြုရန် လိုအပ်

**လန်ဒန် နိုဝင်ဘာ ၂၇**

ဗြိတိန်ထိပ်တန်း ဆေးကုမ္ပဏီ AstraZeneca သည် ၎င်းတို့၏ ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးနှင့်ပတ်သက်ပြီး ထပ်မံလေ့လာမှုများ ပြုလုပ်ရန် လိုအပ်ကြောင်း ဆေး၏ ကာကွယ်နိုင်စွမ်းအပေါ် မေးခွန်းများ ထွက်ပေါ်လာပြီးနောက် ပြောကြားခဲ့သည်။

**ထိရောက်မှုမြင့်မား**

ဆေး၏ အာနိသင်နှင့်ပတ်သက်၍ ဆေးဝါးတစ်ကြိမ်ထိုးခြင်းက နှစ်ကြိမ်ထိုးခြင်းထက် ပိုပြီးအကျိုးသက်ရောက်မှုရှိသည်လားဆိုသည့် မေးခွန်းများအတွက် ပိုမိုတိကျသည့် အဖြေပေးရန်အတွက် ပြန်လည်ဆန်းစစ်မှုအသစ် ထပ်မံပြုလုပ်ရမည်ဖြစ်ကြောင်း AstraZeneca အမှုဆောင်ချုပ် ပက်စ်ကယ်ဆိုရီယော့က အတည်ပြုခဲ့သည်။ AstraZeneca နှင့် မိတ်ဖက်အောက်စဖို့ဒ်တက္ကသိုလ်တို့သည် ယင်းတို့စမ်းသပ်နေသည့်ဆေးမှာ ယေဘုယျအားဖြင့် ၇၀ ရာခိုင်နှုန်း ထိရောက်ပြီး ၉၀ ရာခိုင်နှုန်းအထိ ထိရောက်မှု တိုးလာနိုင်ကြောင်း နိုဝင်ဘာ ၂၃ ရက်တွင် ကြေညာခဲ့ပြီးဖြစ်သည်။ ဆေးတစ်ကြိမ်ထိုးသွင်းရာတွင် အမေရိကန်ထုတ် Pfizer နှင့်Moderna ကာကွယ်ဆေးတို့ကဲ့သို့ပင် ၉၀ ရာခိုင်နှုန်းအထိ ထိရောက်မှုရှိခဲ့ခြင်းဖြစ်သည်။

"ကျွန်တော်တို့အနေနဲ့ ပိုကောင်းမွန်တဲ့ ထိရောက်မှုရှိတယ်ဆိုတာကို တွေ့ရှိခဲ့ပါတယ်။ ဒါက ခိုင်လုံတယ်ဆိုတာ ပြောနိုင်ဖို့အတွက် နောက်ထပ်လေ့လာမှုတွေလုပ်ဖို့ လိုအပ်နေပါတယ်"ဟု ဆိုရီယော့ဒ်က ပြောကြားခဲ့သည်။

ဒီဇင်ဘာလ အတွင်းမှာပင် အထောက်အထားအချို့ကို ထပ်မံရရှိနိုင်မည်ဖြစ်သလို ရောဂါကာကွယ်နှုန်းအလွန်မြင့်မားသည်ဆိုသည့်ရလဒ်ကို အတည်ပြုနိုင်ကြောင်း အောက်စဖို့ဒ်တက္ကသိုလ်ကာကွယ်ဆေး အဖွဲ့ခေါင်းဆောင် အန်ဒရူးပိုလက်ဒ်က ဆိုသည်။

**ကိုးကား–စီအင်န်အေ ဘာသာပြန်–မေလွဲသင်း**



## ဖားကန့်နှင့် ကြာအင်းဆိပ်ကြီးမြို့နယ်တို့၌ မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

**နေပြည်တော် နိုဝင်ဘာ ၂၇**
ဖားကန့်မြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် ယမန်နေ့ ညနေ ၄ နာရီက ဖားကန့်မြို့ အေးမြသာယာရပ်ကွက် အမှတ်(၉၉)နေ မခင်မာ(ခ)မခင်မြင့်မာ၏ နေအိမ်သို့ ဝင်ရောက်ရှာဖွေရာ စိတ်ကြွဆေးပြား ၁၀၂၀ နှင့် စိတ်ကြွဆေးပြားအကြေ သုည ဒသမ ၀၀၁ ကီလိုတို့ကိုလည်းကောင်း။


မခင်မာ(ခ)မခင်မြင့်မာအား သိမ်းဆည်းရမိသည့် စိတ်ကြွဆေးပြားများနှင့် အတူ တွေ့ရစဉ်။

အလားတူ ယင်းနေ့ ညနေ ၅ နာရီခွဲတွင် ဘုရားသုံးဆူ နယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် ကြာအင်းဆိပ်ကြီးမြို့နယ် ဘုရားသုံးဆူမြို့ အမှတ်(၂) ရပ်ကွက်နေ ဒေါ်နွဲ့၏ နေအိမ်သို့ ဝင်ရောက်ရှာဖွေရာ စိတ်ကြွဆေးပြား ၁၀၀၉ ပြားကိုလည်းကောင်းသိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။ **ရဲပြန်ကြား**

## ဓနုဖြူမြို့၌ မီးဖိုမီးကြွင်းမီးကျန်မှုတစ်ဆင့် မီးလောင်

**ဓနုဖြူ နိုဝင်ဘာ ၂၇**
ဧရာဝတီတိုင်းဒေသကြီး ဓနုဖြူမြို့နယ် အမှတ်(၁၁)ရပ်ကွက်၌ ယနေ့ နံနက် ၀၀:၂၅ နာရီခန့်က မီးဖိုမီးကြွင်းမီးကျန်မှုတစ်ဆင့် မီးကူးစက်လောင်ကျွမ်းခဲ့ကြောင်း သိရသည်။



ဖြစ်စဉ်မှာ ဓနုဖြူမြို့နယ် အမှတ်(၁၁)ရပ်ကွက်ရှိ ဦးမျိုးလွင်၏ နေအိမ်ရှိ မီးဖိုမီးကြွင်းမီးကျန်မှုတစ်ဆင့် လူနေအိမ်လေးလုံး ကူးစက်လောင်ကျွမ်းခဲ့သည်။

**ဝိုင်းဝန်းငြိမ်းသတ်**

မီးလောင်မှုဖြစ်ပွားရာသို့ မြို့နယ်မီးသတ်ဦးစီးဌာနမှ မီးသတ်တပ်ဖွဲ့ဝင် ၂၀၊ အရန်မီးသတ်တပ်ဖွဲ့ဝင် ၂၀ နှင့် ဒေသခံပြည်သူများ ပူးပေါင်း၍ မီးသတ်ယာဉ် နှစ်စီး၊ ရေသယ်ယာဉ် နှစ်စီးတို့ဖြင့် ဝိုင်းဝန်းငြိမ်းသတ်ခဲ့ရာ နံနက် ၀၀:၄၅ နာရီခန့်တွင် မီးငြိမ်းခဲ့သည်။

ထို့ပြင် မီးလောင်မှုကြောင့် လူသုံးဦး မီးဟပ်ဒဏ်ရာ(မစိုးရိမ်ရ)များ ရရှိခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**




# ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၌ လက်နက်ကိုင်ဆောင်ထားသူများနှင့် ကွင်းဆက်များ ဖော်ထုတ်


မြရွှေ၊ မျိုးကိုကိုနှင့် ဖြိုးသူအောင်တို့အား သိမ်းဆည်းရမိသည့် လက်နက်များနှင့်အတူ တွေ့ရစဉ်။


ထပ်မံသိမ်းဆည်းရမိသည့် လက်နက်နှင့် ဆက်စပ်ပစ္စည်းများအား တွေ့ရစဉ်။

**နေပြည်တော် နိုဝင်ဘာ ၂၇**
ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၌ လက်နက်ကိုင်ဆောင်ထားသူများနှင့် ကွင်းဆက်များအား ဖော်ထုတ်ဖမ်းဆီးရမိကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

အဆိုပါ သတင်းထုတ်ပြန်ချက်၌ နိုဝင်ဘာ ၂၄ ရက် မွန်းလွဲပိုင်းတွင် လူအုပ်စု နှစ်စု ခိုက်ရန်ဖြစ်ပွားမည်ဟု သတင်းရရှိသဖြင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များက သတင်းရရှိသည့်နေရာတစ်ဝိုက် စောင့်ကြည့်ဆောင်ရွက်နေစဉ် ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် (၆၆)ရပ်ကွက် ဧရာဝဏ်လမ်းဘေးတွင် မော်တော်ယာဉ်တစ်စီးနှင့် ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် (၆၆)ရပ်ကွက်နေသူများဖြစ်သည့် မြရွှေ၊ မျိုးကိုကိုနှင့် ဖြိုးသူအောင်တို့ သုံးဦးအား မသင်္ကာဖွယ်တွေ့ရှိ စစ်ဆေးရှာဖွေခဲ့ရာ ဖြိုးသူအောင် လွယ်ထားသော လွယ်အိတ်အတွင်းမှ ၉ မမ ပစ္စတိုသေနတ် တစ်လက်၊ ကျည်အိမ် တစ်ခု၊ ယင်းကျည် ၁၀ တောင့်၊ မျိုးကိုကို လွယ်ထားသော လွယ်အိတ်အတွင်းမှ ပွိုင့် ၂၂ ပစ္စတိုသေနတ် တစ်လက်၊ ကျည်အိမ် တစ်ခု၊ ယင်းကျည် ၁၂ တောင့်နှင့် ဓားဦးချွန် တစ်ချောင်းတို့ကို သိမ်းဆည်းရမိခဲ့ကြောင်း။

စစ်ဆေးချက်အရ ၎င်းတို့ သုံးဦးသည် လောင်းကစားပြုလုပ်ကြသူများဖြစ်ပြီး နယ်မြေဒေသ အသီးသီးသို့ လှည့်လည်၍ လောင်းကစားပြုလုပ်ကြကြောင်း၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် (၂၀) ရပ်ကွက်နေ အမျိုးသားတစ်ဦးက ၎င်း၏သားဖြစ်သူ အရိုက်ခံခဲ့ရသဖြင့် လာရောက်ခြိမ်းခြောက် ကြိမ်းမောင်းပြောဆိုခဲ့သည်ကို မကျေနပ်သောကြောင့် ခိုက်ရန်ပြုရန်အတွက် သေနတ်များသို့ဝှက်ယူဆောင်၍ တစ်ဖက်အဖွဲ့အားစောင့်နေစဉ် ဖမ်းဆီးရမိခဲ့ခြင်းဖြစ်ကြောင်း သိရှိရသဖြင့် ဥပဒေနှင့်အညီ အမှုဖွင့်အရေးယူဆောင်ရွက်ခဲ့သည်။

အဆိုပါကိစ္စနှင့်ပတ်သက်၍ ဆက်စပ်သူတစ်ဦးအား ဆက်လက် ဖော်ထုတ်ခဲ့ရာ သန်လျင်မြို့နယ် ဘုရားကုန်းကျေးရွာနေအိမ်ခြံဝင်းတစ်ခုမှ ဂက်စ်ဖြင့် ပစ်ခတ်ရသည့် သေနတ်အရှည် ရှစ်လက်၊ အတို လေးလက်နှင့် ထည့်သွင်းအသုံးပြုရသော ဘောစေ့များ၊ ဒူးလေး တစ်လက်၊ သေနတ်တွင် တပ်ဆင်သည့် ဂက်စ်အိုးငယ် ၁၁ ခု၊ ဂက်စ်ဖြည့်ဘူး ခုနစ်ဘူး၊ စနိုက်ပါမှန်ပြောင်း သုံးခု၊ ကင်ဒိုဓား တစ်ချောင်း ထပ်မံသိမ်းဆည်းရမိခဲ့ကြောင်းနှင့် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်လုံခြုံရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက် ဥပဒေမဲ့ လက်နက်ကိုင်ဆောင်ခြင်းများကို ဆက်လက်ဖော်ထုတ်၍ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေး ဆောင်ရွက်လျက်ရှိ

**နေပြည်တော် နိုဝင်ဘာ ၂၇**
တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းတို့ကို ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် ၂၀၁၇ ခုနှစ် မတ် ၁ ရက်တွင် စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး နိုဝင်ဘာ ၂၆ ရက်တွင် မန္တလေး – မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၁၆၃ စီး၊ သွင်းကုန် ၂၉၅ စီး၊ ရန်ကုန် – မြဝတီ လမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် သွင်းကုန် ၁၁၅ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း/တင်ပို့သော ကုန်ပစ္စည်းများကို စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ နိုဝင်ဘာ ၂၆ ရက်တွင် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှုတစ်မှု ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀ သန်းတန်ဖိုးရှိ တရားဝင်အထောက်အထားမရှိသည့် လိုင်စင်မဲ့ယာဉ်တစ်စီးအား သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ထီးချိုင့်မြို့၌ မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

**ထီးချိုင့် နိုဝင်ဘာ ၂၇**
ထီးချိုင့်မြို့မရဲစခန်းမှ နယ်ထိန်းခေါင်းဆောင် ဒုရဲအုပ်သန့်ဇင်ဖြိုးနှင့် တပ်ဖွဲ့ဝင်များသည် နိုဝင်ဘာ ၂၅ ရက်က အမှတ်(၂)ရပ်ကွက် ရွှေတောရကျောင်းလမ်းပေါ်ရှိ ကျောက်ခဲဆိုင်ကယ်ပြင်ဆိုင်အား သတင်းအရ သွားရောက်ရှာဖွေရာ ဖြိုးဝေအောင်(ခ) ကျောက်ခဲအား တွေ့ရှိ၍ စစ်ဆေးစဉ် ဆေးထိုးပိုက်နှင့် ဘိန်းဖြူဟု ယူဆရသော ဖြူဝါရောင်အမှုန့် သုည ဒသမ ၀၃ ဂရမ်အား သိမ်းဆည်းရမိခဲ့သည်။

ထို့ပြင် ၎င်း၏ဆိုင်အတွင်း မူးယစ်ဆေးဝါးသုံးစွဲရန်ရောက်ရှိနေသူ ရန်နိုင်ဝင်း(ခ) ရန်အောင်၊ နိုင်လင်းနှင့် ဖိုးခက်တို့သုံးဦးအား တွေ့ရှိခဲ့ပြီး ဘိန်းဖြူဟု ယူဆရသော ဖြူဝါရောင်အမှုန့် ၁ ဒသမ ၂ ဂရမ်အား ထပ်မံတွေ့ရှိရသဖြင့် ဖြိုးဝေအောင်(ခ) ကျောက်ခဲ၊ ရန်နိုင်ဝင်း(ခ) ရန်အောင်၊ နိုင်လင်းနှင့် ဖိုးခက်တို့ လေးဦးအား အရေးယူထားကြောင်း သိရသည်။ **ရဲလင်းထွန်း(ထီးချိုင့်)**

**ဥပဒေဘောင်အတွင်း နေထိုင်ခြင်း**
**ဘေးကင်းရန်ကွာ လွန်ချမ်းသာ**

# တန်ဆောင်တိုင်ပွဲနှင့် တန်ဆောင်မုန်းလ

## အောင်မြင့်စိုး(ရေစကြို)

မြန်မာလ တစ်ဆယ့်နှစ်လတွင် အဋ္ဌမလဖြစ်သည့် တန်ဆောင်မုန်းလသည် ဗုဒ္ဓဘာသာဝင်တို့၏ ထူးခြားသည့်လတစ်လဖြစ်သည်။ ကောင်းကင်ပြင်၌ မိုးသားတိမ်လွှာ အထူးကင်းစင်လျက်ရှိပြီး ပျော်ပွဲရွှင်ပွဲ၊ အလှူအတန်းပွဲများဖြင့် နိုင်ငံတစ်ဝန်း ခြိမ့်ခြိမ့်သဲသဲ စည်ကားလှသည့် အခါသမယဖြစ်သည်။ တန်ဆောင်မုန်းလပြည့်နေ့တွင် မြတ်စွာဘုရားအား မသိုးသင်္ကန်း ဆက်ကပ်လှူဒါန်းကြသည်။ သားတော် ဘုရားလောင်းတောထွက် ရဟန်းဝတ်တော့မည်ကိုသိသော မယ်တော်မိနတ်သားသည် သင်္ကန်းကပ်လိုသဖြင့် ညဥ့်ချင်းပြီး သင်္ကန်းရက်ချုပ်သော အထိမ်းအမှတ်အဖြစ် မသိုးသင်္ကန်းရက်ပွဲကို နှစ်စဉ် တန်ဆောင်မုန်းလပြည့်နေ့တိုင်း ကျင်းပလေ့ရှိသည်။ တန်ဆောင်မုန်းလမပြည့်မီ အဖိတ်နေ့၊ လပြည့်နေ့နှင့် လပြည့်ကျော်တစ်ရက်နေ့ ထိုသုံးရက်ကို “တန်ဆောင်တိုင်ပွဲ ”နေ့အဖြစ်သတ်မှတ်ပြီး တန်ဆောင်တိုင်ပွဲကို ခြိမ့်ခြိမ့်သဲသဲ စည်ကားသိုက်မြိုက်စွာ ကျင်းပကြသည်။

### ကထိန်လျာလှူဒါန်းပွဲ

ထူးခြားသည်မှာ ကထိန်လျာလှူဒါန်းပွဲ ဖြစ်သည်။ မိမိလှူဒါန်းလိုသည့်အချိန် လှူဒါန်းနိုင်သော အလှူပွဲမျိုးမဟုတ်ဘဲ သီတင်းကျွတ်လပြည့်ကျော် (၁) ရက်နေ့မှ တန်ဆောင်မုန်းလပြည့်နေ့အထိ တစ်လအတွင်း လှူဒါန်းရသောပွဲသည် ကထိန်လျာလှူဒါန်းပွဲ ဖြစ်သည်။ တစ်နှစ်တွင် တစ်လ၊ တစ်လတွင် တစ်ရက်၊ တစ်ရက်တွင် တစ်ကြိမ်၊ တစ်ကြိမ်တွင် တစ်ကျောင်း လှူဒါန်းလေ့ရှိသော အလှူမျိုးဖြစ်သည်။ ဂိုဏ်းဂဏစွဲ၊ ပုဂ္ဂိုလ်စွဲဖြင့် လှူဒါန်းရသောအလှူမျိုးမဟုတ်ဘဲ ကထိန်အလှူသည် သံဃာ့ဂုဏ်ကို အာရုံပြု၍ လှူရသောအလှူဖြစ်သည်။ မြန်မာ့ရိုးရာယဉ်ကျေးမှုပွဲတော်များတွင် တန်ဆောင်မုန်းလ ကထိန်လျာဥတ်သင်္ကန်းကပ်လှူပွဲမှာ ထင်ရှားလှသည်။ ကထိန်သင်္ကန်းလှူဒါန်းခြင်းကြောင့် –

(၁) သွားလေရာအရပ်၌ ဘေးအန္တရာယ်ကင်းခြင်း၊
(၂) မိမိပိုင်ဆိုင်သည့်ပစ္စည်းတို့ကို ရန်သူတို့ မဖျက်ဆီးနိုင်ခြင်း၊
(၃) အစားအသောက်ပေါများ၍ အဆိပ်မသင့်ခြင်း၊
(၄) မိမိပိုင်ပစ္စည်းများ မေ့လျော့နေသော်လည်း မဆုံးပါးခြင်း၊
(၅) ချောမောလှပခြင်း အကျိုးများရရှိသည်။

ကထိန်လျာလှူဒါန်းပွဲများအပြင် အခြားသောပွဲများဖြစ်သည့် တန်ဆောင်တိုင်မီးထွန်းပွဲ၊ မဲဇလီဖူးသုပ်၍ ဝေငှသောပွဲ၊ ပုံသကူပစ်ပွဲ၊ ကျီးမနိုးပွဲ၊ ရှင်မာလဲပွဲ စသည့် ထူးခြားသော ဝိသေသများနှင့် ပြည့်စုံသော လတစ်လလည်း ဖြစ်သည်။ ရှင်မာလဲပွဲဟူသည်မှာ သီဟိုဠ်ကျွန်းမှ ရှင်မာလဲ မထေရ်သည် ဂါထာတစ်ထောင်ဖြင့် တန်ဆာဆင်အပ်သော ဝေဿန္တရာဇာတ်တော်ကြီးကို လူအပေါင်းတို့အား တန်ဆောင်မုန်းလပြည့်နေ့တိုင်း ဟောပြောသည်ကို အထိမ်းအမှတ်ပြု၍ ဂါထာတစ်ထောင်ပါသည့် ဝေဿန္တရာ ဇာတ်တော်ဟောပြောခြင်း၊ လှော်ကားတော်ပုံပြု၍ လှော်ကားအထက်တွင် အသီးတစ်ထောင်၊ အပွင့်တစ်ထောင်၊ ထမင်းဆုပ်တစ်ထောင်၊ ဆီမီးတစ်ထောင် စသည်တို့ကိုတင်၍ လှူဒါန်းခြင်းပြုကာ ရှင်မာလဲပွဲကို ဆင်ယင်ကျင်းပခြင်းဖြစ်သည်။

### နတ်နိုးသောလ

တန်ဆောင်မုန်းလကို နတ်နိုးသောလဟုလည်း ခေါ်ကြသည်။ ဗိဿနိုးနတ်မင်းကြီးသည် နှစ်စဉ်ဝါဆိုလဆန်း ၁၂ ရက်နေ့မှစ၍ အိပ်လေရာ တန်ဆောင်မုန်းလဆန်း ၁၂ ရက်နေ့မှ နိုးလာသောကြောင့် နတ်နိုးလဟု ခေါ်ကြခြင်း ဖြစ်သည်။ ဗုဒ္ဓဘာသာမထွန်း ကားမီကပင် မဟာဝိနာယက နတ်မင်းကြီးအား ပူဇော်ပွဲကို တန်ဆောင်မုန်းလပြည့်နေ့တိုင်း ကျင်းပလေ့ရှိသည်။ ထိုကဲ့သို့ မီးနက္ခတ်ပူဇော်ပွဲနှင့် နတ်မင်းကြီးပူဇော်ပွဲ ကျင်းပခဲ့သည်မှအစပြု၍ ယခုတန်ဆောင်တိုင်ပွဲဟု သမုတ်ကာ အနယ်နယ်အရပ်ရပ်တွင် မီးထွန်းပွဲများ ကျင်းပကြသည်။

### ဆီမီးထွန်းညှိသောလ

တန်ဆောင်မုန်းလတွင် ကြတ္တိကာနက္ခတ်နှင့် ကျီးတာရာတို့သည် လနှင့်ယှဉ်ကာထွန်းလင်းကြပြီး ရာသီအားဖြင့် ဗြိစ္ဆာဟု ခေါ်သည်။ ရာသီပန်းမှာ ခဝဲပန်းဖြစ်သည်။ တန်ဆောင်မုန်းကို ရှေးခေတ်ကျောက်စာတို့တွင် “တန်ဆောင်မှုန်”ဟု ရေးထိုးပြီး ရွတ်ဆိုရာ၌ “တန်ဆောင်မှုန်း ” ဟု ခေါ်ဝေါ်ရွတ်ဆိုကြသည်။ ထိုမှ ရွေ့လျားလာကာ “တန်ဆောင်မုန်း”ဟု ဖြစ်လာခဲ့သည်။ တန်ဆောင်မှာ မီးရှူး၊ မီးတိုင်၊ ဆီမီးဟု အဓိပ္ပာယ်ရပြီး မှုန်း၏ အနက်ဖွင့်ဆိုချက်များမှ “တောက်ပစေသည်” ဟူသောအနက်ကိုယူ၍ ဆီမီးတောက်ပစေသောလ၊ ဆီမီးထွန်းညှိသောလဟု ကောက်ယူနိုင်ပေသည်။ တန်ဆောင်တိုင်ပွဲကို ဗုဒ္ဓဘာသာ မြန်မာရှေးမင်းအဆက်ဆက်တို့သည် ပွဲတော်အချိန်အခါတွင် မင်းညီမင်းသား၊ မင်းဆွေမင်းမျိုး၊ ထီးရုံနန်းရုံ၊ မှူးကြီးမတ်ရာ၊ သေနာပတိ၊ မင်းမိဖုရားတို့နှင့် တူရိယာမျိုးစုံတီးမှုတ်လျက် ထီးစဉ်နန်းဆက် “မဟာအသဒိသအတုလသဘင်” ပွဲကြီးဆင်ယင်၍ လှူဒါန်းကြသည်။

### သာမညဖလ အခါတော်နေ့

ထူးခြားသည်မှာ မင်းအဇာတသတ်သည် ကျေးဇူးရှင်ဖခမည်းတော် ဗိမ္ဗိသာရမင်းကြီးကို သတ်မိခဲ့ရာမှ အိပ်မပျော်သည့်ရောဂါ စွဲကပ်ခဲ့ပြီး ဆရာဇီဝက၏ အစီအမံဖြင့် ဘုရားရှင်ထံရောက်ရှိခဲ့ပြီး ဗုဒ္ဓဘုရားရှင်တော် ဟောကြားတော်မူသည့် “သာမညဖလသုတ္တန်” ဒေသနာတော်ကို နာကြားရပြီး မင်းအဇာတသတ်၏ စိတ်ကို တည်ငြိမ်ကြည်လင်စေခဲ့သည်။ ဖခမည်းတော်အား ပြစ်မှားခဲ့သော ‘ပိတုဃာတက’ ကံကြောင့် တစ်မဂ်တစ်ဖိုလ်မရခဲ့ဘဲ သရဏဂုံတည်သည့် ဥပါသကာသာ ဖြစ်တော်မူသည်။ မင်းအဇာတသတ်အား “သာမညဖလသုတ္တန်” ဟောကြားတော်မူသည့် တန်ဆောင်မုန်းလပြည့်ညကို အကြောင်းပြု၍ တန်ဆောင်မုန်းလပြည့်နေ့ကို “သာမညဖလ အခါတော်နေ့” ဟု သတ်မှတ်ခဲ့ခြင်း ဖြစ်သည်။ တန်ဆောင်မုန်းလပြည့်ညတွင် ဗုဒ္ဓဘာသာဝင်တို့သည် မသိုးသင်္ကန်းရက်ပွဲ ကျင်းပကာ ညဥ့်ချင်းပြီး ရက်ချုပ်၍ ဆက်ကပ်လှူဒါန်းကြသည်။

**❖ မင်းအဇာတသတ်သည် ကျေးဇူးရှင်ဖခမည်းတော် ဗိမ္ဗိသာရမင်းကြီးကို သတ်မိခဲ့ရာမှ အိပ်မပျော်သည့်ရောဂါ စွဲကပ်ခဲ့ပြီး ဆရာဇီဝက၏ အစီအမံဖြင့် ဘုရားရှင်ထံရောက်ရှိခဲ့ပြီး ဗုဒ္ဓဘုရားရှင်တော် ဟောကြားတော်မူသည့် “သာမညဖလသုတ္တန်” ဒေသနာတော်ကို နာကြားရပြီး မင်းအဇာတသတ်၏စိတ်ကို တည်ငြိမ်ကြည်လင်စေခဲ့။**

**❖ ဖခမည်းတော်အား ပြစ်မှားခဲ့သော ‘ပိတုဃာတက’ ကံကြောင့် တစ်မဂ်တစ်ဖိုလ်မရခဲ့ဘဲ သရဏဂုံတည်သည့် ဥပါသကာသာ ဖြစ်တော်မူသည်။ မင်းအဇာတသတ်အား “သာမညဖလသုတ္တန်” ဟောကြားတော်မူသည့်တန်ဆောင်မုန်းလပြည့်ညကို အကြောင်းပြု၍ တန်ဆောင်မုန်းလပြည့်နေ့ကို “သာမညဖလ အခါတော်နေ့”ဟု သတ်မှတ်ခဲ့ခြင်းဖြစ်။**

တန်ဆောင်တိုင်ပွဲတော်နေ့သည် ကဆုန်လပြည့်နေ့မျိုးကဲ့သို့ သာသနာရေးဆိုင်ရာ ပွဲနေ့မဟုတ်သော်လည်း ရာသီဥတုသာယာ၍ ကြယ်တာရာနက္ခတ်စုံသော အခါသမယဖြစ်သဖြင့် ဆေးပေါင်းခသည်ဟု ယူဆသော မဲဇလီအဖူးများကိုသုပ်၍ တပျော်တပါးစားကြသည်။ ရာသီဥတုသာယာကောင်းမွန်သည့် တန်ဆောင်မုန်းလတွင် အိုးစည်ဒိုးပတ်သံညံမစဲ ကထိန်အလှူပွဲများနှင့် အခြားပျော်ပွဲရွှင်ပွဲများ ခြိမ့်ခြိမ့်သဲ စည်ကားလျက်ရှိပြီး တန်ဆောင်တိုင်ပွဲတော်နှင့် တန်ဆောင်မုန်းလသည် ဗုဒ္ဓဘာသာဝင်တို့၏ ထူးခြားသည့်လတစ်လပင် ဖြစ်ပေသည်။

**ကိုးကား – မြန်မာ့စွယ်စုံကျမ်း**

## မြန်မာ့တန်ဆောင်တိုင်ပွဲတော်

❖ ဖုံးတုံးလုံးတုံး တန်ဆောင်မုန်းလရာသီ
စပါးအထွက် မျှော်လင့်ချက်ရောင်ခြည်
တို့တိုင်းမြန်ပြည် ဝေစည်သာစွ
နှင်းငွေ့ဖွေးဖွေး မြောက်လေအေး
ဆော်သွေးချမ်းဆောင်းမြသည်တည့်လေး။

❖ ခဝဲပွင့်စ လှပရဂုံတစ်ခွင်
ရာသီပြောင်းစ ဆောင်းလထက်ကောင်းကင်
မိုးသားကင်းစင် ကြည်လင်ပဝင်း
ရာသီဗြိစ္ဆာ ကြတ္တိကာ
တာရာရွှေကျီး လင်းသည်တည့်လေး။

❖ တိမ်စင်ညခင်း လမင်းထိန်ထိန်သာ
ဗုဒ္ဓရည်မှန်း လှူဒါန်းကြဖို့ရာ
ရက်ကန်းစင်မှာ ယှဉ်ပြိုင်ကာခတ်
ရောင်နီလည်းပျို့ အရုဏ်နိုး
မသိုးသင်္ကန်း ကပ်သည်တည့်လေး။

❖ ကာလသတ်မှတ် ကောင်းမြတ်သည်အချိန်
ဝေဆာပြုကြောင်း စုပေါင်းဘုံကထိန်
ဒါနရောင်ရှိန် ဂုဏ်သိန်ကြီးမား
ဆီမီးထွန်းပွဲ ခြိမ့်ခြိမ့်သဲ
ဆင်နွှဲကုသိုလ် ပွားသည်တည့်လေး။

❖ လပြည့်ညကား ထူးခြားပြည်တစ်ခွင်
မဲဇလီဖူး ဆွတ်ခူးသုပ်လို့ပင်
သန်းခေါင်ချိန်တွင် ခံမင်နှစ်ခြိုက်
ဘေးအပေါင်းကင်းစွ ဆေးပေါင်းခ
စားကြသူငါ ကြိုက်သည်တည့်လေး။

❖ သန်းခေါင်ယံအခိုက် ကြုံကြိုက်စဉ်မှာ
အသန့်အလှူအဖြစ် ပုံသကူပစ်ကြတာ
လူငယ်များမှာ ပျော်စရာစိတ်ကူး
ကျီးမနိုးပွဲ တီးတိုးနွှဲ
ရပ်ထဲ အစအနောက်ကျူးသည်တည့်လေး။

❖ ညသန်းခေါင်ဦး
ရှင်မြူးစရာ ပီခဲ့သည် ..။

❖ လတန်ဆောင်အထူး
ရင့်ကျူးစာကဗျာ သီဖွဲ့ရည် ... ။

မောင်သင်းပျံ့(ကျိုက်ထော်)

ခရမ်းလွန်ရောင်ခြည်အန္တရာယ်ကာကွယ်ရေး အိုဇုန်းလွှာကို ထိန်းသိမ်းပေး

## မျက်နှာနှင့် နှာခေါင်းစည်း မဖြစ်မနေတပ်ဆင်ရေး လူထုလှုပ်ရှားမှုစီမံချက်

တိုင်းဒေသကြီး/ပြည်နယ်အသီးသီးရှိ “နေအိမ်တွင်သာနေထိုင်ရေးအစီအစဉ်(Stay at home)”တွင် အကျုံးဝင်သောမြို့နယ်များနှင့် ရောဂါဖြစ်ပွားမှုများသောမြို့နယ်များတွင် တိုင်းဒေသကြီး/ ပြည်နယ် အစိုးရအဖွဲ့များ၏ ဦးဆောင်မှုဖြင့် တိုင်းဒေသကြီး/ပြည်နယ်ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနများသည် လူမှုရေးအဖွဲ့အစည်းများ၊ ဌာနဆိုင်ရာများနှင့် ပူးပေါင်း၍ **“COVID-19 ရောဂါ ကာကွယ်ခြင်းဆိုင်ရာ ကျန်းမာရေးအသိပညာမြှင့်တင်ရေးနှင့် ပြုမူပြောင်းလဲရေး ဆက်သွယ်ပညာပေး မျက်နှာနှင့်နှာခေါင်းစည်း မဖြစ်မနေတပ်ဆင်ရေး လူထုလှုပ်ရှားမှုစီမံချက် (Mask and Face Shield Campaign)”**ကို ဆောင်ရွက်လျက်ရှိပါသည်။

အဆိုပါ လူထုလှုပ်ရှားမှုစီမံချက်တွင် –

- ပါးစပ်နှင့်နှာခေါင်းစည်း (Mask)၊ မျက်နှာအကာ (Face shield) မဖြစ်မနေတပ်ဆင်ရေးအတွက် အသိပေးစည်းရုံး လှုံ့ဆော်ခြင်း၊ ပေးဝေခြင်းနှင့် တပ်ဆင်စေခြင်း၊
- လက်ကိုင်အသံချဲ့စက်များဖြင့် လှည့်လည်အသိပေးပြောကြားခြင်းနှင့်
- ကျန်းမာရေးအသိပညာပေး လက်ကမ်းစာစောင်များ ပေးဝေခြင်းတို့ကို ဆောင်ရွက်လျက်ရှိပါသည်။

ရောဂါကူးစက်ပြန့်ပွားမှုကွင်းဆက်ကို ဖြတ်တောက်ပြီး ထိရောက်စွာကာကွယ်ထိန်းချုပ်နိုင်မှသာ စီးပွားရေး၊ ပညာရေးနှင့် လူမှုရေးလုပ်ငန်းများကို ပုံမှန်အနေအထားအတိုင်း အမြန်ဆုံး ပြန်လည်လုပ်ကိုင်လာနိုင်မည်ဖြစ်သည့်အတွက် ပြည်သူလူထုအနေဖြင့် ပူးပေါင်းပါဝင် လိုက်နာဆောင်ရွက်ကြပါရန် တိုက်တွန်းနှိုးဆော် ပန်ကြားအပ်ပါသည်။

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန

---

❍ ကျောဖုံးမှ

- Rapid Antigen Diagnostic Test Kit များဖြင့် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ဆေးရုံကြီးများနှင့် မြို့နယ်များတွင် ဆက်လက်စစ်ဆေးလျက်ရှိပြီး အဆိုပါစစ်ဆေးမှုများတွင် အနံ့မရရှိသူများလည်း ပါဝင်ပါသည်။

### မြန်မာနိုင်ငံတွင် COVID–19 လူနာ ဖြစ်ပွား၊ သေဆုံးမှုအခြေအနေ
### (၂၇–၁၁–၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီ

| | အသစ် (လွန်ခဲ့သော ၂၄ နာရီအတွင်း) | ယခုအထိ စုစုပေါင်း |
|---|---|---|
| စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | (၁၈,၁၉၇) ဦး | (၁,၁၁၄,၆၉၇) ဦး |
| COVID–19 ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း | (၁,၄၂၈) ဦး | (၈၆,၆၃၃) ဦး |
| ဆေးရုံဆင်းခွင့်ရရှိသူ | (၁,၃၂၇) ဦး | (၆၅,၉၇၂) ဦး |
| သေဆုံးလူနာ | (၁၉) ဦး | (၁,၈၆၅) ဦး |

- ယနေ့ သေဆုံးသူ (၁၉) ဦးမှာ ပြည်သူ့ဆေးရုံများ၊ COVID–19 ရောဂါ ကုသရေးဌာနများနှင့် တပ်မတော်ဆေးရုံများမှဖြစ်ပြီး ၎င်းတို့အနက် ရောဂါအခံရှိသူ (၁၆) ဦးပါဝင်ပါသည်။
- တိုင်းဒေသကြီး/ ပြည်နယ်များရှိ ဆေးရုံများနှင့် ရန်ကုန်မြို့ရှိ COVID–19 ရောဂါ ကုသရေးဌာနများမှ ဆေးရုံဆင်းခွင့်ရရှိသူ စုစုပေါင်း (၁,၃၂၇) ဦးတွင်–
  - ပြည်သူ့ဆေးရုံများ – (၄၂၄) ဦး
  - COVID–19 ရောဂါကုသရေးဌာနများ (ရန်ကုန်မြို့) – (၉၀၃) ဦး ပါဝင်ပါသည်။
- ရန်ကုန်တိုင်းဒေသကြီးအတွင်း အသွားအလာကန့်သတ်ထားရှိရာ နေရာများမှ ဓာတ်ခွဲအတည်ပြုလူနာများနှင့် အနီးကပ်ထိတွေ့ခဲ့သူများအနက် Negative အဖြေထွက်ရှိခဲ့ပြီး နေအိမ်များတွင် အသွားအလာ ကန့်သတ်ထားရှိသူ စုစုပေါင်း (၁,၈၀၅) ဦးတွင်–
  - Hotel Quarantine – (၁၉၂) ဦး
  - Facility Quarantine – (၂၉၆) ဦး
  - Community Based Facility Quarantine – (၁,၀၉၆) ဦး
  - Anosmia Center – (၂၂၁) ဦး

  ပါဝင်ပြီး ၎င်းတို့အား နေအိမ်များတွင် အသွားအလာဆက်လက်ကန့်သတ်ထားရှိပါသည်။

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန

---

### ကမ္ဘာ့နိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ ကူးစက် / သေဆုံးမှု အများဆုံး ၁၀ နိုင်ငံ

| စဉ် | နိုင်ငံအမည် | ကိုဗစ်–၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၁၃၂၄၉၄၄၇ | ၇၈၄၉၇၁၈ | ၂၆၉၅၉၇ |
| ၂။ | အိန္ဒိယ | ၉၃၀၉၈၇၁ | ၈၇၁၈၅၁၇ | ၁၃၅၇၅၂ |
| ၃။ | ဘရာဇီး | ၆၂၀၄၅၇၀ | ၅၅၂၈၅၉၉ | ၁၇၁၄၉၇ |
| ၄။ | ရုရှား | ၂၂၁၅၅၃၃ | ၁၇၁၂၁၇၄ | ၃၈၅၅၈ |
| ၅။ | ပြင်သစ် | ၂၁၈၃၆၆၀ | ၁၅၈၂၃၆ | ၅၀၉၅၇ |
| ၆။ | စပိန် | ၁၆၃၇၈၄၄ | စိစစ်ဆဲ | ၄၄၃၇၄ |
| ၇။ | ဗြိတိန် | ၁၅၇၄၅၆၂ | စိစစ်ဆဲ | ၅၇၀၃၁ |
| ၈။ | အီတလီ | ၁၅၀၉၈၇၅ | ၆၆၁၁၈၀ | ၅၂၈၅၀ |
| ၉။ | အာဂျင်တီးနား | ၁၃၉၉၄၃၁ | ၁၂၂၆၆၆၂ | ၃၇၉၄၁ |
| ၁၀။ | ကိုလံဘီယာ | ၁၂၈၀၄၈၇ | ၁၁၈၁၇၅၃ | ၃၆၀၁၉ |

### အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

| စဉ် | နိုင်ငံအမည် | ကိုဗစ်–၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အင်ဒိုနီးရှား | ၅၂၂၅၈၁ | ၄၃၇၄၅၆ | ၁၆၅၂၁ |
| ၂။ | ဖိလစ်ပိုင် | ၄၂၅၉၁၈ | ၃၈၇၆၁၆ | ၈၂၅၅ |
| ၃။ | မြန်မာ | ၈၆၆၃၃ | ၆၅၉၇၂ | ၁၈၆၅ |
| ၄။ | မလေးရှား | ၆၁၈၆၁ | ၅၀၂၀၄ | ၃၅၀ |
| ၅။ | စင်ကာပူ | ၅၈၁၉၉ | ၅၈၁၀၄ | ၂၈ |
| ၆။ | ထိုင်း | ၃၉၆၁ | ၃၇၉၀ | ၆၀ |
| ၇။ | ဗီယက်နမ် | ၁၃၃၉ | ၁၁၇၀ | ၃၅ |
| ၈။ | ကမ္ဘောဒီးယား | ၃၀၇ | ၂၉၈ | ၀ |
| ၉။ | ဘရူနိုင်း | ၁၅၀ | ၁၄၅ | ၃ |
| ၁၀။ | လာအို | ၃၉ | ၂၄ | ၀ |

---

## ပြည်ပနိုင်ငံများရောက် အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသားများအား ပြန်လည်ခေါ်ဆောင်

**နေပြည်တော် နိုဝင်ဘာ ၂၇**



နိုင်ငံတကာခရီးသည်တင် လေယာဉ်များပျံသန်းမှု ယာယီရပ်ဆိုင်းထားခြင်းကြောင့် စင်ကာပူနိုင်ငံ၌ အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသား ၁၅၂ ဦးအား စင်ကာပူမြို့ရှိ မြန်မာသံရုံးမှ စီစဉ်သည့် ၂၈ ကြိမ်မြောက်အဖြစ် မြန်မာအမျိုးသားလေကြောင်း (MNA) ကယ်ဆယ်ရေးလေယာဉ်ဖြင့် ပြန်လည်ခေါ်ဆောင်ခဲ့ရာ ယနေ့ညနေ ၅ နာရီခွဲတွင် ရန်ကုန် အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ အဆင်ပြေချောမွေ့စွာ ပြန်လည်ရောက်ရှိကြသည်။ **(အပေါ်ယာပုံ)**

ထို့ပြင် ထိုင်းနိုင်ငံတွင် အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသား ၇၆ ဦးအား ဗန်ကောက်မြို့ရှိ မြန်မာသံရုံးမှ စီစဉ်သည့် (၁၂)ကြိမ်မြောက် မြန်မာအမျိုးသားလေကြောင်း (MNA) ကယ်ဆယ်ရေး လေယာဉ်ဖြင့် ပြန်လည်ခေါ်ဆောင်ခဲ့ရာ ယနေ့ ည ၈ နာရီတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ အဆင်ပြေချောမွေ့စွာ ပြန်လည်ရောက်ရှိခဲ့ကြသည်။

၎င်းတို့ ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ ရောက်ရှိချိန်တွင် လူဝင်မှုကြီးကြပ်ရေး၊ ကျန်းမာရေး စစ်ဆေးရေး၊ သီးသန့်စီစဉ်ပေးသည့် နေရာ / သတ်မှတ် ဟိုတယ်များ၌ အသွားအလာ ကန့်သတ်မှု ခုနစ်ရက်နှင့် နေအိမ်တွင် အသွားအလာ ကန့်သတ်မှု ခုနစ်ရက် နေထိုင်စေရေးတို့ကို အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့တို့က သက်ဆိုင်ရာ အခန်းကဏ္ဍအလိုက် တာဝန်ယူဆောင်ရွက်ပေးခဲ့သည်။

ပြည်ပနိုင်ငံများတွင် အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသားများနှင့် မြန်မာသင်္ဘောသားများအား ပြန်လည်ခေါ်ဆောင်ရန် Coronavirus Disease 2019(COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီ၏ လမ်းညွှန်ချက်နှင့်အညီ နိုင်ငံခြားရေးဝန်ကြီးဌာနအနေဖြင့် သက်ဆိုင်ရာဝန်ကြီးဌာနများ၊ သက်ဆိုင်ရာနိုင်ငံများရှိ မြန်မာသံရုံးများနှင့် ပူးပေါင်းညှိနှိုင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

---

## မိုးနဲမြို့နယ်၌ နှာခေါင်းစည်းဝတ်ဆင်ရေးလှုပ်ရှားမှု အရှိန်အဟုန်မြှင့် ဆောင်ရွက်

**မိုးနဲ နိုဝင်ဘာ ၂၇**

ရှမ်းပြည်နယ်(တောင်ပိုင်း) မိုးနဲမြို့နယ် မြို့မဈေးနှင့် လူသွားလူလာများပြားသည့် လမ်းဆုံများတွင် ကိုဗစ်–၁၉ ရောဂါကာကွယ်ခြင်းဆိုင်ရာ ကျန်းမာရေးအသိပညာမြှင့်တင်ရေးနှင့် နှာခေါင်းစည်းမဖြစ်မနေဝတ်ဆင်ရေးလှုပ်ရှားမှုကို ယနေ့ နံနက် ၇ နာရီက အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ထိုသို့ ဆောင်ရွက်ရာတွင် မြို့နယ် ကိုဗစ်–၁၉ ကူးစက်ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းကော်မတီ၏ ဦးဆောင်မှုဖြင့် ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်မျိုးထက်၊ မြို့နယ်ကျန်းမာရေးဌာနမှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ ပူးပေါင်းလျက် ဈေးဝယ်သူများနှင့် ဈေးသည်များ၊ လူအများ သွားလာဖြတ်သန်းမှုများသည့် လမ်းဆုံများတွင် နှာခေါင်းစည်းများ အခမဲ့ဖြန့်ဝေပေးကာ လမ်းသွားလမ်းလာ ပြည်သူများနှင့်ဈေးသည်များအား ကျန်းမာရေးဦးစီးဌာန၏ ညွှန်ကြားချက်များ၊ သိရှိလိုက်နာဆောင်ရွက်ရမည့်အချက်များနှင့် ကိုဗစ်–၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးအတွက် ဆောင်ရန်၊ ရှောင်ရန်များကို အသိပညာပေးခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

မျိုးညွန့်ရွှေ (ပြန်/ဆက်)

# ကိုရီးယားနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့တာဝန်ရှိသူများနှင့် တွေ့ဆုံ ကိုရီးယား-မြန်မာချစ်ကြည်ရေး (ဒလ) တံတားစီမံကိန်း လုပ်ငန်းခွင်သို့ သွားရောက်လေ့လာ

**ရန်ကုန် နိုဝင်ဘာ ၂၇**

မြန်မာနိုင်ငံ၌ တရားဝင်ချစ်ကြည်ရေးခရီး ရောက်ရှိနေသော ကိုရီးယားသမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး မစ္စတာ ကင်မ်ဂွန်း ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်တွေ့ဆုံပြီး ကိုရီးယား-မြန်မာချစ်ကြည်ရေး (ဒလ) တံတားစီမံကိန်းလုပ်ငန်းခွင်သို့ သွားရောက်လေ့လာသည်။

ရှေးဦးစွာ ကိုရီးယားသမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် နံနက် ၁၀ နာရီခွဲတွင် ရန်ကုန်မြို့ ဒဂုံမြို့နယ်ရှိ ဆေးသုတေသနဦးစီးဌာန(ရုံးချုပ်) အစည်းအဝေးခန်းမ၌ ကျင်းပသည့် ကိုရီးယားအပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (KOICA) က ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသို့ ဆေးရုံသုံးစွန့်ထုတ်ပစ္စည်းများ သန့်စင်သည့်စက် ပေးအပ်လှူဒါန်းသည့် အခမ်းအနားသို့ တက်ရောက်သည်။

အခမ်းအနားတွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြလေးစိန်က နေပြည်တော်မှ Video Conference ဖြင့် ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားသည်။

ထို့နောက် ကိုရီးယားသမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး မစ္စတာ ကင်မ်ဂွန်း က ဆေးရုံသုံးပစ္စည်းများ လှူဒါန်းရသည့် အကြောင်းရင်းကို ရှင်းလင်းပြောကြားပြီး ကိုရီးယား- မြန်မာ နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်နေသည့် အခြေအနေများနှင့် ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်သွားမည့် အခြေအနေများကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် ကိုရီးယားသမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး မစ္စတာ ကင်မ်ဂွန်း၊ မြန်မာနိုင်ငံဆိုင်ရာ ကိုရီးယားသမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ လီဆန်းဟွာနှင့် KOICA ရုံးမှ မြန်မာနိုင်ငံဆိုင်ရာဌာနေကိုယ်စားလှယ် မစ္စ လီယောင်ဆူးတို့က မြန်မာနိုင်ငံ၏ ကိုဗစ်-၁၉ ရောဂါ ကာကွယ် ထိန်းချုပ် ကုသရေးလုပ်ငန်းများတွင် အသုံးပြုရန်အတွက် အမေရိကန် ဒေါ်လာ ခုနစ်သိန်းတန်ဖိုးရှိ ဆေးရုံသုံးစွန့်ထုတ်ပစ္စည်းများ သန့်စင်သည့်စက် (Hospital Waste Management Equipment) သုံးလုံးအား ပေးအပ်လှူဒါန်းရာ ဆေးသုတေသနဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ပါမောက္ခ ဒေါက်တာဇော်သန်းထွန်းက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

မွန်းလွဲပိုင်းတွင် ကိုရီးယားသမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံးသို့ သွားရောက်ကာ သံတမန်ဧည့်ခန်းမဆောင်၌ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းနှင့်အဖွဲ့အား တွေ့ဆုံသည်။ **(အပေါ်ယာပုံ)**



ထိုသို့ တွေ့ဆုံရာတွင် ကိုရီးယား-မြန်မာချစ်ကြည်ရေး (ဒလ) တံတားစီမံကိန်း၊ ကိုရီးယား-မြန်မာ စက်မှုဇုန်စီမံကိန်း၊ ဒလမြို့သစ်စီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်သွားမည့်အခြေအနေများ အပါအဝင် နှစ်နိုင်ငံစီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှု ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးကြသည်။

ဆွေးနွေးမှုအပြီးတွင် ကိုရီးယားသမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်များနှင့်အတူ အစိုးရအဖွဲ့ရုံးအတွင်းရှိ အမိမြန်မာပြည် ရုပ်တုရှေ့တွင် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ထို့နောက် ကိုရီးယားသမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ကိုရီးယား-မြန်မာချစ်ကြည်ရေး (ဒလ) တံတား စီမံကိန်းလုပ်ငန်းခွင်သို့ သွားရောက်လေ့လာရာ တံတားစီမံကိန်းတာဝန်ရှိသူများက တံတားတည်ဆောက်ပြီးစီးမှုနှင့် လုပ်ငန်းခွင်ဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ကိုရီးယားသမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် တံတားတည်ဆောက်ရေးလုပ်ငန်းခွင်အတွင်း လှည့်လည်ကြည့်ရှုလေ့လာရာ တံတားစီမံကိန်းတာဝန်ရှိသူများက ရှင်းလင်းပြသသည်။

ကိုရီးယားသမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ညပိုင်းတွင် ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ပြန်လည်ထွက်ခွာသွားသည်။

**သတင်းစဉ်**

---

# ရန်ကုန်တက္ကသိုလ် ရာပြည့်အထိမ်းအမှတ် ဖိတ်ခေါ်ကဗျာပြိုင်ပွဲတွင် ဆုရရှိခဲ့ကြသူများ၏ ဂုဏ်ပြုစကားသံများ

**တွေ့ဆုံမေးမြန်း-မဟိဒ္ဓိ**

၂၀၂၀ ပြည့်နှစ် ဒီဇင်ဘာ ၁ ရက်တွင် ရန်ကုန်တက္ကသိုလ် နှစ်တစ်ရာပြည့် အထိမ်းအမှတ် ရာပြည့်သဘင်ကို နိုင်ငံတော်အစီအစဉ်ဖြင့် အောင်မြင်စွာ ဆင်ယင်ကျင်းပတော့မည်ဖြစ်သည်။

အတိတ်ရှိသော၊ သမိုင်းကြီးသော၊ ယဉ်ကျေးမှုအစဉ်အလာမြင့်မားသော တက္ကသိုလ်ကြီးဖြစ်ရကား ထိုတက္ကသိုလ်ကြီး၏ ရာပြည့်အထိမ်းအမှတ်ပွဲသဘင်သည်လည်း ဂုဏ်ပြုအစီအစဉ် ပေါင်းများစွာဖြင့် ဝေဆာလျက်ရှိပေသည်။ ရာပြည့်တက္ကသိုလ် မြကျွန်းညို၏ ရာပြည့်အထိမ်းအမှတ်တွင် ပါဝင်သည့် ဂုဏ်ပြုအစီအစဉ်ပေါင်းများစွာအနက် ဖိတ်ခေါ်ကဗျာပြိုင်ပွဲတွင် ဂုဏ်ပြုဆုရရှိခဲ့ကြသည့် ကဗျာရှင်တို့၏ သက်ဝင်လှုပ်ရှားဂုဏ်ပြုစကားသံများအား စုစည်းဖော်ပြလိုက်ရပါသည်။



ဆရာမောင်ကျော်ဇော (ရှင်မတောင်နံ့သာမြေ)
(ပထမဆု)



ချစ်စုအောင်
(ဒုတိယဆု)



ရေနံ့သာ မောင်ကျော်ညွန့်
(တတိယဆု)



သပြေထွန်း
(အထူးဆု-၁)



သက်မွန် (မော်ကျွန်း)
(အထူးဆု-၂)



လှတိုး (ဒဿနိက)
(အထူးဆု-၃)



မောင်စုမြင့် (ညောင်လေးပင်)
(အထူးဆု-၄)



မင်းသစ်ဝင်း (ကျောက်တံခါး)
(အထူးဆု-၅)

ပထမဆုရှင် ဆရာမောင်ကျော်ဇော (ရှင်မတောင်နံ့သာမြေ) က "ရန်ကုန်တက္ကသိုလ် နှစ်တစ်ရာပြည့် အထိမ်းအမှတ် ကဗျာပြိုင်ပွဲမှာ ရာပြည့်တက္ကသိုလ် မြကျွန်းညိုကဗျာဖြင့် ပထမဆုဆွတ်ခူးနိုင်ခဲ့တဲ့အတွက် ဆုရရေးဖော်များနဲ့ထပ်တူ အထူးပဲဝမ်းသာ ဂုဏ်ယူမိပါတယ်။ ရန်ကုန်တက္ကသိုလ်ကနေ နိုင်ငံရေး၊ စစ်ရေး၊ နိုင်ငံ့ဂုဏ်ဆောင် အသိပညာရှင်၊ အတတ်ပညာရှင် သားကောင်းရတနာများ မွေးထုတ်ခဲ့ရာ ဘူမိနက်သန် နေရာမှန်ဖြစ်ခဲ့ပါတယ်။ ခေတ်ဆန်းစာပေနှင့်အတူ အနုပညာခံစားမှုများ မြစ်ဖျားခံရာ ဖြစ်ခဲ့ပါတယ်။

ရန်ကုန်တက္ကသိုလ်ရဲ့ အတိတ်က ထင်ရှားကျော်ကြား ဂုဏ်သတင်းဖြိုးမောက်မှုတွေကို အနာဂတ်သို့ ဆက်လက်၍ နိုင်ငံတကာနဲ့ယှဉ်ပြီး တိုးတက်စေဖို့ သက်ဆိုင်သူ မျိုးဆက်သစ်တွေအားလုံး တာဝန်ကျေဖို့ လိုတယ်လို့ ယုံကြည်မျှော်လင့်ခံစားမိပါတယ်"ဟု ပြောကြားသည်။

ဒုတိယဆုရှင် ဆရာ ချစ်စုအောင်က "ကဗျာဆိုတာ မြန်မာတိုင်းရဲ့ ရင်ထဲမှာ ခိုင်ခိုင်မာမာ အမြစ်တွယ်နေတဲ့ ရတနာတစ်ပါးပါ။ ဈေးသည်လေးရဲ့ ပါးစပ်ဖျားမှာလည်း ကဗျာရှိတယ်။ အပြန်တစ်ရာကောင်းတဲ့ သံပရာ ပေါင်းတဲ့။ ဘာကြောင့်ရပ်ရပ်လမ်းဘေးချရပ်ဆိုတဲ့ ဆောင်ပုဒ်ကလေးကလည်း ကဗျာပဲ။ သာသနာရေးအခမ်းအနားတွေမှာလည်း ရတု၊ တေးထပ် စတဲ့ကဗျာတွေ မပါလို့မပြီးဘူး။ ဇာတ်ပွဲတွေသွားကြည့်လိုက် ငိုချင်း၊ ဆိုင်းဆင့်၊ ပတ်တိုက်၊ လေပြေ စတာတွေကလည်း ကဗျာတွေပါပဲ။ မြန်မာ့ရိုးရာကဗျာတွေဟာ ပုဂံခေတ်ကနေ ဒီနေ့အထိ လက်ဆင့်ကမ်းသယ်ဆောင်ရှင်သန်နေဆဲပါ။ ဒီကနေ့ ကဗျာချစ်ကြတဲ့ လူငယ်မျိုးဆက်သစ်တွေအနေနဲ့ အလွန်တန်ဖိုးကြီးလှတဲ့ မြန်မာ့ကဗျာတွေကို အလေးအနက်ထား ထိန်းသိမ်းလက်ဆင့်ကမ်းပေးကြပါလို့ မေတ္တာစကားပန်ကြားချင်ပါတယ်" ဟု ပြောကြားသည်။

တတိယဆုရှင် ဆရာရေနံ့သာ မောင်ကျော်ညွန့်က "ရန်ကုန်တက္ကသိုလ် နှစ်တစ်ရာပြည့်တဲ့ ရာပြည့်သဘင်ပွဲက ကြုံတောင့်ကြုံခဲပါ။ ရန်ကုန်တက္ကသိုလ်ရဲ့ အစဉ်အလာကောင်းတွေက လွန်စွာကြီးမားလွန်းပါတယ်။ ထို့အတူပါပဲ ရန်ကုန် တက္ကသိုလ်ရဲ့ ဂုဏ်ကျေးဇူးတွေကလည်း လွန်စွာကြီးမားလွန်းလှပါတယ်။

အလွန်တရာ ကြီးမားလွန်းလှတဲ့ အစဉ်အလာကောင်းတွေနဲ့ ဂုဏ်ကျေးဇူးတွေကို ရာပြည့်သဘင်ပွဲမှာ ဖော်ထုတ်ဂုဏ်ပြု ကျေးဇူးဆပ်ခွင့်ရလိုက်တာကြောင့် လွန်စွာပဲ ကြည်နူးဝမ်းသာရပါတယ်။ အတိုင်းမသိလည်း ပီတိဖြစ်ရပါတယ်" ဟု ပြောကြားသည်။

အထူးဆု - ၁ ရရှိသူ သပြေထွန်းက "ရာပြည့်တက္ကသိုလ် မြကျွန်းညိုရဲ့ နှစ်တစ်ရာပြည့် အခမ်းအနားမှာ ကိုယ်ဝါသနာပါတဲ့ စာပေနဲ့ ဂုဏ်ပြုခွင့်ရခဲ့လို့ ဝမ်းသာကြည်နူးရပါတယ်။ အဆင့်မြင့်ပညာရပ်တွေ သာမက လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုး တိုးတက်ရေးဆိုင်ရာပညာရပ်တွေပါ သင်ကြားပေးတဲ့ ပင်မတက္ကသိုလ်ကြီးဖြစ်လို့ သင်ကြားခွင့်ရသူတွေအတွက် အဖိုးမဖြတ်နိုင်တဲ့ ပညာ့အရိပ်အဝန်းကြီးတစ်ခု ဖြစ်ပါတယ်။ ဒါ့အပြင် အမျိုးသားရေးဇာတိဥပဓိ ခန့်ညားထည်ဝါပြီး တိုင်းဂုဏ်၊ ပြည်ဂုဏ်၊ မင်းဂုဏ်၊ စိုးဂုဏ်ကို ချစ်တတ် မြတ်နိုးတတ်အောင် သင်ကြားပေးရာ နယ်မြေတစ်ခုလည်းဖြစ်လို့ ကျေးဇူးတရားကြီးမားလှပါတယ်။ ရာပြည့်တက္ကသိုလ် မြကျွန်းညို အစွန့်ရှည်တည်တံ့ခိုင်မြဲပြီး ပိုမိုဖွံ့ဖြိုးတိုးတက်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါတယ်။ ကျေးဇူးတင်ထိုက်သူအားလုံးကို ကျေးဇူးတင်ပါတယ်" ဟု ပြောကြားသည်။

အထူးဆု-၂ ရရှိသူ ဆရာမ သက်မွန် (မော်ကျွန်း) က "မြန်မာနိုင်ငံရဲ့ အထင်ကရဖြစ်တဲ့ သမိုင်းဝင် ရန်ကုန်တက္ကသိုလ် ရာပြည့်ပွဲမှာ ကဗျာပါဝင်ယှဉ်ပြိုင်ခွင့်ရပြီးတော့ အခုလို ဆုရရှိခဲ့တဲ့အတွက် အတိုင်းထက်အလွန်ပဲ ဝမ်းမြောက်မိပါတယ်။ တက္ကသိုလ် ရာပြည့်ပွဲမှာ တစ်ထောင့်တစ်နေရာက ပါဝင်ခွင့်ရခဲ့တဲ့အတွက်လည်း ရာပြည့်ပွဲဖြစ်မြောက်ရေးအဖွဲ့နဲ့ ဆုရွေးချယ်ရေးအဖွဲ့တာဝန်ရှိသူတွေကို ကျေးဇူးအထူးတင်ရှိပါတယ်"ဟု ပြောကြားသည်။

အထူးဆု-၃ ရရှိသူ ဆရာ လှတိုး (ဒဿနိက) က "ရန်ကုန်တက္ကသိုလ် ရာပြည့်မှာ ပါဝင်ခွင့်ရတဲ့အတွက် ဝမ်းသာကြည်နူးမိပါတယ်။ ဆုရတဲ့အတွက် အတိုင်းထက်အလွန်ပဲ ဝမ်းသာရပါတယ်"ဟု ပြောကြားသည်။

အထူးဆု-၄ ရရှိသူ ဆရာ မောင်စုမြင့် (ညောင်လေးပင်) က "၁၉၈၀ ပြည့်နှစ် ရန်ကုန်တက္ကသိုလ် စာပေးစာယူမဂ္ဂဇင်းမှာ ကိုယ့်ရဲ့ပထမဆုံး ဝတ္ထုတိုလေး ပါခဲ့တုန်းကလည်း ဖတ်လို့မဝ ပီတိဖြစ်လို့မဆုံး ဖြစ်ခဲ့ရဖူးပါတယ်။ အခု ရန်ကုန်တက္ကသိုလ် ရာပြည့်အထိမ်းအမှတ် နိုင်ငံတော်အဆင့် ခမ်းနားထည်ဝါစွာပြုလုပ်တဲ့ ကဗျာပြိုင်ပွဲမှာ အထူးဆုရရှိတော့ ဝမ်းသာဂုဏ်ယူမဆုံး ဖြစ်ရပါတယ်။ ညောင်လေးပင်မြို့အတွက်လည်း ဂုဏ်ဖော်ဆောင်နိုင်ခဲ့ပါပြီ" ဟု ပြောကြားသည်။

အထူးဆု-၅ ရရှိသူ ဆရာ မင်းသစ်ဝင်း (ကျောက်တံခါး) က "ရန်ကုန်တက္ကသိုလ် ရာပြည့်အထိမ်းအမှတ်ကဗျာပြိုင်ပွဲမှာ ဆုရရှိခဲ့တဲ့အတွက် ဝမ်းမြောက်ဂုဏ်ယူမိပါတယ်။ ဘာကြောင့်လဲဆိုတော့ ရာပြည့်ဆိုတာ တစ်သက်မှာ တစ်ခါသာ ကြုံရတာလေ။ ဒီလိုတစ်သက်တစ်ခါကြုံရတဲ့ပွဲမှာ အမိတက္ကသိုလ်ကြီးကို ဂုဏ်တင်ရေးဖွဲ့ခွင့်၊ ပူဇော်ခွင့်ကဗျာနဲ့ လွမ်းကြွေးဆပ်ခွင့်ရတဲ့အတွက် အတိုင်းထက်အလွန်ပါ" ဟု ပြောကြားသည်။

# မသိသူတို့ - သတိမူဖို့

**မြင်းမူသား**

**ဖွဲ့စည်းပုံအခြေခံ ဥပဒေပုဒ်မ ၄၀၂ အရ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ရွေးကောက်တင်မြှောက်ခြင်းဆိုင်ရာလုပ်ငန်းများ ဆောင်ရွက်ချက်သည် အပြီးအပြတ်အတည်ဖြစ်ကြောင်း အထင်အရှားဖြစ်နေပါလျက် ရွေးကောက်ပွဲပြန်လည်ကျင်းပရန် တောင်းဆိုခြင်းသည် ဖွဲ့စည်းပုံအခြေခံဥပဒေကို လေးစား လိုက်နာခြင်း မရှိသည်မှာ လွန်စွာထင်ရှားလျက်ရှိ။**

၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲကြီးသည် ပြည်သူ့သဘော၊ ပြည်သူ့မနော၊ ပြည်သူ့ဆန္ဒနှင့်အညီ ဖော်ထုတ်ပြသမှုအပေါ် အခြေတည်ကာ အောင်မြင်စွာ ကျင်းပပြီးစီးခဲ့ပေပြီ။ ရွေးကောက်ပွဲ မဲရလဒ်သည် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ ပြည်သူအများ၏ အဆုံးအဖြတ်သာဖြစ်သည်။ မည်သည့်ပါတီ၊ မည်သည့်အဖွဲ့အစည်း၊ မည်သည့်ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်ကမျှ ဆုံးဖြတ်ခွင့်မရှိ။ ပြည်သူသာအစ၊ ပြည်သူသာပထမ၊ ပြည်သူသာပဓာန ပြည်သူ့ဆန္ဒကို အတည်ပြုလက်ခံရမည် ဖြစ်ပေသည်။ ပြည်သူ့ဆန္ဒကို လက်မခံ ငြင်းပယ်ခြင်းသည် ပြည်သူကိုတန်ဖိုးမထား၊ အလေးဂရုမပြုဘဲ ဆန့်ကျင်ထိပါးမှုပြုသည်ဟုသာ မှတ်ယူရမည် ဖြစ်ပေသည်။

ပြည်သူ့ရွေးကောက်ပွဲမကျင်းပမီနှင့် ရွေးကောက်ပွဲကျင်းပပြီးနောက်တစ်နေ့တို့တွင် ပြည်သူများက မရွေးချယ်သော၊ မဲရလဒ်အပြတ်အသတ်ရှုံးနိမ့်သော နိုင်ငံရေးအဖွဲ့အစည်းတစ်ခုက သဘောထားထုတ်ပြန်ကြေညာချက်များ ထုတ်ပြန်ခဲ့သည်ကို ကြားသိတွေ့မြင်ရပေသည်။

**အများသဘောတူ ဆောင်ရွက်ခဲ့ကြခြင်းသာဖြစ်**

ထုတ်ပြန်ကြေညာချက်တွင် ဖော်ပြသော အကြောင်းအရာ အဖြစ်အပျက်အပေါ် လေ့လာသုံးသပ်ပါက ပကတိအရှိတရားကို ဘေးဖယ်ချန်လှပ်၍ အမှန်တစ်ရပ်ကို မဖော်ပြဘဲ ဖုံးကွယ်ထားသည်ကို တွေ့ မြင်ရပေသည်။ ဖြစ်ပျက်မှုအကြောင်းအရာအပေါ် အခြေခံ၍ တာဝန်ရှိသူများ၊ သက်ဆိုင်ရာ နိုင်ငံရေးပါတီ အဖွဲ့အစည်းမှ ကိုယ်စားလှယ်များ၊ နိုင်ငံရေးပါတီအဖွဲ့အစည်းဝင် မဟုတ်သူ ပြည်သူများ၊ ဌာနဆိုင်ရာများ ပါဝင်သော စေ့စပ်ညှိနှိုင်းရေးကော်မတီက စေ့စပ်ညှိနှိုင်းဆုံးဖြတ်ချက်အရ အများသဘောတူ ဆောင်ရွက်ခဲ့ကြခြင်းသာ ဖြစ်ပါသည်။ ဖြစ်စဉ်များအပေါ် စေ့စပ်ညှိနှိုင်းစဉ်က ကြေညာချက်ထုတ်ပြန်ခဲ့သော နိုင်ငံရေးအဖွဲ့အစည်းမှ ကိုယ်စားလှယ်ပုဂ္ဂိုလ်တစ်ဦးလည်း ပါဝင်ခဲ့ပါသည်။ သက်ဆိုင်ရာပုဂ္ဂိုလ်က ရွေးကောက်ခံပိုင်ခွင့် ဆုံးရှုံးခဲ့ခြင်းလုံးဝမရှိပါ။ မဲဆန္ဒရှင်ပြည်သူများ၏ ဆန္ဒမဲပေးပိုင်ခွင့်ဆုံးရှုံးမှု လုံးဝမရှိပါ။ ရွေးကောက်ခံပုဂ္ဂိုလ်အားလုံးအတွက် လွတ်လပ်စွာ မဲပေးခဲ့ကြပါသည်။ ဤသည်ကို ဖုံးကွယ်၍ အရှုံးနယ်မှ ရုန်းဖယ်မရဖြစ်သောကြောင့် မဖြေသာတဲ့အတွက် ကြေညာချက်ထုတ်ဖော် အော်ဟစ်နေခြင်းသာ ဖြစ်ပေမည်။ မမှန်မကန်လုပ်ရပ်များ၊ ဖြစ်စဉ်များ ရှိပါက တည်ဆဲဥပဒေများနှင့်အညီသာ တိုင်ကြားကန့်ကွက်ရန်သာ ဖြစ်ပါသည်။

အဆိုးရွားဆုံးမှာ သဘောထားထုတ်ပြန်ကြေညာချက်၏ နောက်ဆုံးစာကြောင်းနှစ်ကြောင်းတွင် **ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် (အသစ်) ဖွဲ့စည်းပြီး စောင့်ကြည့်ရေးအဖွဲ့များနှင့် ရွေးကောက်ပွဲ ပြန်လည်ကျင်းပရန် တောင်းဆိုကြောင်း** ကြေညာချက်ထုတ်ပြန်ကြေညာလိုက်သည်ဟု ဖော်ပြထားသည်ကို တွေ့ရပေသည်။ ရွေးကောက်ပွဲကော်မရှင် (အသစ်) ဖွဲ့စည်းရေးသည် ဖွဲ့စည်းပုံအခြေခံဥပဒေအရသာ ဆောင်ရွက်ရပါသည်။ ပြဋ္ဌာန်းဥပဒေကို ကျော်လွန်၍မရ၊ အချိန်တန်က ဖွဲ့စည်းမည်သာ ဖြစ်ပေသည်။ မည်သူမျှ တားဆီး၍မရ၊ အမိန့်ပေး၍မရပါ။ အခြေခံဥပဒေတွင် ပြဋ္ဌာန်းထားပြီးဖြစ်သည်ကို မင်ကုန်၊ စာရွက်ကုန်၊ လေကုန်ခံ၍ ရေးသားပြောဆိုနေခြင်းသည် အံ့ဖွယ်လိလိ ဖြစ်ပေသည်။

**စောင့်ကြည့်လေ့လာရေးအဖွဲ့များနှင့်**ဟု ကြေညာချက်၌ ဖော်ပြထားရာ ကျင်းပပြီးစီးခဲ့သည့် ရွေးကောက်ပွဲတိုင်းတွင် စောင့်ကြည့်လေ့လာသူများပါဝင်ဆောင်ရွက်ခဲ့သည်ကို သိသင့်ပေသည်။ ပြီးစီးခဲ့သည့် ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲကြီးတွင်လည်း နိုင်ငံတကာ ရွေးကောက်ပွဲ စောင့်ကြည့်လေ့လာသူများ၊ ပြည်တွင်း ရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူများ၊ ရွေးကောက်ပွဲကိုယ်စားလှယ်များ၊ မဲရုံကိုယ်စားလှယ်များ၊ အကူကိုယ်စားလှယ်များက မဲရုံတိုင်းတွင် စောင့်ကြည့်လေ့လာမှုပြုခဲ့ကြသည်ကို မျက်စိမှိတ်၍ ငြင်းကွယ်သကဲ့သို့ ဖြစ်နေပေသည်။

**ဆန့်ကျင်ဖောက်ဖျက်နေခြင်းသာဖြစ်**

**ရွေးကောက်ပွဲပြန်လည်ကျင်းပရန် တောင်းဆိုခြင်းသည်** ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် အခြားတည်ဆဲ ဥပဒေပြဋ္ဌာန်းချက်များအား ဆန့်ကျင်ဖောက်ဖျက်နေခြင်းသာ ဖြစ်ပေသည်။ သက်ဆိုင်ရာ ဥပဒေများနှင့် ညီညွတ်မှုမရှိကြောင်း တွေ့ရပေသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)၊ အခန်း (၉) ပုဒ်မ ၄၀၂ တွင် **အောက်ပါကိစ္စများနှင့်စပ်လျဉ်း၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ဆုံးဖြတ်ချက်နှင့် ဆောင်ရွက်ချက်များသည် အပြီးအပြတ်အတည်ဖြစ်စေရမည်ဟု** အတိအလင်းပြဋ္ဌာန်းထားပြီး ပုဒ်မခွဲ (က)တွင် **ရွေးကောက်တင်မြှောက်ခြင်းဆိုင်ရာလုပ်ငန်းများ**ဟု ဖော်ပြထားပါသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၀၂ အရ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ရွေးကောက်တင်မြှောက်ခြင်းဆိုင်ရာ လုပ်ငန်းများ ဆောင်ရွက်ချက်သည် အပြီးအပြတ်အတည်ဖြစ်ကြောင်း အထင်အရှားဖြစ်နေပါလျက် ရွေးကောက်ပွဲပြန်လည်ကျင်းပရန် တောင်းဆိုခြင်းသည် ဖွဲ့စည်းပုံအခြေခံဥပဒေကို လေးစားလိုက်နာခြင်းမရှိသည်မှာ လွန်စွာထင်ရှားလျက်ရှိနေပေသည်။

**အတိအလင်းပြဋ္ဌာန်းထား**

ဖွဲ့စည်းပုံအခြေခံဥပဒေ အခန်း (၁၀)၊ နိုင်ငံရေးပါတီများခေါင်းစဉ်အောက်ရှိ ပုဒ်မ ၄၀၅ တွင် **နိုင်ငံရေးပါတီတစ်ရပ်ရပ်သည်** ဟု ဖော်ပြပြီး ပုဒ်မခွဲ (ခ)တွင် **ဤဖွဲ့စည်းပုံအခြေခံဥပဒေနှင့် တည်ဆဲဥပဒေများကို လေးစားလိုက်နာရမည်**ဟု အတိအလင်းပြဋ္ဌာန်းထားပါသည်။ ထို့ကြောင့် ရွေးကောက်ပွဲ ပြန်လည်ကျင်းပရန် တောင်းဆိုခြင်းသည် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၄၀၂ နှင့် ၄၀၅ ပါပြဋ္ဌာန်းချက်များကို လေးစားလိုက်နာမှုမရှိကြောင်း ပေါ်လွင်ထင်ရှားပါသည်။ အခြေခံဥပဒေပြဋ္ဌာန်းချက်များကို ဆန့်ကျင်သွေဖည်၍ လျစ်လျူပြုရာ ရောက်နေပေသည်။

ထို့နောက် နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း ဥပဒေ ပုဒ်မ ၆ (ဂ)အရ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေကို လေးစားလိုက်နာရန်အတွက် ပါတီတည်ထောင်ခွင့် လျှောက်ထားစဉ်ကတည်းက ဝန်ခံချက်ပြုရပါသည်။ ယင်းဝန်ခံချက်ကို ဖောက်ဖျက်၍ မရပေ၊ ဝန်ခံချက်ကို စောင့်ထိန်းလိုက်နာရန် ပျက်ကွက်ပါက နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေ ပုဒ်မ ၁၂၊ ပုဒ်မခွဲ (က)၊ ပုဒ်မခွဲငယ် (၄)အရ အရေးယူဆောင်ရွက်ရမည် ဖြစ်ပေသည်။ ပုဒ်မ ၁၂ (က) (၄)တွင် **ပုဒ်မ ၆ ပါဝန်ခံချက်တစ်ရပ်ရပ်ကို စောင့်ထိန်းလိုက်နာရန်ပျက်ကွက်ပါက နိုင်ငံရေးပါတီအဖြစ် ဆက်လက်ရပ်တည်ပိုင်ခွင့် မရှိစေရ**ဟု အတိအလင်းပြဋ္ဌာန်းထားပါသည်။

**ပေါ်လွင်ထင်ရှားနေ**

ခြုံ၍ဆိုရသော် ရွေးကောက်ပွဲပြန်လည်ကျင်းပရန် တောင်းဆိုခြင်းသည် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၄၀၂ ပါ ပြဋ္ဌာန်းချက်အား လေးစားလိုက်နာမှုမရှိဘဲ ဆန့်ကျင်ဆောင်ရွက်ခြင်းနှင့် အခြေခံဥပဒေ ပုဒ်မ ၄၀၅ ပါပြဋ္ဌာန်းချက်များကို လိုက်နာမှုပြုရန် ပျက်ကွက်ကြောင်း ပေါ်လွင်ထင်ရှားနေပါသည်။ တစ်ဖန် နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေ ပုဒ်မ ၆ ပါဝန်ခံချက်ကို ဖောက်ဖျက်ကျူးလွန်ရာ ရောက်နေပေသည်။ ယင်းပုဒ်မ ၆ (ဂ)အရ ဖွဲ့စည်းပုံအခြေခံဥပဒေကို လေးစားလိုက်နာမှုမရှိ ဖောက်ဖျက်ပါက နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း ပုဒ်မ ၁၂ အရ **မှတစ်ပါးအခြားမရှိ**တော့ပြီ၊ မိမိလုပ်ရပ်များအပေါ် သတိနှင့်ဆင်ခြင်၍ ဆောင်ရွက်သင့်ပေသည်။ ဥပဒေများကိုလည်း ကျေကျေညက်ညက် ထဲထဲဝင်ဝင် သိထားသင့်ပေသည်။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အနေဖြင့် ဥပဒေပြဋ္ဌာန်းပြီးသားကိစ္စဖြစ်၍ ဖြဟ္မစိုရ်တရား လက်ကိုင်ထားကာ ဆိတ်ဆိတ်နေအံ့ထင်သည်။

ကြေညာချက်ထုတ်ပြန်လိုသူတိုင်း တည်ဆဲပြဋ္ဌာန်းဥပဒေများနှင့်အညီ ထုတ်ပြန်နိုင်ရေးအတွက် အထူးဂရုပြုအလေးထားဆောင်ရွက်နိုင်ကြပါရန် မသိသူတို့ သတိမူဖို့ မျှဝေခြင်းသာ ဖြစ်ပါသည်။ ။

# ကိုဗစ်-၁၉ ရောဂါအလွန်ကာလတွင် မြိတ်-ကျွန်းစုရှိ အပန်းဖြေခရီးသွားလုပ်ငန်းပိုမိုတိုးတက်စေရေး ဆောင်ရွက်လျက်ရှိ

**မြိတ် နိုဝင်ဘာ ၂၇**

တနင်္သာရီတိုင်းဒေသကြီး မြိတ်-ကျွန်းစုရှိ ကျွန်းများသည် ပင်လယ်ကမ်းခြေများ၏လှပမှု၊ သဘာဝအတိုင်းတည်ရှိနေသည့် ရေပေါ်ရေအောက်သယံဇာတများ၏ လှပမှုများကြောင့် ပြည်တွင်း ပြည်ပ ခရီးသွားဧည့်သည်များကို ဗစ်-၁၉ ရောဂါအလွန်ကာလတွင် လာရောက်လည်ပတ်မှု ပိုမိုတိုးတက်စေရန်အတွက် ခရီးသွားဧည့်သည်များ လည်ပတ်မှုများသည့် ကျွန်းများတွင် အခြေခံအဆောက်အအုံများ ဆောင်ရွက်လျက်ရှိကြောင်း ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာနမှ သိရသည်။

**ပြောကြား**

"မြိတ်ခရိုင်ရဲ့ခရီးသွားလုပ်ငန်းဟာ ကျွန်းကိုအခြေခံပြီး အဓိကလည်ပတ်တဲ့ ကျွန်းခရီးစဉ်ဖြစ်တဲ့အတွက်ကြောင့် လည်ပတ်မှုများတဲ့ စမတ်ကျွန်းအပါအဝင် ကျွန်းခြောက်ကျွန်းမှာ အခြေခံအဆောက်အအုံတွေ ပြည့်စုံစေဖို့ ဆောင်ရွက်ထားရှိပါတယ်။ အထူးသဖြင့် မြိတ်ဒေသရဲ့နာမည်ကျော် စမတ်ကျွန်းကို သွားရောက်လည်ပတ်တဲ့ခရီးသည်တွေ အဆင်ပြေစေဖို့အတွက် ရေပေါ်တံတားနဲ့ အများပြည်သူသုံး သန့်စင်ခန်းတွေ ဆောင်ရွက်လျက်ရှိပါတယ်" ဟု မြိတ်ခရိုင် ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးနိုင်လင်းဇော်က ပြောသည်။

မြိတ်ခရိုင်ခရီးသွားလုပ်ငန်းသည် ၂၀၁၅ ခုနှစ် နှစ်ဆန်းပိုင်းတွင် စတင်ဆောင်ရွက်ခဲ့ကြောင်း၊ ခရီးသွားလုပ်ငန်း စတင်စဉ် မြိတ်ခရိုင်အတွင်း ဟိုတယ်နှင့် ခရီးသွားလိုင်စင်ရ ဟိုတယ်၊ တည်းခိုရိပ်သာရှစ်လုံးနှင့် ခရီးသွားကုမ္ပဏီ ခြောက်ခုသာရှိကြောင်း၊ ၂၀၁၆ ခုနှစ်တွင် ပြည်တွင်းပြည်ပ ခရီးသွားဧည့်သည် လာရောက်မှုများပြားလာကာ ဒေသခံလုပ်ငန်းရှင်များက ခရီးသွားလုပ်ငန်းနယ်ပယ်တွင် ရင်းနှီးမြှုပ်နှံရန် စိတ်ဝင်စားလာကြသည့်အတွက် ဒေသအတွင်း ဟိုတယ်နှင့် တည်းခိုရိပ်သာများ တိုးပွားလာကြောင်း ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာနမှ သိရသည်။

**ပြည်တွင်း ဧည့်သည်လာရောက်မှု**

"၂၀၁၈-၂၀၁၉ ခုနှစ် ပွင့်လင်းရာသီကာလမှာ ပြည်တွင်း ဧည့်သည်လာရောက်မှု အများဆုံးဖြစ်ခဲ့ပါတယ်။ ၂၀၁၉-၂၀၂၀ ပွင့်လင်းရာသီကာလမှာတော့ အရင်နှစ်ကစံချိန်ချိုးပြီး ဧည့်သည်လာရောက်မှု ပိုမိုများပြားလာမယ်လို့ မျှော်မှန်းထားခဲ့ပေမယ့် မထင်မှတ်ဘဲ ကိုဗစ်-၁၉ ကမ္ဘာ့ကပ်ရောဂါ ပျံ့နှံ့လာတဲ့အတွက် မြိတ်ခရိုင် ခရီးသွားလုပ်ငန်းတွေကို အခုနှစ် မတ် ၂၈ ရက်မှာ ရပ်နားခဲ့ရပါတယ်" ဟု ၎င်းက ထပ်လောင်းပြောကြားသည်။



မြိတ်ခရိုင်၌ လက်ရှိအချိန်တွင် ခရီးသွားကုမ္ပဏီ ၃၆ ခုရှိပြီး ခရီးသွားလုပ်ငန်းများတွင် ပြေးဆွဲလျက်ရှိသော Speed Boat ၄၀ ကျော်ရှိကြောင်း၊ ထို့အတူ ခရီးသွားဧည့်သည်များ ကျွန်းအပန်းဖြေခရီးလာရောက်လည်ပတ်ရာတွင် တည်းခိုနားနေနိုင်သည့် ဟိုတယ်နှင့် ခရီးသွားလိုင်စင်ရ ဟိုတယ်၊ တည်းခိုရိပ်သာ ၁၈ လုံးရှိကြောင်း ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာနမှ သိရသည်။

**ခိုင်ထူး(ပြန်/ဆက်)**

# ရန်ကုန်ပြည်သူ့ဆေးရုံကြီးတွင် ဆေးကုသမှုခံယူနေသည့် လူနာများအတွက် လူနာစောင့်တစ်ဦး လိုက်ပါစောင့်ရှောက်ခွင့်ပြုထား

**ရန်ကုန်ပြည်သူ့ဆေးရုံကြီးတွင် တက်ရောက်ဆေးကုသမှုခံယူနေသည့် လူနာများအတွက် လူနာစောင့်တစ်ဦးသာ လိုက်ပါစောင့်ရှောက်ခွင့်ပြုထားခြင်းနှင့် ပတ်သက်ပြီး ရန်ကုန်ပြည်သူ့ဆေးရုံကြီးမှ ဆေးရုံအုပ်ကြီး ဒေါက်တာမြင့်မြင့်အေးနှင့် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား သတင်းအဖွဲ့က ဆက်သွယ်မေးမြန်းထားသည်များကို ပြန်လည်ဖော်ပြလိုက်ပါသည် -**



ဒေါက်တာမြင့်မြင့်အေး
ဆေးရုံအုပ်ကြီး
ရန်ကုန်ပြည်သူ့
ဆေးရုံကြီး

**ဒေါက်တာမြင့်မြင့်အေး**
**ဆေးရုံအုပ်ကြီး**
**ရန်ကုန်ပြည်သူ့ဆေးရုံကြီး**

ကျွန်မတို့ ဆေးရုံက နဂိုကတည်းက ဆရာဝန်အင်အား၊ သူနာပြုအင်အား၊ ဝန်ထမ်းအင်အား နည်းတဲ့အတွက်ကြောင့် နဂိုကတည်းကလည်း လူနာစောင့်တွေကိုစောင့်ခွင့်ပြုခဲ့တယ်။ လူနာစောင့်ခွင့်ပြုခဲ့တယ်ဆိုတာ လူတိုင်းကို ခွင့်ပြုခဲ့တာပါ။

အခုလည်း ကိုဗစ်သံသယဖြစ်တဲ့သူလည်း ကျွန်မတို့ တစ်ယောက်တော့ စောင့်ခွင့်ပြုတယ်။ အဲဒါကလည်း ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ညွှန်ကြားချက်ရှိပါတယ်။ လူနာစောင့်က အသက် ၁၈ နှစ်ကနေ ၄၅ နှစ်ဖြစ်ရမယ်၊ ကျန်းမာသန်စွမ်းတဲ့သူ ဖြစ်ရမယ်၊ ရောဂါအခံ မရှိရဘူး။ ပြီးရင် သူကိုယ်တိုင်က ဒီမှာရောဂါကူးစက်နိုင်တာ သိရှိပါတယ်ဆိုပြီး လက်မှတ်ထိုးကာ စည်းကမ်းတွေသတ်မှတ်ပြီး စောင့်ခွင့်ပြုခဲ့ပါတယ်။ ဘာလို့လဲဆိုတော့ ကျွန်မတို့မှာ သူနာပြုအင်အားနည်းတဲ့အတွက်ကြောင့်ပါ။ ကျွန်မတို့လူမျိုးတွေက သူ့လူနာ၊ သူ့အိမ်က သားသမီး၊ သူ့မိသားစု တစ်ယောက်ရှိရင် အားရှိတာပေါ့။ ဒီလိုမဟုတ်ဘဲ တစ်ယောက်ထဲဆို သူတို့က အားငယ်တယ်။ အဲဒီလိုဟာမျိုးလည်းရှိမယ်။ ဒါကြောင့် ကျွန်မတို့က ပေးစောင့်ခဲ့ပါတယ်။

**ညှိနှိုင်းဆောင်ရွက်ပေးတာရှိ**

ဒါပေမယ့်ကျွန်မတို့ ICU လို့ခေါ်တဲ့ အထူးကြပ်မတ်ကုသဆောင်ကျတော့ တတ်နိုင်ရင်ပေးမစောင့်ဘူး။ ဒါပေမယ့် စောင့်ချင်တယ်လို့ လာပြောရင် ကျွန်မတို့က ပေးစောင့်မယ်။ နောက်ဆုံးအခြေအနေမှာ စိုးရိမ်ရတဲ့ အခြေအနေပေါ့။ ICU ထဲ လူနာရှင်တွေ စောင့်ချင်တယ်ဆိုရင် ကျွန်မတို့ ပေးစောင့်မှာပါ။ ဒါပေမယ့်လည်း ဒီလိုမျိုး အရေးကြီးလူနာတွေကို သူတို့လည်း မလုပ်တတ်ဘူး။ ဆရာဝန်၊ ဆရာမကပဲ လုပ်ပေးမှသာ သူတို့အတွက် အသက်အန္တရာယ်မရှိဘူး။ တော်ကြာ သူ့အိမ်ကလူ တစ်ခုခုလုပ်လိုက်လို့ ပြဿနာရှိသွားမှာလည်း ကြောက်တယ်ဆိုတော့ ကျွန်မတို့က စောင့်ချင်တယ်ဆိုရင် ညှိနှိုင်းပြီးဆောင်ရွက်ပေးတာရှိပါတယ်။

အခုလည်း ICU မှာ လူနာ ၂၈ ယောက်ရှိတယ်။ အဲဒီမှာ လူနာစောင့်ရှိတဲ့ ၃၊ ၄ ယောက်လည်း ရှိပါတယ်။ တချို့တွေက သူ့အိမ်ကိုက လာမစောင့်နိုင်ဘူး။ Quarantine ဝင်နေလို့၊ သူ့အိမ်မှာ စောင့်ဖို့ လူမရှိဘူးဆိုပြီး။ အခုကျွန်မတို့ အထူးကြပ်မတ်ကုသဆောင်မှာဆိုရင် ဆရာမတွေ၊ ဖော်လံတီယာတွေကနေပြီး အစားလည်း ကျွေးရတယ်။ ကျနော်တဲ့ Nursing Care အစားကျွေးတာတို့ အစစအရာရာ အကုန်လုံး ကျွန်မတို့ ဆရာဝန်၊ ဆရာမ၊ သူနာပြု၊ အလုပ်သမား၊ ဖော်လံတီယာတွေကနေ အကုန်လုံး လုပ်ပေးပါတယ်။

ကျန်တဲ့လူနာဆောင်တွေမှာ Positive လူနာဆောင်ရော၊ Negative လူနာဆောင်ရော၊ သံသယလူနာထားတဲ့ PUI လို့ခေါ်တဲ့ အဲဒီအဆောင်မှာ လူနာစောင့်က တစ်ယောက်စီ ကျွန်မတို့က ခွင့်ပြုထားပါတယ်။ ဒါပေမယ့် အခုကျွန်မတို့ ဆေးရုံမှာဖြစ်နေတာက တစ်ယောက်မက လိုက်လာကြတယ်။ အခုက COVID မဟုတ်ဘူး၊ Non-COVID တွေ နယ်တွေကလာပြီး ခါတိုင်းက ကျွန်မတို့က နှစ်ယောက်စောင့်ခိုင်းတယ်။ ထမင်းလာပို့တဲ့သူက တစ်ယောက်ဆိုတော့ သုံးယောက်လောက်ရှိတယ်။

**အခုက ဘယ်သူမှပေးမဝင်ဘူး**

အခုက ကျွန်မတို့ ဒီလိုရောဂါတွေ ကူးစက်မှာမို့လို့ လူနာတစ်ယောက်ဆိုရင် လူနာစောင့်တစ်ယောက်ပဲ စောင့်ခွင့်ပြုထားတာ ဖြစ်ပါတယ်။ အဲဒါကြောင့် လူနာစောင့်တွေက ခါတိုင်းကတော့ ဒီပင်မအဆောင်ကြီးနားက ဝရန်တာမှာ အိပ်ပြီးစောင့်နေကြပေမယ့် အခုက ကိုဗစ်ကူးစက်ရောဂါဖြစ်တဲ့အတွက် ကျွန်မတို့က ခြံစည်းရိုးခတ်ပြီး ဘယ်သူမှပေးမဝင်ဘူး။

အဲဒီအတွက် လူနာစောင့်တွေက နေစရာမရှိဘူးဆိုပြီး ဗိုလ်ချုပ်လမ်းပေါ် ရောက်နေကြတာတွေလည်း ရှိနေတာပေါ့နော်။ တကယ်မှာ တချို့လူနာတွေက ပြန်ရမှာပါ။ သူတို့ မြို့နယ်တွေကို တချို့တွေက လွှဲပြောင်းထားတဲ့ လူနာပေါ့နော်။ တစ်ပတ်ကြာရင် ပြန်လာပြ၊ နှစ်ပတ်ကြာရင် ပြန်လာပြဆိုတာပြောပေမယ့် တချို့မပြန်ဘဲနဲ့ ပြန်လာပြရင် ကားမရှိတာ။ ကြောက်တာရယ်၊ ပြန်ဖို့ကားအခက်အခဲရှိတာရယ် အဲဒါတွေကို ကျွန်မတို့က ဆေးလူမှုဆက်ဆံရေးရယ်၊ ဆေးရုံရဲ့ လုံခြုံရေးအဖွဲ့ရယ်၊ ဆေးရုံအုပ်တွေနဲ့ ပူးပေါင်းပြီး ပရဟိတကားတွေကို အကူအညီတောင်းကာ သူ့နေရပ်ပြန်ချင်တဲ့သူတွေကို ကျွန်မတို့က ပြန်ပို့ပေးတယ်။

တချို့တွေကလည်း ဟိုတုန်းက လူနာစောင့်ကြီးပဲ မဟုတ်ဘူး။ ရန်ကုန်မှာနေတဲ့ တချို့ကလည်း ဒီမှာလာနေကြတာတွေလည်းရှိတယ်။ အဲဒါတွေကို မကြာခင် ကျွန်မတို့ ဖြေရှင်းမှာပါ။ ပြည်သူလူထုကို ကျွန်မက အသိပေးချင်တာက လူနာစောင့်တစ်ယောက်ပဲ။ COVID ရော၊ Non-COVID ရော တစ်ယောက်ပဲလိုက်လာပါ။ ဘာဖြစ်လို့လဲဆိုတော့ ကိုဗစ်ဆိုရင် ကျွန်မတို့က တတ်နိုင်သလောက် ဆေးမှမဝယ်ခိုင်းတာ၊ အကုန်ပေးတယ်ဆိုတော့ လူနာစောင့်မရှိလည်းရတယ်။ တစ်ယောက်ရှိရင် တော်ပြီ။

အခုဟာက တစ်အိမ်လုံး လိုက်လာတယ်။ အရှေ့မှာ ထိုင်စောင့်နေတယ်။ အခု ဆေးလူမှုဆက်ဆံရေးနဲ့ စာရင်းတော့ ကောက်ခိုင်းနေတယ်။ လူနာစောင့်က ၂၂ ယောက်ပဲရှိရမှာ အခုက ၆၀ လောက်ရှိတယ်။

**ထက်လျှံ**

# ရန်ကုန်မြို့၏ ပထမဆုံး နိုင်ငံတကာအဆင့်မီ မြေအောက်လျှောက်လမ်းဥမင် ဇန်နဝါရီလပြီးစီးရန် ဆောင်ရွက်မည်

**ရန်ကုန် နိုဝင်ဘာ ၂၇**

ရန်ကုန်မြို့ စိုက်ပျိုးရေးမှတ်တိုင်အနီး ဖောက်လုပ်နေသော နိုင်ငံတကာအဆင့်မီ ဖြတ်ကူးမြေအောက်လျှောက်လမ်းဥမင် တည်ဆောက်ရေးစီမံကိန်းကို ၂၀၂၁ ခုနှစ် ဇန်နဝါရီလကုန်ပိုင်း အပြီးဖောက်လုပ်နိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ အဆောက်အအုံဆိုင်ရာလုပ်ငန်းတာဝန်ခံအဖွဲ့မှ သိရသည်။

ယင်းစီမံကိန်းကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီအင်ဂျင်နီယာဌာန(လမ်း/တံတား)မှ အင်ဂျင်နီယာများ၊ ပြင်ပအင်ဂျင်နီယာများ၊ ရန်ကုန်နည်းပညာတက္ကသိုလ်များ၊ မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီ၊ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းနှင့် အကြံပေးအဖွဲ့အစည်းများ၊ နိုင်ငံတကာအရည်အသွေး စံချိန်စံညွှန်းသတ်မှတ်ရေးအဖွဲ့များနှင့် ဆောက်လုပ်ရေးလုပ်သားများ ပူးပေါင်းဆောင်ရွက်နေခြင်းဖြစ်သည်။



"ကိုဗစ်-၁၉ ရောဂါကာလလည်းဖြစ်တော့ အဆိုင်းတွေနဲ့ခွဲလုပ်နေတဲ့နေရာမှာ လုပ်အားလျှော့ထားတာတွေလည်းရှိတယ်။ ညဆိုင်းတွေကို ရပ်ထားတာတွေရှိတယ်။ မြေအောက်မှာ ဆက်သွယ်မြှုပ်နှံထားတဲ့ ကေဘယ်လ်ကြိုးတွေရှင်းလင်းရတဲ့အပိုင်းတွေလည်းရှိတော့ တည်ဆောက်ရေးက အခက်အခဲအနည်းငယ်ရှိခဲ့တယ်။ ၈၅ ရာခိုင်နှုန်းကျော် ပြီးလာပြီ။ ၂၀၂၁ ခုနှစ် ဇန်နဝါရီလကုန်ပိုင်းလောက်ပြီးဖို့ ဆောင်ရွက်နေပါတယ်။ ဒီထက်စောပြီး ပြီးရင်လည်းပြီးသွားနိုင်ပါတယ်"ဟု ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဝင် အဆောက်အအုံဆိုင်ရာ လုပ်ငန်းတာဝန်ခံအဖွဲ့ဥက္ကဋ္ဌ ဦးဝင်းမြင့်သန်းက ပြောကြားသည်။

သံကူကွန်ကရစ်အမျိုးအစားဖြင့် ဆောင်ရွက်နေခြင်းဖြစ်ပြီး ဝင်ပေါက်အနေဖြင့် ပြန်ကြားရေးရုံးဝင်းဘက်အခြမ်းဝင်ပေါက်၊ GGI အာမခံရုံးရှေ့နားဝင်ပေါက်နှင့် ပညာရေးတက္ကသိုလ်ဝင်းအနီး (TTC) ဝင်ပေါက်တို့ရှိပြီး ဈေးဆိုင်ခန်းများပါဝင်သော မြေအောက်လမ်းကူး လူသွားလမ်းဥမင်အမျိုးအစားဖြစ်ကြောင်း သိရသည်။

ပင်မဥမင်အမြင့် ၁၁ ပေ (၃ ဒသမ ၃၅ မီတာ)၊ ဥမင်ခန်းပွင့်အကျယ် ပေ ၄၀ (၁၂ မီတာ)၊ ပင်လယ်ရေမျက်နှာပြင်အမြင့် မီတာ ၃၀၊ မြေအောက်အနက် (ပင်မကြမ်းခင်းအထိ) ၁၅ ပေ ၃ လက်မ၊ ပင်မလူသွားလမ်း အကျယ် ၁၉ ပေ ၈ လက်မရှိကာ စုစုပေါင်း ပင်မဥမင်အလျား ၄၂၇ ပေ ၂ လက်မရှိကြောင်း၊ ဈေးဆိုင်ခန်း ၁၈ ခန်းပါဝင်ပြီး ရွေ့လျားစက်လှေကားသုံးစင်းအပြင် ရှစ်ယောက်စီးမသန်စွမ်းသူများအသုံးပြုနိုင်သည့် ဓာတ်လှေကားနှစ်စင်းပါဝင်ကြောင်း၊ ကြမ်းခင်းဧရိယာစုစုပေါင်း ၁၁၅၈၀ စတုရန်းပေကျယ်ဝန်းပြီး တစ်နာရီလျှင် လူဦးရေ ၆၀၀၀ နှုန်းဖြတ်သန်းနိုင်ကြောင်း၊ အဆိုပါစီမံကိန်းကို ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ ၏ ခွင့်ပြုချက်ဖြင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီက ငွေကျပ်သုံးဘီလီယံ အကုန်အကျခံ တည်ဆောက်နေခြင်းဖြစ်ကြောင်း သိရသည်။

ယင်းစီမံကိန်းပြီးစီးပါက ရန်ကုန်ပညာရေးတက္ကသိုလ်၊ တက္ကသိုလ်လေ့ကျင့်ရေးကျောင်း၊ ဆေးတက္ကသိုလ်ကျောင်းသားကျောင်းသူများ၊ ဆရာဆရာမများ၊ Junction Square နှင့် Times City Shopping Mall တို့သို့ နေ့စဉ်နှင့်အမျှ ကူးလူးသွားလာနေကြသော ခရီးသွားပြည်သူများ ယာဉ်အန္တရာယ်ကင်းရှင်းစွာ ကူးလူးသွားလာနိုင်မည်ဖြစ်ကြောင်း ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ အဆောက်အအုံဆိုင်ရာ လုပ်ငန်းတာဝန်ခံအဖွဲ့မှ သိရသည်။

**မြင့်မောင်**

# အလုပ်အကိုင် အခွင့်အလမ်း ၆၀၀ ဖန်တီးပေးနိုင်မည့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုလုပ်ငန်း ရန်ကုန်တိုင်းဒေသကြီးရင်းနှီးမြှုပ်နှံမှုကော်မတီ ခွင့်ပြု

**ရန်ကုန် နိုဝင်ဘာ ၂၇**

ပြည်တွင်းအလုပ်အကိုင် အခွင့်အလမ်း ၆၀၀ ဖန်တီးပေးနိုင်မည့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုလုပ်ငန်းတစ်ခုကို ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီက ခွင့်ပြုပေးခဲ့ကြောင်း သိရသည်။

ကိုဗစ်-၁၉ ရောဂါကာလတွင် ရန်ကုန်တိုင်းဒေသကြီးအတွင်း ပြည်တွင်းပြည်ပ ရင်းနှီးမြှုပ်နှံမှုများ အရှိန်အဟုန်မပျက် ဆက်လက်ခွင့်ပြုနိုင်ရေးအတွက် ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီအစည်းအဝေး(၁၉/၂၀၂၀)ကို နိုဝင်ဘာ ၂၅ ရက် နံနက် ၁၀ နာရီတွင် ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ပြုလုပ်ခဲ့ပြီး ကော်မတီအဖွဲ့ဝင်များနှင့် ရင်းနှီးမြှုပ်နှံသူလုပ်ငန်းရှင်များ ပါဝင်ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

အစည်းအဝေးတွင် ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီအနေဖြင့် စက်မှုကဏ္ဍ၌ တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုလုပ်ငန်းတစ်ခုကို အတည်ပြုပေးခဲ့ပြီး ယင်းလုပ်ငန်းမှာ CMP စနစ်ဖြင့် အဝတ်အထည်အမျိုးမျိုး ချုပ်လုပ်ခြင်းလုပ်ငန်းဖြစ်ကာ အတည်ပြုရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ၏ မတည်ငွေရင်းပမာဏအနေဖြင့် အမေရိကန်ဒေါ်လာ သုည ဒသမ ၉၀၄ သန်း ဖြစ်ကြောင်း သိရသည်။

ရန်ကုန်တိုင်းဒေသကြီးအတွင်း ရင်းနှီးမြှုပ်နှံမှုဆောင်ရွက်လိုသူများအနေဖြင့် မတည်ငွေရင်းပမာဏ အမေရိကန်ဒေါ်လာငါးသန်း (သို့မဟုတ်) ကျပ်သန်း ၆၀၀၀ အထိ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ၏ အတည်ပြုလျှောက်ထားလွှာများကို ရန်ကင်းမြို့နယ် ကမ္ဘာအေးစေတီလမ်းရှိ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံး ဖုန်း ၀၁-၆၅၈၂၆၃ သို့ ဆက်သွယ်လျှောက်ထားနိုင်ကြောင်း ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီမှ သိရသည်။

**စိုးမြင့်အောင်**

# ဒေါ်ခင်ကြည်ကြည်

## (၂၀ ဇွန်၊ ၁၉၂၁ – ၂၇ နိုဝင်ဘာ၊ ၂၀၂၀)



ဒေါ်ခင်ကြည်ကြည်ကို နိုင်ငံရေးသမား၊ သတင်းစာဆရာ၊ စာရေးဆရာကြီး (ဦး)သိန်းဖေမြင့်၏ ဇနီးအဖြစ် သိကြသူများပါတယ်။

အမှန်တော့ ဒေါ်ဒေါ် (ဒေါ်ခင်ကြည်ကြည်)က နိုင်ငံရေးသမား၊ တော်လှန်ရေးသမား၊ အယ်ဒီတာ၊ စာလည်း အနည်းအပါးရေးသူ။ နည်းနည်းပါးပါးဆိုပေမယ့် သိပ်တော့မနည်းလှ။ ဗိုလ်တထောင် ခင် ဆိုတဲ့နာမည်နဲ့ ဗိုလ်တထောင်သတင်းစာမှာ၊ ပွင့်လင်းဂျာနယ်မှာ ဆောင်းပါးတွေရေးတယ်။ ခင်ကြည်ကြည်ဆိုတဲ့နာမည်နဲ့လည်း ရွက်နုဝေမဂ္ဂဇင်း၊ ပြည်သူ့ခေတ်၊ ပြည်သူ့အရေးဂျာနယ်တို့မှာ ရေးခဲ့တယ်။ သိပ္ပံပညာနှင့် ရူပဗေဒဆိုတဲ့ ကျွန်တော်တို့ လက်လှမ်းမမှီတဲ့ စာအုပ်ထူ နှစ်အုပ်ကို ဘာသာပြန်ဆိုရေးသားဖူးတယ်။ ပြီးတော့ တက္ကသိုလ်ဆရာမ၊ ပညာရှင်စတဲ့ ဂုဏ်တွေနဲ့ ပြည့်စုံသူ၊ အဲဒီတာဝန်တွေ အလုပ်တွေကို ထမ်းဆောင်ခဲ့သူပါ။ ပြီးတော့ လွတ်လပ်ရေးမော်ကွန်းဝင် ဒုတိယဆင့်၊ နိုင်ငံ့ဂုဏ်ရည် ဒုတိယဆင့်။

ဗိုလ်ချုပ်အောင်ဆန်းရဲ့ တပ်မတော်စစ်ဦးဌာနချုပ်၊ အမျိုးသမီးတပ်ဖွဲ့မှာ ပြန်တမ်းဝင်အရာရှိ၊ အဲဒီတုန်းက ဒေါ်စောမြ(အလံနီ)က ဗိုလ်၊ ဒေါ်ခင်ကြည်ကြည်နဲ့ ဒေါ်ခင်ထားထား ညီအစ်မ၊ ဒေါ်လှရင်၊ ဒေါ်ခင်အုန်းရင် ညီအစ်မ၊ ဒေါ်ခင်ကြည်(နောင် ရဲဘော်သုံးကျိပ် ဗိုလ်ရဲထွဋ်ရဲ့ဇနီး) တို့က ဒုဗိုလ်တွေပါ။ ဖက်ဆစ်တော်လှန်ရေး လုပ်တော့ ဒေါ်ဒေါ်က သီရိကျော်ထင်တပ်ဖွဲ့၊ ဖက်ဆစ်တော်လှန်ရေး တိုင်း(၇)က ပါဝင်၊ ဗိုလ်မှူးအောင်ရဲ့ တိုင်း။

ဗမာပြည်ကွန်မြူနစ်ပါတီ ဒုတိယကွန်ဂရက်မှာ ပါတီကို ပြန်ပြီးဖွဲ့တော့ ဒေါ်ဒေါ်က ဗဟိုကော်မတီဝင် ဖြစ်လာတယ်။

အတွင်းရေးမှူး၊ ဗမာတိုင်းလုံးဆိုင်ရာ အမျိုးသမီး လွတ်လပ်ရေးအဖွဲ့ချုပ်။ အထွေထွေအတွင်းရေးမှူး၊ ဗမာနိုင်ငံအမျိုးသမီး လွတ်လပ်ရေးအဖွဲ့ချုပ်။ အထွေထွေ အတွင်းရေးမှူး၊ ဗမာနိုင်ငံ အမျိုးသမီးကွန်ဂရက်။

နောက်၊ စာပေဗိမာန်စာပြု။ ရန်ကုန်တက္ကသိုလ် ဘာသာပြန်နဲ့ စာအုပ်ထုတ်ဝေရေးဌာန စာတည်း။

ရန်ကုန်တက္ကသိုလ် ရူပဗေဒဌာနမှာ သရုပ်ပြဆရာမ။ ဂျာမန်ဘာသာ ဒီပလိုမာကို အဲဒီအချိန်က အရှေ့ဂျာမနီ လိုက်ပဇစ်မှာရှိတဲ့ ကားလ်မာ့က်စ် တက္ကသိုလ်မှာ သွားပြီးယူခဲ့တယ်။

ဗိုလ်ချုပ်အောင်ဆန်းတို့နဲ့အတူတူ အလုပ်လုပ်ခဲ့ဖူးတဲ့သူတွေ ထဲက ကျွန်တော်တို့ သိသူများထဲ နောက်ဆုံးကျန်သူက ဒေါ်ဒေါ်ပဲ ဖြစ်မယ်ထင်ပါတယ်။ ဒေါ်ဒေါ်က ကျန်ခဲ့တဲ့ ဇွန်လထဲတုန်းက အသက် ၉၉ နှစ်ပြည့်ခဲ့တာ။

၁။ ဒေါ်ခင်ကြည်ကြည်ကို ၁၉၂၁ ခုနှစ် ဇွန်လ ၂၀ ရက်မှာ ဖခင်ဖြစ်သူ ရှေ့နေကြီး မြူနီစပယ်ဥက္ကဋ္ဌ ဦးဘရှိန်၊ အမိ ဒေါ်သိန်းဟန်တို့က ဖျာပုံမြို့မှာ မွေးတယ်။ ဖျာပုံ အေဘီအမ်ကျောင်းမှာ ၇ တန်းအထိ ကျောင်းနေခဲ့၊ နောက်တော့ ရန်ကုန် ပြည်လမ်းက တီတီစီ၊ ဆရာဖြစ်သင်ကောလိပ်(နောက်တော့ ပညာရေးတက္ကသိုလ်လက်တွေ့လေ့ကျင့်ရေးကျောင်း) မှာ ၈ တန်းကနေ ၁၀ တန်းထိ ကျောင်းအိပ်ကျောင်းစား နေခဲ့ပါတယ်။ ၁၉၂၈ ခုနှစ် ဖျာပုံပြည်သူ့စာကြည့်တိုက်ကို ထူထောင်ပြီး ဖွင့်ပွဲမှာ မစ္စတာ ဖာနီဗယ်ကို မိန့်ခွန်းပြောဖို့ ဖိတ်ခဲ့တဲ့ ဖခင်ဖြစ်သူရဲ့ အသိအမြင် နိုးကြားမှု အမြင်ကျယ်မှုဟာ သမီးဖြစ်သူ ဒေါ်ခင်ကြည်ကြည်ကို ပညာရေးလမ်းကြောင်းပေါ် ပို့ခဲ့တယ်လို့ ထင်ပါတယ်။ ပြီးတော့ ဒေါ်ဒေါ်တို့ ဆယ်ကျော်သက်ကာလက ဖျာပုံနဲ့ ပတ်ဝန်းကျင်ဟာ နိုင်ငံရေးနိုးကြားတဲ့ ဒေသတွေပေါ့။ သခင်စိုးတို့ ဒီပတ်ဝန်းကျင်မှာ အခြေချနေခဲ့ကြဖူးတာ။ လေထီး ဗိုလ်အုန်းမောင်တို့၊ ဆရာဇော်ဂျီနဲ့ သူ့ညီ ဦးလှသောင်း (နောင် ဗမာပြည်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ)တို့နဲ့ နီးစပ်ခင်မင်ကြသူတွေ ဖြစ်ခဲ့ပါတယ်။

၁၉၃၇ ခုနှစ်မှာ တက္ကသိုလ်ဝင်တန်းအောင်၊ ရန်ကုန်တက္ကသိုလ် တက်။ အင်းလျားဆောင်ကို ရောက်။ ၁၉၃၉ ခုနှစ်မှာ အင်တာအောင်ပြီး ဂုဏ်ထူးတန်းတက်။ ဂုဏ်ထူးတန်း တက်နေတုန်း နောက်ဆုံးနှစ်အရောက်မှာ ၁၉၄၁ ခုနှစ် ဒီဇင်ဘာလ၊ ဒုတိယကမ္ဘာစစ်ဖြစ် ကျောင်းပိတ်လိုက်ရတော့ စာသင်တာရပ်သွားခဲ့ရ။ ကျောင်းပိတ် အိမ်ပြန်တော့ ဖျာပုံ အာရှလူငယ်မှာ ဥဩဇဗလမှူး၊ နောက်တော့ ဦးလှသောင်းရဲ့စည်းရုံးမှုနဲ့ ဖက်ဆစ်တော်လှန်ရေး လှုပ်ရှားမှုထဲကို ရောက်လာခဲ့တယ်။ ၁၉၄၆ ခုနှစ် ဖေဖော်ဝါရီ–မတ်လမှာပြုလုပ်တဲ့ ဗမာပြည် ကွန်မြူနစ်ပါတီရဲ့ ဒုတိယကွန်ဂရက်မှာ ဒေါ်ဒေါ် ဗဟိုကော်မတီအဖြစ် ရွေးကောက်ခံရတယ်။

အဲဒီနှစ် နိုဝင်ဘာမှာ ဦးသိန်းဖေမြင့်နဲ့ အိမ်ထောင်ပြုတယ်။ ၁၉၄၉ ခုနှစ်မှာ ဝန်ကြီးချုပ်ဦးနုက ဥက္ကဋ္ဌ၊ အတွင်းဝန်က ဦးသန့် တာဝန်ယူတဲ့ စာပေဗိမာန်မှာ စာပြုအဖြစ် အလုပ်ဝင်၊ အဲဒီအလုပ် လုပ်နေရင်း တက္ကသိုလ်ပြန်တက်ပြီး သိပ္ပံဘွဲ့(ဂုဏ်ထူးတန်း)ပြန်တက်။ ၁၉၅၂–၅၃ ခုနှစ်မှာ ဘီအက်စ်စီ ဘွဲ့ရပြီးနောက် ၁၉၅၄ ခုနှစ်မှာ ရန်ကုန်တက္ကသိုလ် ရူပဗေဒဌာနမှာ သရုပ်ပြဆရာမ၊ နောက် ရန်ကုန်တက္ကသိုလ်ဘာသာပြန်နဲ့ စာအုပ်ထုတ်ဝေရေးဌာန လက်ထောက်ကထိက (စာတည်း) ဘဝနဲ့ ၁၉၇၂ ခုနှစ်ကနေ ၁၉၈၁ ခုနှစ်ထိ အလုပ်လုပ်ခဲ့ပြီး အငြိမ်းစားယူခဲ့တာဖြစ်ပါတယ်။

၂။ ဒေါ်ခင်ကြည်ကြည်နဲ့ တွေ့ဆုံစကားပြောဖူးသူတိုင်း သေသေချာချာ မှတ်ချက်ချနိုင်တာကတော့ သူဟာ အင်မတန်မာသူ ဖြစ်ပါတယ်။ စကားပြောရင်လည်း မာမာ၊ ပွင့်ပွင့်လင်းလင်း ဒိုးဒိုးဒေါက်ဒေါက် ပြောတတ်သူ။ အယူအဆရေးရာမှာလည်း အင်မတန်ပြတ်ပါတယ်။ ခင်ပွန်းဖြစ်သူ ဦးသိန်းဖေမြင့်က နိုင်ငံရေးသမားဆိုတော့ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီကို လမ်းမှန်ဖြစ်ရေး ပြုပြင်ပြီး နိုင်ငံတိုးတက်ရေး ဘယ်လိုလုပ်နိုင်မလဲဆိုတာကို စဉ်းစားနေချိန်မှာ ဒေါ်ဒေါ်က ပြတ်ပြတ်ဆန့်ကျင်ခဲ့သူ ဖြစ်ပါတယ်။ ဒါတွေကို သူ့ရဲ့ ဆောင်းပါးတွေ သူနဲ့ တွေ့ဆုံမေးမြန်းခန်းတွေမှာ တွေ့ရပါတယ်။ သူဟာ လမ်းစဉ်ပါတီဟာ အာဏာရှင်စနစ်ကို ထူထောင်နေသူတွေအဖြစ် သတ်မှတ်ပြီး ဆန့်ကျင်ရပ်တည်ခဲ့သူဖြစ်ပါတယ်။

အယူအဆအတွေးအမြင် ပြတ်သားမာကျောပေမယ့် အလှအပအနုပညာကို ခံစားနားလည်သူ၊ ကိုယ်တိုင်လည်း သန့်ရှင်းကျော့မော့စွာ နေတတ်သူပါ။ ဒေါ်ဒေါ်ဟာ အသက်ကိုးဆယ်ကျော်အထိ မြင်ဖူးနေကျ အဘွားကြီးပုံစံနဲ့ မနေပါ။ စတိုင်တင်းသူလို့ ဆိုရပါမယ်။ မိသားစုနဲ့ ရင်းနှီးသူများကို ချစ်တတ်ခင်မင်တတ်သူ ဖြစ်ပါတယ်။ အင်မတန် နှစ်လိုချစ်ကြည်ဖွယ်ကောင်းတဲ့ အဒေါ် အဖွားပါပဲ။ ထို့အတူပဲ တိုင်းပြည်နဲ့ လူမျိုးကို အလွန်ချစ်သူဖြစ်လို့ တိုင်းပြည်ရန်သူတွေ၊ မုန်းရမယ့် သူတွေလို့ သတ်မှတ်ထားသူတွေကိုလည်း ခပ်တည်တည် ပြတ်ပြတ် သဘောထားသူ ဖြစ်ပါတယ်။

၃။ ဒေါ်ဒေါ်ဟာ အသက်ကိုးဆယ့်ခုနစ်နှစ်အထိ စကားအပြန်အလှန် ပြောဆိုနိုင်တုန်း၊ အဖြစ်အပျက် များစွာကို အသေးစိတ် မှတ်မိပြောပြနေနိုင်တုန်းပါ။ ဒေါ်ဒေါ်မှာ သားသမီးလေးဦးရှိပါတယ်။ ဦးဟံသာမြင့် (အတွင်းရေးမှူးအဖွဲ့ဝင်၊ ဗဟိုအလုပ်အမှုဆောင်၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်)၊ ဦးအာသာမြင့် (လက်ထောက်ကထိက၊ ရက္ခဗေဒ၊ ရန်ကုန်တက္ကသိုလ်။ ကွယ်လွန်)၊ ဒေါက်တာကြည်သာမြင့် (ပါမောက္ခ၊ ရူပဗေဒဌာန ရန်ကုန်တက္ကသိုလ်)၊ ဦးခွန်သာမြင့်(ဗိသုကာ)တို့ ဖြစ်ပါတယ်။

ခုတော့ ဒေါ်ဒေါ် မရှိတော့ပါပြီ။

၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလ ၂၇ ရက် မနက်ခင်း ၇ နာရီ ၁၅ မိနစ်မှာ ဒေါ်ဒေါ် အေးချမ်းစွာပဲ ကွယ်လွန်သွားပါတယ်။

မီးစာကုန် ဆီခန်းဆိုတာ ဒါမျိုးဖြစ်မှာပါ။ သက်တမ်းစေ့နေရတဲ့ ကုသိုလ်ကောင်းသူလို့ ဆိုရပါမယ်။ အသက်တစ်ရာတန်း၊ ပြီးတော့ အိပ်ရာထဲမှာ နေရချိန်ကလည်း များနေပြီဆိုတော့ ဒေါ်ဒေါ်ဟာ အနေ့နဲ့ အမြန်ဆိုသလို ခရီးဆက်တော့မယ်လို့ နားလည်ထားပါတယ်။

ဒါပေမယ့်၊ တကယ်တမ်းထွက်သွားတော့ လွမ်းကျန်ရစ်ရတယ်။

ဒေါ်ဒေါ့်ကို ကန်တော့လိုက်ပါတယ်။

မြန်မာ့နိုင်ငံရေးသမိုင်းရဲ့ အရေးကြီးတဲ့ကဏ္ဍတွေမှာ တတ်နိုင်သလောက် တာဝန်တွေ ယူသွားခဲ့၊ အလုပ်တွေလုပ်သွားခဲ့တဲ့ ဒေါ်ဒေါ့်ကို မြန်မာနိုင်ငံသူနိုင်ငံသားတွေက ကျေးဇူးတင်နေကြမှာပါ။

မော်လင်း

# လွိုင်လင်ခရိုင်၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ စတင်ဆောင်ရွက်

**နေပြည်တော် နိုဝင်ဘာ ၂၇**

နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ရှမ်းပြည်နယ်(တောင်ပိုင်း) လွိုင်လင်ခရိုင်တွင် ၂၀၂၀–၂၀၂၁ ဘဏ္ဍာနှစ်အတွင်း ပြည်ထောင်စုခွင့်ပြုရန်ပုံငွေဖြင့် အကောင်အထည်ဖော်ဆောင်ရွက်မည့် လွိုင်လင်မြို့နယ် ပင်လုံမြို့မှ ကိုးနဝင်းစေတီတော်မြတ်ကြီး အနီးရှိ ဆပောင်းကျေးရွာအုပ်စု နောင်ပန်ပိန်းကျေးရွာ၊ ဟဲနန်းကျေးရွာအုပ်စု ကာဖီနှင့် ကျူဖော်ကျေးရွာတို့တွင် လျှပ်စစ်မီးသွယ်တန်းခြင်းလုပ်ငန်းများ စတင်ဆောင်ရွက်နေမှုအခြေအနေများကို အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ လွိုင်လင်ခရိုင် ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးမှ တာဝန်ရှိသူများ၊ အမှတ်(၂) ဝန်တင်တပ်ရင်း(ပင်လုံမြို့) တပ်ရင်းမှူး၊ ပအိုဝ်းအမျိုးသားအဖွဲ့ချုပ်(PNO)မှ တာဝန်ရှိသူများက ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့သည်။

အဆိုပါ ကျေးရွာများသို့ လျှပ်စစ်မီးသွယ်တန်းနိုင်ရေးအတွက် ပင်လုံမြို့မှ ကိုးနဝင်းစေတီတော်မြတ်ကြီးအထိ ၂၀၁၉–၂၀၂၀ ဘဏ္ဍာနှစ်တွင် ၁၁ ကေဗွီအေခတ်အားလိုင်း ၅ ဒသမ ၄ မိုင် လျှပ်စစ်မီး သွယ်တန်းတပ်ဆင်ပေးခဲ့ပြီး ယခု ၂၀၂၀–၂၀၂၁ ဘဏ္ဍာနှစ်တွင် ၎င်းခတ်အားလိုင်းမှတစ်ဆင့် အနီးဝန်းကျင်ကျေးရွာ သုံးရွာအတွက် လျှပ်စစ်မီးရရှိနိုင်ရေး ၁၁ ကေဗွီအေခတ်အားလိုင်း ၁ ဒသမ ၁၈ မိုင် ထပ်မံအကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

လွိုင်လင်ခရိုင်အတွင်း ၂၀၂၀–၂၀၂၁ ဘဏ္ဍာနှစ်တွင် နယ်စပ်ဒေသဖွံ့ဖြိုးရေး ပြည်ထောင်စု ခွင့်ပြုရန်ပုံငွေကျပ် ၉၁၂ ဒသမ ၈၃၃ သန်းဖြင့် ကျောက်ဖြူနီးလမ်း တစ်လမ်း၊ ကျောက်လမ်း သုံးလမ်း၊ လျှပ်စစ်မီး သွယ်တန်းခြင်းလုပ်ငန်းတစ်ခု စုစုပေါင်းလုပ်ငန်းငါးခုကို အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် အဆိုပါ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ပေးခြင်းအားဖြင့် ကျေးရွာဒေသခံပြည်သူများ လမ်းပန်းဆက်သွယ်ရေး ပိုမိုကောင်းမွန်လာမည်ဖြစ်ပြီး ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေးနှင့် လူနေမှုဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း သိရသည်။

ငွေကြယ်

# တောင်သာမြို့နယ်၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ လေးနှစ်ဆက်တိုက် ဆောင်ရွက်မည်

**မန္တလေး နိုဝင်ဘာ ၂၇**

မန္တလေးတိုင်းဒေသကြီး ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြင်းခြံခရိုင် တောင်သာမြို့နယ်အတွင်းရှိ ကျေးရွာများတွင် လူထုဗဟိုပြု စီမံကိန်းဖြင့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ယခုဘဏ္ဍာနှစ်မှ စတင်၍ လေးနှစ်ဆက်တိုက် အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**ဆောင်ရွက်ပေးမည်**

အဆိုပါ လူထုဗဟိုပြုစီမံကိန်းဖြင့် တောင်သာမြို့နယ်အတွင်းရှိ ကျေးရွာအုပ်စု ၇၇ အုပ်စု၊ ကျေးရွာပေါင်း ၂၄၃ ရွာတွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် ကမ္ဘာ့ဘဏ်တို့ ပူးပေါင်း၍ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများဖြစ်သည့် လမ်း၊ တံတား၊ ရေရရှိရေး၊ မီးလင်းရေး၊ ပညာရေး၊ ကျန်းမာရေးလိုအပ်ချက်များကို ယခု ဘဏ္ဍာနှစ်တွင် စတင်ဆောင်ရွက်မည်ဖြစ်ပြီး လေးနှစ်တာကာလအတွင်း ကျေးလက်နေပြည်သူများအတွက် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း မန္တလေးတိုင်းဒေသကြီး ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးစိုးသန်းက ပြောသည်။



"လူထုဗဟိုပြု စီမံကိန်းအသစ်လုပ်ဆောင်ဖို့အတွက် ယမန်နေ့ နံနက်ပိုင်းမှာ မိတ်ဆက်ရှင်းလင်းပွဲကို ဗီဒီယိုကွန်ဖရင့်စနစ်နဲ့ ပြုလုပ်ပါတယ်။ စီမံကိန်းမှာပါဝင်မယ့် အကြောင်းအရာတွေကို သိရှိအောင်လို့ လုပ်ဆောင်ပေးတာပါ။ ဒီလူထုဗဟိုပြုစီမံကိန်းနဲ့ တိုင်းဒေသကြီး အတွင်းမှာဆိုရင် ငါးမြို့နယ်ကို ဆောင်ရွက်ပြီးပါပြီ။ ယခုဘဏ္ဍာနှစ်မှာ စတင်လုပ်ဆောင်မယ့် တောင်သာမြို့နယ်နဲ့ဆိုရင် ခြောက်မြို့နယ် ဖြစ်သွားမှာပါ။ ဒီစီမံကိန်းဟာ ကျေးရွာအုပ်စုရဲ့ လူဦးရေပေါ်မူတည်ပြီး ထောက်ပံ့မှုပေးတာပါ။ တစ်အုပ်စုနဲ့ တစ်အုပ်စုက မတူပါဘူး။ လူဦးရေ ၁၅၀၀ အောက်ဆိုရင် တစ်နှစ်ကို စီမံကိန်းထောက်ပံ့ငွေ ၂၄ သန်းရမယ်။ လူဦးရေ ၁၃၀၀၀ အထက်ဆိုရင် တစ်နှစ်စီမံကိန်းထောက်ပံ့ငွေကျပ် သန်း ၂၂၀ ရမှာပါ။ ဒီနေ့ မိတ်ဆက်ပွဲပြီးရင်တော့ ဒေသထဲက ဘွဲ့ရတွေကို ယာယီဝန်ထမ်းတွေအဖြစ် ခန့်ပြီး ရွာတွေကို ကွင်းဆင်းမယ်။ ကျေးရွာတွေမှာ ကော်မတီတွေ ဖွဲ့စည်း ပေးမယ်။ ကျေးရွာတွေအလိုက် လိုအပ်ချက်တွေကို စီမံကိန်းအတွင်းမှာ ဆောင်ရွက်ပေးသွားမှာပါ" ဟု ၎င်းက ဆက်လက်ပြောပြသည်။

အဆိုပါ လူထုဗဟိုပြုစီမံကိန်းကို ၂၀၁၄–၂၀၁၅ ဘဏ္ဍာနှစ်မှစတင်၍ ကမ္ဘာ့ဘဏ်၏ ထောက်ပံ့ကူညီမှုများဖြင့် စတင်ဆောင်ရွက်ခဲ့ပြီး တိုင်းဒေသကြီးအတွင်း အဆိုပါ စီမံကိန်း ဆောင်ရွက်ပြီးစီးခဲ့သည့် မြို့နယ်ငါးမြို့နယ်မှာ ညောင်ဦး၊ ငါန်းဇွန်၊ နွားထိုးကြီး၊ ပျော်ဘွယ်နှင့် ရမည်းသင်းမြို့နယ်တို့ ဖြစ်သည်။ ယင်းမြို့နယ်များတွင် မြို့နယ်လုံးကျွတ် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

မင်းထက်အောင်(မန်းကိုယ်ပွား)

## မြန်မာပြည်တွင် ပထမဦးဆုံး တရားဝင် "လိုင်စင်ရ" ( LPG - Auto Gas )ကို မော်တော်ကားများ၌ ထည့်သွင်းရောင်းချနေပါကြောင်း ကြေညာခြင်း

၁။ ရေနံဓာတ်ငွေ့ရည်အရောင်းဆိုင်(တောင်ဥက္ကလာ)တွင် ရေနံဓာတ်ငွေ့ရည် (LPG)ကို မော်တော်ကားများ၌ တရားဝင် ထည့်သွင်းရောင်းချရန် လိုင်စင်ကို မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်းမှ ငှားရမ်း၍ အကျိုးတူ ပူးပေါင်းဆောင်ရွက်နေသော ရတနာစုကုမ္ပဏီမှ ရရှိပါသည်။

၂။ ရေနံဓာတ်ငွေ့ရည်အရောင်းဆိုင်(တောင်ဥက္ကလာ)တွင် (၁-၁၂-၂၀၂၀)ရက်နေ့မှ စတင်၍ ရေနံဓာတ်ငွေ့ရည် (ဗြူတိန်း)ကို မော်တော်ကားများ၌ ထည့်သွင်း အသုံးပြုနိုင်ရန်အတွက် (ပြင်ပပေါက်ဈေးထက် သက်သက်သောဈေးနှုန်းဖြင့်) ရောင်းချပေးသွားမည် ဖြစ်ပါသည်။

၃။ ပုံမှန် ဝယ်ယူသုံးစွဲနေသော ပြည်သူများ အဆင်ပြေစေရန်အတွက် လုပ်ငန်းသုံးရေနံဓာတ်ငွေ့ရည်(ပရိုပိန်း) နှင့် အိမ်သုံးရေနံဓာတ်ငွေ့ရည်(ဗြူတိန်း)တို့ကို (ပြင်ပပေါက်ဈေးထက် သက်သာသောဈေးနှုန်းဖြင့်) ဆက်လက် ရောင်းချပေးသွားမည် ဖြစ်ပါသည်။

၄။ တနင်္လာနေ့မှ စနေနေ့အထိ (နံနက် ၈:၀၀ နာရီ မှ ညနေ ၄:၀၀ နာရီ အထိ) အရောင်းဆိုင် ဖွင့်လှစ်ရောင်းချပေးမည် ဖြစ်ပါသည်။ တနင်္ဂနွေနေ့နှင့် အများပြည်သူရုံးပိတ်ရက်များတွင် အရောင်းဆိုင် ပိတ်ပါသည်။

ရေနံဓာတ်ငွေ့ရည်အရောင်းဆိုင်(တောင်ဥက္ကလာ)
သစ္စာလမ်းမကြီးနှင့် သုမင်္ဂလာလမ်းထောင့် ၊ တောင်ဥက္ကလာပမြို့နယ်
ဖုန်းနံပါတ် ၊ ၀၉ - ၄၀၀ ၈၀၀ ၇၇၃ ၊ ၀၉ - ၄၀၀ ၈၀၀ ၇၇၄

**ရတနာစုကုမ္ပဏီလီမိတက်**

## အစုရှယ်ယာ မတည်ငွေရင်း လျှော့ချမည်ဖြစ်ကြောင်း ကြေညာခြင်း

Myint Myat Thu Aung Gems Co.,Ltd၏ အထူးအစည်းအဝေးဆုံးဖြတ်ချက်အရ အစုရှယ်ယာများအား တစ်စုလျှင်ကျပ်(၁၀,၀၀၀)တန် (၅၀၀၀)စုမှ တစ်စုလျှင် ကျပ်(၁၀,၀၀၀)တန် (၅၀၀)စုသို့ လျှော့ချသွားမည်ဖြစ်ကြောင်း အစုရှယ်ယာရှင်များနှင့် အများသိစေရန် ကြေညာအပ်ပါသည်။

**အစုရှယ်ယာရှင်များ**
**Myint Myat Thu Aung Gems Co.,Ltd**

## "ဒဂုံမြို့သစ်မြေကွက်များဝယ်ယူလိုသည်"

* ဒဂုံဆိပ်ကမ်း(၅၉၊ ၆၀၊ ၆၁၊ ၆၈၊ ၆၉၊ ၇၇၊ ၇၈၊ ၇၉၊ ၈၀၊ ၈၂၊ ၈၄၊ ၈၅) ရပ်ကွက်
* ဒဂုံအရှေ့ပိုင်း($UE_1$ ၊ ၁၀၊ ၁၄၊ ၁၅၊ ၁၀၈၊ ၁၁၇၊ ၁၁၈၊ ၁၁၉၊ ၁၂၀၊ ၁၂၂) ရပ်ကွက်
* တ/ဒဂုံ (၁၄၅၊ ၁၄၆၊ ၁၄၇၊ ၁၅၂၊ ၁၅၃၊ ၁၅၄၊ ၁၄၉)နှင့် မ/ဒဂုံ ၄၈ $U_9$ $U_{10}$ မြေကွက်များ

Ph-09-425015277, 09-798891857, (မြတ်တော်ဝင်)

## လက်ထပ်ထိမ်းမြားပြီးစီးခြင်း

ရန်ကုန်မြို့၊ ပန်းဘဲတန်းမြို့နယ်နေ ဦးကျော်ဝင်း-ဒေါ်အေးအေးတို့၏သားထွေး

**ဒေါက်တာချစ်ညီကျော်ဝင်း**

**(M.B.,B.S, MRCSEd, M.Med.Sc (Cardiovascular Surgery)**

**(အထူးကုလက်ထောက်ဆရာဝန်၊ နှလုံးနှင့်သွေးကြောခွဲစိတ်ဆောင်၊ ရန်ကုန်ပြည်သူ့ဆေးရုံကြီး)**

နှင့်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်နေ ဦးမောင်မောင်-ဒေါ်ခင်ဆွေတို့၏သမီးထွေး

**ဒေါက်တာဆွေဇင်စုမောင်မောင်**

**(M.B.,B.S, M.Med.Sc)(Internal Medicine)**

**(အထူးကုလက်ထောက်ဆရာဝန်၊ ဆေးကုသဆောင် ၁၇+၁၈၊ ရန်ကုန်ပြည်သူ့ဆေးရုံကြီး)**

တို့သည် ၂၃-၁၁-၂၀၂၀ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော်တွင် လက်မှတ်ရေးထိုး၍ လက်ထပ်ထိမ်းမြားပြီးစီးကြောင်း။

ဒေါက်တာချစ်ညီကျော်ဝင်း-ဒေါက်တာဆွေဇင်စုမောင်မောင်

**DKY ပုဂ္ဂလိက**
**ဘိုးဘွားပြုစုရေးစင်တာမှ**
**ဘိုးဘွားများကို**
**လက်ခံပြုစုပေးနေပါသည်။**
**ဖုန်း-၀၉-၇၇၁၂၀၄၇၀၄**

**GW**
0973226006
0973133528
0973077569
အိမ်ပြောင်း၊အိမ်ရွှေ့လုပ်ငန်း
ကားများနှင့်လုပ်သားအပါ
ဝန်ဆောင်မှုပေးသည်။
၇၅၊မြေညီထပ်၊မင်္ဂလာလမ်း
စမ်းချောင်း 09401505559
253260110

## လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန
## မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်းလက်အောက်ရှိ အမှတ်(၂)ရေနံချက်စက်ရုံ (ချောက်)မှ ရေနံချေး ၂၃၇,၇၂၀ ဂါလန် (ဂါလန်နှစ်သိန်းသုံးသောင်းခုနစ်ထောင်ခုနစ်ရာနှစ်ဆယ်တိတိ)အား ၂၈-၁၂-၂၀၂၀ရက် ၁၃:၀၀နာရီတွင် တင်ဒါပိတ်ပြီး ယင်းနေ့ ၁၄:၀၀ နာရီတွင် တင်ဒါဖွင့်လှစ်၍လည်းကောင်း၊ ရေနံဓာတုဗေဒစက်ရုံစု (သံပုရာကန်)မှ ရေနံမီးသွေး ၁၀၀၀ မက်ထရစ်တန် (မက်ထရစ်တန်တစ်ထောင်တိတိ)အား ၂၁-၁-၂၀၂၁ ရက်၊ ၁၃:၀၀ နာရီတွင် တင်ဒါပိတ်ပြီး ယင်းနေ့ ၁၄:၀၀ နာရီတွင် တင်ဒါဖွင့်လှစ်၍လည်းကောင်း ရောင်းချမည်ဖြစ်ပါကြောင်း မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း၊ ရုံးအမှတ် (၄၄)၊ နေပြည်တော်တွင် အဆိုပြုလွှာတင်သွင်းနိုင်ပါရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ တင်ဒါပုံစံနှင့် တင်ဒါစည်းကမ်းချက်များအား (၁)လကြိုတင်၍ ဤလုပ်ငန်းရုံးချုပ် (ဘဏ္ဍာရေးဌာန)တွင် ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။

၃။ အသေးစိတ်သိရှိလိုပါက မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း၊ ကုန်ထုတ်လုပ်မှုဌာန၊ ဖုန်း ၀၆၇-၃၄၁၁၀၈၂ သို့ ရုံးချိန်အတွင်း ဆက်သွယ်၍ မေးမြန်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**

## ဖျံ-၅-ကောင်

အမှတ်တံဆိပ်

ကြော်ငြာခွင့်ပြုချက်အမှတ်
တဆတက(စာနယ်ဇင်း) ၂၁၄/၀၆၁၈

**ဆီးချို-သွေးချိုကျဆေးနှင့် သွေးတိုးကျဆေးကို**

ရန်ကုန်မြို့၊ မန္တလေးနှင့် တောင်ကြီးမြို့ရှိ မြန်မာဆေးအရောင်းဆိုင်ကြီးများမှ တဆင့် တစ်ပြည်လုံးသို့ ဖြန့်ချိလိုက်ပါပြီ။

**ပင်ရင်း - ဒေါက်တာစိုးမြင့်အောင်(ဝါးခယ်မ)**
**Ph.D (Alternative Medicines)**

ဖျံ-၅-ကောင် တိုင်းရင်းဆေးခန်း။ အမှတ်-၁၃၉(မြေညီထပ်)၊ ၄၂ လမ်း။ ပိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း- 01- 838 0175 / 839 2594









## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊ စက်မှုဇုန်(၁) ဦးအုန်းညွှန့်လမ်းသွယ်၊ အမှတ်(၆၉)တည်ရှိရာ ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-စက်မှုဇုန်-၁၊ မြေကွက်အမှတ်-၆၉၊ ဧရိယာ (၀.၈၀၄)ဧက၊ စတုရန်းပေ(၃၈၄၂၂)ရှိ နှစ်(၆၀)မြေငှားဂရန်မြေကွက်ကို (၁) ဦးတင်နိုင် (၁၂/လမန(နိုင်)၀၂၈၆၁၃)၊ (၂) ဦးတူတင် (၁၂/လမန(နိုင်) ၀၈၀၀၈၆)၊ (၃) ဦးမင်းအောင် (၁/RGN -၀၅၇၈၆၀) (ရောင်းသူ)တို့မှ ပူးတွဲအမည်ပေါက်ပြီး ရောင်းသူ ဦးမြင့်အောင် (၁) ဦးမင်းအောင်(၁) အငှားရာဝန်ရှင် (၁/RGN -၀၅၇၈၆၀) (၁၂/ဗဟန (နိုင်)၀၅၇၃၂၂)သည် အမွေဆက်ခံပိုင်ဆိုင်ကြောင်း ကြေညာစာချုပ်အမှတ် (၅၈၃၁/၂၀၁၉) အပြီးအပိုင်စွန့်လွှတ်ခြင်းစာချုပ်အမှတ် (၅၈၃၂/၂၀၁၉) တို့အရ ဖော်ပြပါမြေနှင့်မြေပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၏ အမည်ပေါက်လွှဲပြောင်းခြင်းမှတ်တမ်းတွင် တစ်ဦးတည်း တရားဝင်အမည်ပေါက် ပိုင်ဆိုင်၍ ယင်းမြေကွက်ပေါ်ရှိ ဆောက်လုပ်ထားသောအဆောက်အဦတစ်လုံးနှင့် အဆောက်အဦအဆောက်အအုံ တစ်လုံးတို့ကို တစ်ဦးတည်းပိုင်ဆိုင်ပါသည်။

ဦးမြင့်အောင်(၁) ဦးမင်းအောင်(၁) အငှားရာဝန်ရှင်က မြေနှင့်မြေပေါ်ရှိ အဆောက်အဦများအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို မိမိတစ်ဦးတည်းသာ တရားဝင်ပိုင်ဆိုင်ကြောင်း၊ စီမံခန့်ခွဲပြောင်း ရောင်းချပိုင်ခွင့်ရှိကြောင်း၊ အမွေစားအမွေခံနှင့်တကွ ပိုင်ဆိုင်မှု အငြင်းပွား ကင်းရှင်းကြောင်း၊ အရောင်းအဝယ် မပြုလုပ်ရသေးကြောင်း၊ ချုပ်နှောင်ပေးမည်မဟုတ်ကြောင်း၊ ဝယ်သူမှ တရားဝင် ဂရန်အမည်ပေါက် ပိုင်ဆိုင်မှု ရှိမည်ဖြစ်ကြောင်း၊ ဝယ်သူသို့ လက်ရောက်ပေးအပ်မည်ဖြစ်ကြောင်း ဝန်ခံကတိပြု၍ ရောင်းရာတွင် ကျွန်ုပ်၏အမှုသည်က ဝယ်ယူရန် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ရောင်းသူသို့ စရံငွေအဖြစ် ပေးချေပြီး ဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်အား ကန့်ကွက် လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသော တရားဝင် ပိုင်ဆိုင်မှုစာချုပ်စာတမ်း အထောက်အထားမူရင်းများဖြင့် ကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက် သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ -
**ဒေါ်စန္ဒာသိန်း (LL.B, D.B.L)**
တရားလွှတ်တော်ရှေ့နေ (စဉ်-၈၈၆၈)
တိုက်-၉/၁၀၊ အခန်း(၂၀၂/ဘေ)၊ ဗုဒ္ဓယာထပ်၊
၃၆-လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်မြို့၊ ဒေါပုံမြို့နယ်၊ ကြည်စုရပ်ကွက်၊ ရတနာသိဒ္ဓိလမ်း၊ တိုက်အမှတ်(၁၅၉)၊ အခန်းအမှတ်(B-1)၊ မြေညီထပ်ခြေရင်းခန်းအား ပိုင်ဆိုင်သော ဒေါ်ယဉ်ယဉ်လှဲ[၁၂/သကတ(နိုင်)၁၂၇၂၉၃]ထံမှ ကျွန်ုပ် ဦးခင်မောင်ဝင်း[၁၂/အလန(နိုင်)၀၀၅၁၄၈]က ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေပြီး ဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်အား ကန့်ကွက်လိုသူ မည်သူမဆို ခိုင်မာသောစာရွက်စာတမ်းများဖြင့် ကျွန်ုပ်ထံသို့ ဤကြေညာပါသည့်နေ့မှ (၇)ရက်အတွင်း ဆက်သွယ်၍ ကန့်ကွက်နိုင်ကြောင်း ကြေညာအပ်ပါသည်။

**ဦးခင်မောင်ဝင်း**
**ဖုန်း-၀၉-၉၇၃၅၆၂၃၃၀**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်(၉)၊ လူနေရပ်ကွက်(၉)၊ တောင်ညိုလမ်း၊ မြေကွက်အမှတ်(၆၀၃)၊ အကျယ်အဝန်း ပေ(၄၂x၆၀)ရှိ ဦးအောင်ငြိမ်း အမည်ပေါက် နှစ်(၆၀)ဂရန်မြေကွက်အနက်မှ (ဂရန်မူရင်း) ခေါင်းရင်းခြမ်း ပေ(၂၂x၆၀)ရှိ မြေကွက်နှင့် အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်သိမ့်သိမ့်စု[၁၂/သဃက(နိုင်)၁၆၃၁၄၀]ထံမှ ကျွန်ုပ် ဦးလင်းအောင်[၁၂/သဃက(နိုင်)၀၀၂၃၆၈]က ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီး ဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ စာရွက်စာတမ်း အထောက်အထားမူရင်းများ ဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက် ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးလင်းအောင်**
**[၁၂/သဃက(နိုင်)၀၀၂၃၆၈]**
**အမှတ်(၁၇၈/၃)၊ ကောက်လျှင်လမ်း၊ (၂၉)ရပ်ကွက်၊ သုဝဏ္ဏ၊ သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၇၈၉၆၄၂၅၉**

## မြေရောင်းမည် ပိုင်ရှင်ကိုယ်တိုင်

ပြည်လမ်းမ မျက်နှာစာတန်း ၅ ဧက x ဒသမ ၃၀ ဆေးရုံ၊ ကျောင်း၊ အထည်ချုပ် အထူးသင့်လျော်သည်။

**ရောင်းဈေး သိန်း ၈၅၀၀**

ရန်ကုန်မြို့(၁၄)မိုင် အတွင်းလမ်းမတန်း မီးလိုင်းအောက်ရှိ အခြားနည်းဖြင့် အသုံးပြုခွင့်လျှောက်ထားနိုင်သော ဂျီမြေ(၉)ဧက၊ (၂၄)ဧက၊ (၂၂)ဧက

**မှတ်ချက်။ ။ (လယ်ဥယျာဉ်မဟုတ်ပါ)**

မော်ဘီ မြောင်းတကာ ကွဲကူး ကွက်သစ် ပေ ၁၂၀ x ၁၈၀ခန့်၊ ပေ၄၀ x ၇၀ခန့် (၂ကွက်)

**ဆက်သွယ်ရန် ဖုန်း-၀၁-၆၂၀၅၂၃၊ ၀၉-၄၂၉၅၈၈၄၆၄**

## သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

ကျွန်ုပ်၏မိတ်ဆွေ ဦးကျော်လှ(၁၂/တတန(နိုင်)၀၅၂၈၈၆)၊ ဒေါ်သန်းသန်း(၁၂/တတန(နိုင်)၀၉၁၀၈၃)ကိုင်ဆောင်ကြသော ဒလမြို့၊ တာကြီးရပ်ကွက်၊ မြို့ပတ်လမ်းတွင် နေထိုင်သူ၏ သားဖြစ်သူ မောင်သန်းကျော်ဦး(၁၂/တတန(နိုင်)၁၃၆၈၆၁)ကိုင်ဆောင်သူသည် မိဘများ၏ဆုံးမမှုများကို အကြိမ်ကြိမ်နာခံမှုမရှိဘဲ လူမှုရေးချွတ်ယွင်းမှုများကို မိမိသဘောဖြင့် ပြုမူဆောင်ရွက်ခြင်း၊ စိတ်ဆင်းရဲအောင် အမြဲပြုလုပ်နေသောကြောင့် ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ် အပြီးအပိုင် စွန့်လွှတ်လိုက်ပါသည်။ ၎င်း နှင့်ပတ်သက်သည့် ကိစ္စအဝဝသည် မိဘဖြစ်သူ သားသမီးများနှင့် လုံးဝသက်ဆိုင်မှု မရှိကြောင်းနှင့် တာဝန်ယူ ဖြေရှင်းပေးမည် မဟုတ်ကြောင်း ကြေငြာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်သင်းသင်းအေး
အထက်တန်းရှေ့နေ(စဉ်-၄၁၀၉၅)
အမှတ်(-)၊ ဗိုလ်တောက်လမ်း၊ တာကြီးရပ်ကွက်၊ ဒလမြို့။ ၀၉-၇၉၉၃၀၆၄၀၃

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**

### သီရိသုဓမ္မသိင်္ဂီ ဒေါ်ရွှေသက်

**အသက်(၈၆)နှစ်**

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ရွှေတောင်ကြား(၁)လမ်း၊ အမှတ်(၉၀-L)နေ [ဗိုလ်မှူးချုပ်သီရိပျံချီ လွန်းမောင် (ဝန်ကြီးချုပ်ရုံးဝန်ကြီး-ငြိမ်း)]၏ဇနီး၊ ဒုတိယဗိုလ်ချုပ်ကြီးစိုးထွန်း(ပြည်ထဲရေးဝန်ကြီး)- ဒေါ်နီလာစိန်တို့၏ ချစ်လှစွာသောမိခင် ဒေါ်ရွှေသက်သည် ၂၆-၁၁-၂၀၂၀ (ကြာသပတေးနေ့)မွန်းလွဲ ၁:၁၅ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ရေကြောင်းရဲတပ်ဖွဲ့မှူးနှင့်ဇနီး
တပ်ဖွဲ့ဝင်မိသားစုများ

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ စေတီ၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**

### သီရိသုဓမ္မသိင်္ဂီ ဒေါ်ရွှေသက်

**အသက်(၈၆)နှစ်**

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ရွှေတောင်ကြား(၁)ရပ်ကွက်၊ ရွှေတောင်ကြား(၁)လမ်း၊ အမှတ်၉၀ (L)နေ (ဦးတင်-ဒေါ်လှ)တို့၏သမီး၊ (ဝန်ကြီးချုပ်ရုံးဝန်ကြီး၊ ဗိုလ်မှူးချုပ်သီရိပျံချီလွန်းမောင်)၏ ဇနီး၊ ပြည်ထဲရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိုးထွန်း- ဒေါ်နီလာစိန်၊ ဦးမျိုးလွင်- ဒေါ်ခင်မိုးမိုးထွန်း၊ ဦးဆန်းလွင် (မဟာမြိုင်ဆေးရုံဒါရိုက်တာ)-ဒေါ်ခင်မာအေး၊ ဦးညာဏ်မြင့်စိုး-ဒေါ်ဆွေမျိုးချစ်၊ ဦးဖုန်းကျော်စိုး(မဟာမြိုင်ဆေးရုံဒါရိုက်တာ)-ဒေါ်ပပသင်း၊ (ဦးအောင်ကိုကိုဦး)-ဒေါ်ခင်သက်နွယ်၊ ဒေါ်ခိုင်ခိုင်ထွန်းတို့၏ ကျေးဇူးရှင် မိခင်ကြီးဒေါ်ရွှေသက်သည် ၂၆-၁၁-၂၀၂၀ (ကြာသပတေးနေ့) မွန်းလွဲ ၁:၁၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ဦးကိုကိုကျော်(မဟာမြိုင်ဆေးရုံဒါရိုက်တာ)-ဒေါ်ဝါဝါအောင်မိသားစု

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ စေတီ၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**

### သီရိသုဓမ္မသိင်္ဂီ ဒေါ်ရွှေသက်

**အသက်(၈၆)နှစ်**

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ရွှေတောင်ကြား(၁)ရပ်ကွက်၊ ရွှေတောင်ကြား(၁)လမ်း၊ အမှတ်၉၀ (L)နေ (ဦးတင်-ဒေါ်လှ)တို့၏သမီး၊ (ဝန်ကြီးချုပ်ရုံးဝန်ကြီး၊ ဗိုလ်မှူးချုပ်သီရိပျံချီလွန်းမောင်)၏ ဇနီး၊ ပြည်ထဲရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိုးထွန်း- ဒေါ်နီလာစိန်၊ ဦးမျိုးလွင်- ဒေါ်ခင်မိုးမိုးထွန်း၊ ဦးဆန်းလွင် (မဟာမြိုင်ဆေးရုံဒါရိုက်တာ)-ဒေါ်ခင်မာအေး၊ ဦးညာဏ်မြင့်စိုး-ဒေါ်ဆွေမျိုးချစ်၊ ဦးဖုန်းကျော်စိုး(မဟာမြိုင်ဆေးရုံဒါရိုက်တာ)-ဒေါ်ပပသင်း၊ (ဦးအောင်ကိုကိုဦး)-ဒေါ်ခင်သက်နွယ်၊ ဒေါ်ခိုင်ခိုင်ထွန်းတို့၏ ကျေးဇူးရှင် မိခင်ကြီးဒေါ်ရွှေသက်သည် ၂၆-၁၁-၂၀၂၀ (ကြာသပတေးနေ့) မွန်းလွဲ ၁:၁၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

Operation Director ၊ ဆရာဝန်များနှင့် မဟာမြိုင်ဆေးရုံမိသားစုဝန်ထမ်းများ

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ စေတီ၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**

### သီရိသုဓမ္မသိင်္ဂီ ဒေါ်ရွှေသက်

**အသက်(၈၆)နှစ်**

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ရွှေတောင်ကြား(၁)ရပ်ကွက်၊ ရွှေတောင်ကြား(၁)လမ်း၊ အမှတ်၉၀ (L)နေ (ဦးတင်-ဒေါ်လှ)တို့၏သမီး၊ (ဝန်ကြီးချုပ်ရုံးဝန်ကြီး၊ ဗိုလ်မှူးချုပ်သီရိပျံချီလွန်းမောင်)၏ ဇနီး၊ ပြည်ထဲရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိုးထွန်း- ဒေါ်နီလာစိန်၊ ဦးမျိုးလွင်- ဒေါ်ခင်မိုးမိုးထွန်း၊ ဦးဆန်းလွင် (မဟာမြိုင်ဆေးရုံဒါရိုက်တာ)-ဒေါ်ခင်မာအေး၊ ဦးညာဏ်မြင့်စိုး-ဒေါ်ဆွေမျိုးချစ်၊ ဦးဖုန်းကျော်စိုး(မဟာမြိုင်ဆေးရုံဒါရိုက်တာ)-ဒေါ်ပပသင်း၊ (ဦးအောင်ကိုကိုဦး)-ဒေါ်ခင်သက်နွယ်၊ ဒေါ်ခိုင်ခိုင်ထွန်းတို့၏ ကျေးဇူးရှင် မိခင်ကြီးဒေါ်ရွှေသက်သည် ၂၆-၁၁-၂၀၂၀ (ကြာသပတေးနေ့) မွန်းလွဲ ၁:၁၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ဦးခင်မောင်မြင့်(ခ) ဦးရှိုးတီ(မဟာမြိုင်ဆေးရုံဒါရိုက်တာ)-ဒေါ်စန်းစန်းမြင့် မိသားစု

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ စေတီ၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**

### သီရိသုဓမ္မသိင်္ဂီ ဒေါ်ရွှေသက်

**အသက် (၈၆) နှစ်**

ပြည်ထဲရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဗိုလ်ချုပ်ကြီးစိုးထွန်းနှင့်ဇနီး ဒေါ်နီလာစိန်တို့၏ ချစ်လှစွာသောမိခင် သီရိသုဓမ္မသိင်္ဂီ ဒေါ်ရွှေသက်သည် ၂၆-၁၁-၂၀၂၀ (ကြာသပတေးနေ့) မွန်းလွဲ ၁:၁၅ နာရီတွင် ကွယ်လွန်သွားကြောင်း သိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

ရဲမှူးကြီးခင်ကျော် - ဇနီး ဒေါ်တင်တင်ဝင်းနှင့်
တနင်္သာရီတိုင်းဒေသကြီးရဲတပ်ဖွဲ့ဝင်များနှင့် မိသားစုများ

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ စေတီ၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**

### သီရိသုဓမ္မသိင်္ဂီ ဒေါ်ရွှေသက်

**အသက်(၈၆)နှစ်**

ပြည်ထဲရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိုးထွန်းနှင့် ဇနီးဒေါ်နီလာစိန်တို့၏ချစ်လှစွာသော ကျေးဇူးရှင်မွေးသမိခင် ဘုရား၊ စေတီ၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး သီရိသုဓမ္မသိင်္ဂီ ဒေါ်ရွှေသက်သည် ၂၆-၁၁-၂၀၂၀ (ကြာသပတေးနေ့) မွန်းလွဲ ၁:၁၅နာရီတွင် ကွယ်လွန်ကြောင်းသိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ရဲမှူးကြီးတင်ဇော်ထွန်း - ဇနီးဒေါ်မိုးမိုးခိုင်နှင့်
ဧရာဝတီတိုင်းဒေသကြီးရဲတပ်ဖွဲ့ဝင်များနှင့်မိသားစုများ

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ စေတီ၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**

### သီရိသုဓမ္မသိင်္ဂီဒေါ်ရွှေသက်

**အသက် (၈၆) နှစ်**

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ရွှေတောင်ကြား(၁)ရပ်ကွက်၊ ရွှေတောင်ကြား(၁)လမ်း၊ အမှတ် (၉၀-L)နေ (ဝန်ကြီးချုပ်ရုံးဝန်ကြီး-သီရိပျံချီ ဗိုလ်မှူးချုပ် လွန်းမောင်)၏ ချစ်လှစွာသောဇနီး၊ ပြည်ထဲရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးစိုးထွန်း- ဒေါ်နီလာစိန်တို့၏ ကျေးဇူးရှင်မွေးသမိခင် ဒေါ်ရွှေသက်သည် ၂၆-၁၁- ၂၀၂၀ (ကြာသပတေးနေ့) မွန်းလွဲ ၁:၁၅ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

တပ်ဖွဲ့မှူးနှင့်ဇနီး၊ တပ်ဖွဲ့ဝင်များနှင့် မိသားစုများ
လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ စေတီ၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**

### သီရိသုဓမ္မသိင်္ဂီ ဒေါ်ရွှေသက်

**အသက်(၈၆)နှစ်**

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ရွှေတောင်ကြား(၁)ရပ်ကွက်၊ ရွှေတောင်ကြား(၁)လမ်း၊ အမှတ်၉၀ (L)နေ (ဝန်ကြီးချုပ်ရုံးဝန်ကြီး၊ ဗိုလ်မှူးချုပ်သီရိပျံချီလွန်းမောင်)၏ ချစ်လှစွာသောဇနီး ဒေါ်ရွှေသက်သည် ၂၆-၁၁-၂၀၂၀ (ကြာသပတေးနေ့) မွန်းလွဲ ၁:၁၅ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

OTS (30) ကျောင်းဆင်းအရာရှိများနှင့်ဇနီးများ

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**

### ဒေါ်ခင်မျိုးဦး

**အသက် (၇၃) နှစ်**

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ အောင်မင်းခေါင်ဘုရားလမ်းနေ ဗိုလ်ချုပ်ညွန့်တင် [လယ်/ဆည်ဝန်ကြီး(ငြိမ်း)]၏ ချစ်လှစွာသောဇနီး၊ ဒေါက်တာကျော်မျိုးညွန့်- ဒေါက်တာရွှေယဉ်မင်းဦး၊ ဒေါက်တာ သဲထက်ဦး- ဒေါက်တာ သူသူအိဟန်တို့၏ ကျေးဇူးရှင်မွေးသမိခင်၊ မြေးလေးယောက်တို့၏ အဘွား ဒေါ်ခင်မျိုးဦးသည် ၂၄-၁၁-၂၀၂၀ (အင်္ဂါနေ့) ညနေ ၅:၄၀ နာရီတွင် ကွယ်လွန်ကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ဦးထွန်းထွန်း-ဒေါ်ကြည်ကြည်လွင်(သမီး) ပေရယ်ထွန်း မိသားစု

## အထူးဝမ်းနည်းကြေကွဲခြင်း

### ဦးမင်းအောင်

**အသက်(၆၀)**

**ဌာနမှူး၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

စစ်တက္ကသိုလ် အမှတ်စဉ်(၂၄) မှ သူငယ်ချင်း ဗိုလ်ကြီးမင်းအောင်(ငြိမ်း) သည် ၂၆-၁၁-၂၀၂၀ (ကြာသပတေးနေ့) ညနေ ၄:၄၅ နာရီတွင် တပ်မတော်အသည်းဆေးရုံကြီး၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

ညီနောင်(၂၄)သူငယ်ချင်းများနှင့် မိသားစုများ

## အထူးဝမ်းနည်းကြေကွဲခြင်း

### ဦးတင်အေး(အသုတ်)

**အသက်(၉၂)နှစ်**

ဆေးသုတေသနဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ်(ငြိမ်း) ဒေါက်တာ ဒေါ်ခင်စောအေး၏ ချစ်လှစွာသောဖခင် ဦးတင်အေးသည် ၂၁-၁၁-၂၀၂၀ ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ကြေကွဲဝမ်းနည်းရပါသည်။

မြန်မာနိုင်ငံရောဂါဗေဒဆရာဝန်များအဖွဲ့

## ကျေးဇူးတင်ဝမ်းမြောက်ကြောင်း

